# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက် ၂၀၁၅ ခုနှစ်၊ မေ ၉ ရက်၊ စနေနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၁၆]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၆၅)နှစ်မြောက် ဥရောပနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် မေ ၉**

၂၀၁၅ ခုနှစ် မေ ၉ ရက်တွင် ကျရောက်သော (၆၅)နှစ်မြောက် ဥရောပနေ့ အထိမ်းအမှတ်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဥရောပသမဂ္ဂကောင်စီ ဥက္ကဋ္ဌ မစ္စတာဒေါ့နယ်လ် တာ့ခ်(စ်)ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

*စာမျက်နှာ ၃ ကော်လံ ၅* ✻

# ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရန်လို



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျိုင်းတုံ ကက်သလစ်သာသနာ ဂိုဏ်းအုပ်ဆရာတော် ဘီးရှော့ပီတာလွိစ်ကျာခူနှင့် သင်းအုပ်ဆရာတော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

သတင်း၊ စာမျက်နှာ-၃ (ဓာတ်ပုံ-မြန်/ဆက်)

## ပြည်သူလူထုအား ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးရာတွင် ကော်မရှင်သာမက နိုင်ငံရေးပါတီများလည်း ပူးပေါင်းဆောင်ရွက်ပေးရန်လို

စာမျက်နှာ-၅

## မြိုင်မြိုင်ဆိုင်ဆိုင်ဆင်နွှဲနေသည့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

စာမျက်နှာ-၇




မြန်မာနိုင်ငံအတွက် သနပ်ခါးထက် ပိုပြီးကောင်းမွန်တဲ့ နေရောင်ကာ ပစ္စည်းမရှိ

ကျွန်မကဒေါ်ဝင်းစုစုထွဋ်ပါ။ ကျွန်မတို့ရုံးအဖွဲ့ ပိတ်ရက်မှာ ပုဂံ၊ ညောင်ဦး ခရီးသွားခဲ့ကြပါတယ်။ အညာဒေသကလည်း အရမ်းပူတော့ အကျီလွတ်တဲ့နေရာ(လက်တို့၊ ခြေတို့) တွေဆို နေလောင်ဒဏ်ခံခဲ့ရတယ်။ နေလောင်တဲ့ဒဏ်ကြောင့် ကျွန်မမျက်နှာဆိုရင် မဖြူရတဲ့အထဲ မည်းပြာသွားတယ်။ ဒီကြားထဲ အသားတွေယားယံပြီး မိတ်ဖုတွေလည်း ထွက်လာသေးတယ်။ အစ်မတစ်ယောက်ကသူယူလာတဲ့ **ရွှေပြည်နန်းခရေသနပ်ခါး**ကို လာပေးပါတယ်။ လိမ်းကြည့်လိုက်တာ မိတ်ဖုတွေ သက်သာလာခဲ့တယ်။ **ရွှေပြည်နန်းအစိမ်းရောင်သနပ်ခါး**ကို လိမ်းလိုက် နေလောင်ဒဏ်ကာကွယ်တယ်လို့လည်း ပြောပါတယ်။ ခရီးကပြန်ရောက်တော့ အိမ်မှာဆက်ပြီး လိမ်းခဲ့တယ်။ (၁၅)ရက်လောက်ကြာတော့ ကျွန်မအသားအရေ ဝင်းလာတယ်။ မိတ်ဖုတွေကတော့ အရှင်းပျောက်သွားတယ်။ ဝယ်ယူသုံးကြည့်တော့ ရွှေပြည်နန်းအမျိုးအစားတစ်ခုစီမှာ အကျိုးထူးလေးတွေရှိမှန်း သိလိုက်ရတယ်။ အလွန်တစ်ရာမှ ကောင်းမွန်သော နည်းပညာများနဲ့ ဖော်စပ်ထားတဲ့ ရွှေပြည်နန်းသနပ်ခါးကုမ္ပဏီကို ထာဝရအောင်မြင်ပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ **ယုံကြည်စွာနဲ့ အမြဲသုံးစွဲလျက်ပါ**။ ကျေးဇူးလည်းတင်ပါတယ် ရွှေပြည်နန်းရယ်...

ဒေါ်ဝင်းစုစုထွဋ် (Admin Head, KTN Logistic & Transportation)

ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ။ဒေါ်သီတာအောင် (EATON LOGISTIC CO.,LTD.)

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

ဒေါ်ဝင်းစုစုထွဋ်

# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## လျှပ်စစ်သုံးစွဲမှု စည်းကမ်းရှိဖို့လိုသည်

မြို့ပြများနေပြည်သူများ၏ လူနေမှုအဆင့် မြင့်မားတိုးတက်လာမှုနှင့်အတူ လျှပ်စစ်ဓာတ်အား သုံးစွဲမှုမှာလည်း အဆပေါင်းများစွာ များပြားလာလျက်ရှိပါသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် တရားဝင်သုံးစွဲမှုများရှိသော်လည်း တရားမဝင်သုံးစွဲမှုများလည်း ရှိနေဆဲဖြစ်ပါသည်။

တရားမဝင်သုံးစွဲမှုများကို ထိရောက်စွာထိန်းချုပ်နိုင်ပါမှ ဓာတ်အားယူနစ်ပျောက်ဆုံးမှုများ လျော့နည်းကာ လျှပ်စစ်ဓာတ်အားအပြည့်အဝ သုံးစွဲလာနိုင်မည်ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် တရားမဝင်သုံးစွဲခွင့်မရှိပါ။ မိမိအိမ်နှင့် စက်ရုံများတွင်တပ်ဆင်ထားသော မီတာများကို မိမိသဘောအရ နေရာပြောင်းရွှေ့ခြင်း၊ မီတာကိုပြုပြင်၍ ဓာတ်အားခိုးယူသုံးစွဲခြင်း၊ ခွင့်ပြုထားသောမီတာမှထပ်ဆင့် ဖြန့်ဖြူးခြင်းတို့ကိုပြုလုပ်ခွင့်မရှိပါ။ တရားမဝင်သုံးစွဲမှုဖြင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည်ဖြစ်ပါသည်။

ယခုအခါ မြို့နယ်၊ ရပ်ကွက်၊ လမ်း၊ နေအိမ်အသီးသီးတို့၌ လျှပ်စစ်ဓာတ်အားကို ယခင်ကထက် ပိုမိုသုံးစွဲလာသည်ကို တွေ့ရပါသည်။ ရပ်ကွက်လမ်းအများစုတို့၌ ဓာတ်တိုင်များမှ တိုက်ရိုက်သွယ်ယူကာသုံးစွဲကြပါသည်။ သို့သော် အချို့သောလမ်းများမှ သုံးသင့်သောမီးချောင်း၊ မီးပွင့်အရေအတွက်ထက်များစွာထား၍ ဓာတ်အားလေလွင့်မှုများလည်း ဖြစ်ပေါ်လျက်ရှိပါသည်။ အချို့သောလမ်းများတွင် လမ်းမီးများထွန်းပေးရာ၌ အမှန်တကယ် လမ်းသွားလမ်းလာများအတွက် အကျိုးမဖြစ်စေဘဲ ဓာတ်တိုင်အနီးရှိ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များမီးလင်းစေရန် နိုင်ငံပိုင်လျှပ်စစ်ဓာတ်အားကို ကိုယ်ကျိုးအတွက် တလွဲသုံးစွဲနေသည်ကိုလည်း တွေ့မြင်နေရပါသည်။

လျှပ်စစ်ဓာတ်အားကို တလွဲသုံးခြင်း၊ မသမာသောနည်းလမ်းဖြင့်အသုံးပြုခြင်းသည် ဓာတ်အားခိုးယူမှုပင်ဖြစ်ပါသည်။ ဓာတ်အားခိုးယူမှုများပြားလာသည်နှင့်အမျှ ဓာတ်အားယူနစ်ပျောက်ဆုံးမှုများ ဖြစ်ပေါ်ကာအများပြည်သူသုံးစွဲရမည့် ဓာတ်အားများလျော့ကျခြင်း၊ နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်သော ဓာတ်အားခများဆုံးရှုံးခြင်းတို့ဖြစ်ပေါ်နိုင်ပါသည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် တရားမဝင် ဓာတ်အားသုံးစွဲမှုများကို နှစ်စဉ်စိစစ်ဖော်ထုတ်အရေးယူမှုများ ပြုလုပ်လျက်ရှိပါသည်။ တရားမဝင်ဓာတ်အားသုံးစွဲမှုများကို စိစစ်ဖော်ထုတ်လျက်ရှိရာ ပြီးခဲ့သည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တရားမဝင်ဓာတ်အားသုံးစွဲသူ ၁၉၄၉ ဦးစိစစ်တွေ့ရှိခဲ့ပြီး မြန်မာကျပ်ငွေ ၆၆၂ ဒသမ ၈၁၇ သန်းနှင့် အမေရိကန်ဒေါ်လာ ၂၅၃၇ ဒသမ ၈၄ ရရှိခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ၂၀၁၅ ခုနှစ် ဇန်နဝါရီလကုန်အထိ တရားမဝင်ဓာတ်အားသုံးစွဲသူ ၁၅၇၁ ဦး စိစစ်တွေ့ရှိခဲ့ပြီးမြန်မာကျပ်ငွေ ၅၄၁ ဒသမ ၆၂၇ သန်းရရှိခဲ့ကြောင်း သိရပါသည်။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် နှစ်စဉ် လျှပ်စစ်ဓာတ်အားကို တရားမဝင်စည်းကမ်းမဲ့စွာ သွယ်ယူအသုံးပြုနေကြသည်ကို အထင်အရှားတွေ့နိုင်လိမ့်မည်ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အား ယူနစ်များပျောက်ဆုံးခြင်းသည် နိုင်ငံတော်ဘဏ္ဍာငွေများ ထိခိုက်ဆုံးရှုံးနေခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပြည်သူ့ဘဏ္ဍာများထိခိုက်ဆုံးရှုံးနေခြင်းဖြစ်ပါသည်။ သို့ပါ၍ တရားမဝင်ဓာတ်အားသုံးစွဲမှုများကို ဝိုင်းဝန်းတားဆီးကြဖို့ လိုအပ်ပါသည်။ လျှပ်စစ်ဓာတ်အားကို စည်းကမ်းရှိရှိသုံးစွဲကြခြင်းဖြင့် ဓာတ်အားပျောက်ဆုံးမှုများကို ကာကွယ်နိုင်မည့်အပြင် ပြည်သူများဓာတ်အားအပြည့်အဝ သုံးစွဲလာနိုင်ကြမည်ဖြစ်ပါကြောင်း။ ။

# အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၈**

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဝန်ကြီးဌာနလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၇ ရက်က အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒုတိယဝန်ကြီး ဒေါ်လှဲ့လှဲ့သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသစီမံကိန်း ဦးစီးမှူးများ၊ ဦးစီးဌာနများမှ အရာထမ်းများ စုစုပေါင်း ၁၄၀ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အမှာစကားပြောကြားရာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်သည် ပထမ ငါးနှစ်စီမံကိန်း(၂၀၁၁-၂၀၁၅) ၏ နောက်ဆုံးနှစ်ဖြစ်သကဲ့သို့ ဒုတိယ ငါးနှစ်စီမံကိန်း(၂၀၁၆-၂၀၂၁)၏ အခြေခံနှစ်ဖြစ်၍ နိုင်ငံတော်အတွက် အရေးကြီးကြောင်း၊ ပထမ ငါးနှစ်စီမံကိန်း၏ မျှော်မှန်းချက်များ အကောင်အထည်ဖော်ပြီးစီးမှုများကို ပွင့်လင်းမြင်သာစွာ တင်ပြကြရန်၊ စာရင်းကိန်းဂဏန်းများ မှန်ကန်တိကျရေးနှင့် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရာတွင် စီမံကိန်းမှူးများသည် အခြားဝန်ကြီးဌာနများ၊ ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများမှ ရေးဆွဲထားသည့် ကဏ္ဍအလိုက် စီမံကိန်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်များက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မိမိဦးစီးဌာနအလိုက် ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် တာဝန်ခံများကစီမံကိန်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း တင်ပြဆွေးနွေးကြသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးမှ ဦးစီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်း အကောင်အထည်ဖော်မှု ပြည့်စုံမှန်ကန် ရုပ်လုံးပေါ်ရေးနှင့် အမျိုးသားစီမံကိန်း၏ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးနိုင်ခဲ့ကြောင်းနှင့် အစည်းအဝေးကို မေ ၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ထင်သာမြင်သာပြုပြင်စရာ



# ရွာသစ်ချောင်းပေါ်ကျူးကျော်အသုံးပြုမှုများ ဖယ်ရှားစေလို

**ရန်ကုန် မေ ၈**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့တစ်မြို့လုံးရှိ ရေနုတ်မြောင်းများချဲ့ခြင်း၊ တူးဖော်ခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ငွေကျပ်သိန်းပေါင်းသုံးသောင်းခန့် အကုန်အကျခံကာ ဆောင်ရွက်ခဲ့သည်။ ယခုမေလပထမပတ်တွင် အလုံမြို့နယ်နှင့် လမ်းမတော်မြို့နယ်ကြားရှိ ထောရွာသစ် ချောင်းမြေထိန်း အုတ်နံရံအသစ်ကို စက်ယန္တရားများဖြင့် ပြန်လည် တည်ဆောက်နေသည်ကို မြင်တွေ့ရသည်။

လမ်းမတော်မြို့နယ်အတွင်းရှိ ရွာသစ်ချောင်းသို့စီးဝင်သော ကျုံးကြီးမြောင်းတစ်လျှောက် မြေထိန်းအုတ်နံရံများ နေရာအများအပြားတွင် ပျက်စီးမှုရှိနေသည်။ ထို့ပြင် ရေနုတ်မြောင်းပေါ်တွင် မီးစက်ကြီးများ၊ အဆောက်အအုံများ ဆောက်လုပ်ထားသည်ကိုလည်း မြင်တွေ့ရသည်။ မြောင်းဖုံးထားသော ဘုန်းကြီးလမ်းမှ လမ်းမတော်အတွင်းတွင်မူ စားသောက်ဆိုင်ငယ်အချို့ ဖွင့်ထားခြင်း၊ ရုံးဖွင့်ထားခြင်းများ မြင်တွေ့ရသည်။ အင်အားကြီး မီးစက်ကြီးမောင်းနှင်အသုံးပြုချိန်တွင် မီးစက်တုန်ခါမှုအင်အားပြင်းသဖြင့် ရေနုတ်မြောင်းမြေထိန်းနံရံများ ပျက်စီးမှုဖြစ်စေနိုင်သည်ဟု ကြည့်မြင်တိုင်မြို့နယ်တွင် အလုပ်တာဝန် ထမ်းဆောင်ခဲ့သော အငြိမ်းစား ပညာရေးဝန်ထမ်းတစ်ဦးက သုံးသပ်ပြောပြသည်။

ရေနုတ်မြောင်းများပေါ် ကျူးကျော်ဆောက်လုပ် အသုံးပြုနေမှုများ အမှိုက်လွယ်လင့်တကူ စွန့်ပစ်ခြင်းများမရှိရန်၊ မြောင်းကူးတံတားများအနီး ရွှံ့လျှား ဘီးတပ်အမှိုက်ပုံးကြီးများ၊ ဈေးဆိုင်များ ရှင်းလင်းဖယ်ရှားရန် လိုအပ်သည်ဟု လမ်းမတော်မြို့နယ်တွင် နေထိုင်သူတစ်ဦးကဆိုသည်။

**ခင်ဆိုင်**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၈-၅-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၀၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၁၅၀၀ |

### စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

### သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

### နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၁၀-၁၁၁၈ |
| ဥရောပ | တစ်ယူရို | ၁၂၄၀-၁၂၅၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၂၅-၈၃၅ |
| ထိုင်း | တစ်ဘတ် | ၃၄-၃၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၆.၈-၁၈ |
| တရုတ် | တစ်ယွမ် | ၁၇၅-၁၈၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀-၃၀၈ |

### ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

| | | |
|---|---|---|
| နွမ်းဆန် (အသစ်) | တစ်အိတ် | ၁၇၅၀၀-၁၈၀၀၀ |
| ပေါ်ကျွဲ | တစ်အိတ် | ၂၆၅၀၀-၂၈၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၇၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၄၅ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၇၅-၄၂၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၁၀၀-၁၅၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၂၁၀၀-၂၁၅၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၅၀၀-၇၀၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၃၀၀၀-၃၁၅၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၂၀၀ |
| သကြား | တစ်ပိဿာ | ၁၀၀၀-၁၀၃၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိ နိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

# ဒေသစွဲ၊ လူမျိုးစွဲကင်းစင်သည့် စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ

ကျိုင်းတုံ မေ ၈

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ ကက်သလစ်သာသနာပြုကျောင်းတိုက်သို့ ရောက်ရှိပြီး ကျိုင်းတုံကက်သလစ်သာသနာ ဂိုဏ်းအုပ်ဆရာတော် ဘီးရှော့ပီတာလွိစ်ကျာခူနှင့် ခရစ်ယာန်ဂိုဏ်းပေါင်းစုံအသင်းတော်မှ သင်းအုပ်ဆရာတော်များ၊ ခရစ်ယာန်လူငယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကျိုင်းတုံကက်သလစ်သာသနာ ဂိုဏ်းအုပ်ဆရာတော်က အမှတ်တရ လက်ဆောင်ပေးအပ်စဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

ထို့နောက် နိုင်ငံတော်သမ္မတက သာသနာပြုကျောင်းတိုက် ခန်းမ၌ ကျိုင်းတုံ ကက်သလစ်သာသနာ ဂိုဏ်းအုပ်ဆရာတော် ဘီးရှော့ပီတာလွိစ်ကျာခူနှင့် ဘာသာရေးခေါင်းဆောင်များအား နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ပြောကြားသည်။

ယင်းနောက် ကျိုင်းတုံ ကက်သလစ်သာသနာ ဂိုဏ်းအုပ်ဆရာတော် ဘီးရှော့ပီတာလွိစ်ကျာခူက ကျေးဇူးတင်စကားပြောကြားပြီး နိုင်ငံတော်နှင့် နိုင်ငံတော်သမ္မတကြီးအတွက် ဆုမွန်ကောင်းတောင်းပေးခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ကျိုင်းတုံ ကက်သလစ်အသင်းတော်နှင့် လားဟူ၊ ရှမ်း၊ အာခါ၊ “ဝ”နှင့် တပ်နယ် ခရစ်ယာန်အသင်းတော်များအတွက် ဆန်အိတ် ၅၀၀၊ ဆီပိဿာ ၅၀ နှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ပြီးနောက် နိုင်ငံတော်သမ္မတအား ကျိုင်းတုံကက်သလစ်သာသနာ ဂိုဏ်းအုပ်ဆရာတော်က အမှတ်တရ လက်ဆောင်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျိုင်းတုံမြို့တော်ခန်းမ၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မြို့တော်ခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ရှမ်းပြည်နယ် ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက တစ်နိုင်ငံလုံး လျှပ်စစ်ရရှိရေးအတွက် ရေတိုရေရှည် ဆောင်ရွက်နေမှု၊ ကျိုင်းတုံဒေသ လျှပ်စစ်ရရှိရေးအတွက် ဆောင်ရွက်ပေးသွားမည့် အစီအမံများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီ နည်းစနစ်များဖြင့် ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ကုန်သွယ်မှုတိုးမြှင့်နိုင်ရန်အတွက် နယ်စပ်ကုန်သွယ်ရေးစခန်းများ တိုးမြှင့်ဖွင့်လှစ်နိုင်မှု၊ အနာဂတ်တွင် ကုန်သွယ်မှုလုပ်ငန်းများ ယခုထက် ပိုမိုမြှင့်တင်နိုင်ရန် ဆောင်ရွက်သွားမည့် အစီအမံများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် နယ်စပ်ဒေသများ တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက မှာကြားရာတွင် အစိုးရအဖွဲ့အနေဖြင့် ပြည်သူ့ဆန္ဒနှစ်ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး ဆောင်ရွက်ခဲ့ပါကြောင်း၊ ဒီမိုကရေစီအတွေ့အကြုံနှင့် ဒီမိုကရေစီအလေ့အကျင့် နည်းပါးသည့် မိမိတို့နိုင်ငံတွင် စနစ်တစ်ခုမှ စနစ်တစ်ခုသို့ ပြောင်းလဲရာ၌ သတိကြီးစွာထားပြီး အဆင့်ဆင့်ဆောင်ရွက်ခဲ့ရပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်သည့်အတွက် မိမိတို့နှင့်တစ်ချိန်တည်းနီးပါး ဒီမိုကရေစီအသွင် ကူးပြောင်းရေးကို ဆောင်ရွက်ခဲ့သည့် အရှေ့အလယ်ပိုင်းနိုင်ငံများ၌ စစ်ပွဲများ၊ ပဋိပက္ခများနှင့် ကြုံတွေ့နေရပြီး နိုင်ငံများပြိုကွဲလုနီးပါး ဖြစ်နေချိန်တွင် မြန်မာနိုင်ငံ၌ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို ညင်သာချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မိမိတို့အစိုးရ တာဝန်ယူပြီးနောက်ပိုင်း နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ မြှင့်တင်ရေးတို့ကို ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုတွင် နိုင်ငံရေးအဖွဲ့အစည်းများ တည်ငြိမ်အေးချမ်းမှု ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် နိုင်ငံသားတိုင်း ပါဝင်ခွင့်ရနိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့အပြင် မိမိတို့အစိုးရအနေဖြင့် ပြည်သူလူထု၏ လိုချင်တောင့်တဆုံးဖြစ်သည့် ငြိမ်းချမ်းရေးရရှိရန် အစိုးရတာဝန်ယူပြီး သုံးလအကြာတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေး စတင်ကမ်းလှမ်းခဲ့ပါကြောင်း၊ မိမိတို့အားလုံးနှင့် တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးသည် မတူကွဲပြားမှုများရှိသော်လည်း တိုင်းပြည်ကိုချစ်သည့် စိတ်ဓာတ်မှာ တူညီပါကြောင်း၊ သို့ဖြစ်၍ ယခုဆိုလျှင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် လက်ဆွဲနှုတ်ဆက်နိုင်ရုံသာမက စားပွဲဝိုင်း၌ပင် ဆွေးနွေးနိုင်ပြီဖြစ်ပါကြောင်း၊ ယခုအချိန်တွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး မူကြမ်းကို သဘောတူညီပြီးဖြစ်ရာ မကြာမီတွင် လက်မှတ်ရေးထိုးနိုင်တော့မည်ဖြစ်ပါကြောင်း၊ အပစ်အခတ်ရပ်စဲပြီး နောက်ပိုင်းတွင် ထာဝရငြိမ်းချမ်းရေးရရှိအောင် နိုင်ငံရေးဆွေးနွေးပွဲများ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

စီးပွားရေး ပြုပြင်ပြောင်းလဲမှုကဏ္ဍတွင် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ဖော်ဆောင်ပေးခဲ့ပါကြောင်း၊ သဘာဝသယံဇာတများကို ထိရောက်စွာအသုံးချနိုင်ရန်အတွက် နည်းပညာ၊ အရင်းအနှီးနှင့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်ပါကြောင်း။

ယခုဆိုလျှင် လူတိုင်းနီးပါး မိုဘိုင်းဖုန်းများ ကိုင်တွယ်နိုင်ပြီဖြစ်သည့်အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများကို အကျိုးပြုနိုင်ပါကြောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသကို လျှပ်စစ်မီးရရှိအောင် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ လျှပ်စစ်မီးရရှိပါက စက်ရုံ အလုပ်ရုံများ ပေါ်ထွက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း။

ကျိုင်းတုံဒေသသည် ငြိမ်းချမ်းနေပြီဖြစ်သည့်အတွက် ကျိုင်းတုံ-တာချီလိတ် ကားလမ်းမှာလည်း ကောင်းမွန်နေပြီး ရာသီမရွေး သွားလာနိုင်ပြီဖြစ်ပါကြောင်း၊ ကျိုင်းတုံဒေသတွင် တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တို့လည်း ရှိနေပြီဖြစ်ပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုတွင်လည်း ခုတင် (၂၀၀)ဆေးရုံ ရှိနေပြီဖြစ်ပါကြောင်း၊ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည်မှာ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရန် လိုအပ်ပါကြောင်း၊ ဒေသစွဲ၊ လူမျိုးစွဲများကြောင့် ပြည်တွင်းပဋိပက္ခများ နှစ်ပေါင်း ၆၀ ကျော် ဖြစ်ပွားခဲ့သည့်အတွက် ဒေသစွဲ၊ လူမျိုးစွဲကင်းစင်သည့် စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ် မွေးမြူသွားကြရန် လိုအပ်ပါကြောင်းဖြင့် မှာကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ကျိုင်းတုံကွန်ပျူတာတက္ကသိုလ်နှင့် ကျိုင်းတုံနည်းပညာတက္ကသိုလ်တို့သို့ သွားရောက်ခဲ့ပြီး ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက ဆရာ ဆရာမများအား ကျောင်းသား ကျောင်းသူများကို အတတ်ပညာကျွမ်းကျင်သော၊ ကိုယ်ကျင့်တရားကောင်းမွန်သော၊ စည်းကမ်းကောင်းသော၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ် (ပြည်ထောင်စုစိတ်ဓာတ်) ရှိသော ဘက်စုံထူးချွန်သူများ ဖြစ်အောင် လေ့ကျင့်သင်ကြားပေးရေးတို့ကို မှာကြားခဲ့ပြီး ဆရာ ဆရာမများ၏ လိုအပ်သော အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

*** ရှေ့ဖုံးမှ**

၂၀၁၅ ခုနှစ် မေ ၉ ရက်တွင် ကျရောက်သော (၆၅)နှစ်မြောက် ဥရောပနေ့ အထိမ်းအမှတ်အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဥရောပသမဂ္ဂကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ဂျွန် ကလော့ ဂျန်ကာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တိုင်းရင်းသားအဖွဲ့ သုံးဖွဲ့မှ ခေါင်းဆောင်များအား ကျိုင်းတုံမြို့၌တွေ့ဆုံ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆွေးနွေး

**ကျိုင်းတုံ မေ ၈**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲ ပိုင်းတွင် 'ဝ'အထူးဒေသ(၂)မှ ဦးပေါက်ယူရီ ဦးဆောင်သည့် အဖွဲ့အားလည်းကောင်း၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် (RCSS/SSA) ဥက္ကဋ္ဌ ဦးရွက်ဆစ် ဦးဆောင်သောအဖွဲ့အားလည်းကောင်း၊ မိုင်းလားအထူးဒေသ(၄)ဥက္ကဋ္ဌ ဦးစိုင်းလင်း ဦးဆောင်သော အဖွဲ့အားလည်းကောင်း ကျိုင်းတုံမြို့ ရွှေတြိဂံရိပ်သာ၌ သီးခြားစီတွေ့ဆုံခဲ့သည်။

ထိုကဲ့သို့တွေ့ဆုံရာတွင် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။ ယခုဆွေးနွေးပွဲတွင် တိုင်းရင်းသားအဖွဲ့သုံးဖွဲ့မှ ခေါင်းဆောင်များက နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထောက်ခံကြောင်း၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အမြန်ဆုံးလက်မှတ်ရေးထိုးနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံအတည်ပြု ပြောကြားသည်။ **(သတင်းစဉ်)**





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် 'ဝ'အထူးဒေသ(၂)မှ ဦးပေါက်ယူရီအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။(အပေါ်ပုံ)နှင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ 'ဝ'အထူးဒေသ(၂)မှ ဦးပေါက်ယူရီ ဦးဆောင်သည့် အဖွဲ့နှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးစဉ်။ (ယာပုံ)
(ဓာတ်ပုံ-ပြန်/ဆက်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် (RCSS/SSA) ဥက္ကဋ္ဌ ဦးရွက်ဆစ် ဦးဆောင်သောအဖွဲ့နှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးစဉ်။
(ဓာတ်ပုံ-ပြန်/ဆက်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် (RCSS/SSA) ဥက္ကဋ္ဌ ဦးရွက်ဆစ်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(ဓာတ်ပုံ-ပြန်/ဆက်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိုင်းလားအထူးဒေသ(၄)ဥက္ကဋ္ဌ ဦးစိုင်းလင်းအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(ဓာတ်ပုံ-ပြန်/ဆက်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ မိုင်းလားအထူးဒေသ(၄)ဥက္ကဋ္ဌ ဦးစိုင်းလင်း ဦးဆောင်သောအဖွဲ့နှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးစဉ်။
(ဓာတ်ပုံ-ပြန်/ဆက်)

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာ-အမေရိကန် ကုန်သည်ကြီးများအသင်းနှင့်တွေ့ဆုံ

**ရန်ကုန် မေ ၈**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့သည် မြန်မာ-အမေရိကန် ကုန်သည်ကြီးများအသင်းနှင့် မေ ၆ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် နယူးယောက်မြို့ WYNDHAM GARDEN အဆောက်အအုံရှိ မြန်မာ-အမေရိကန် ကုန်သည်ကြီးများအသင်းရုံးချုပ်၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယကက မြန်မာနိုင်ငံ၌ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေပါကြောင်း၊ အမေရိကန်စီးပွားရေးလုပ်ငန်းများအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်း၊ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ခြင်းမှတစ်ဆင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

**(သတင်းစဉ်)**





# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်နိုင်ငံ နယူးယောက်မြို့မှ ပြန်လည်ထွက်ခွာ

**ရန်ကုန် မေ ၈**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မေ ၆ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် နယူးယောက်မြို့ John F. Kennedy လေဆိပ်မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ လေဆိပ်၌ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်တင်နှင့် သံရုံးဝန်ထမ်းများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

၎င်းမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်အပြည်ပြည် ဆိုင်ရာလေဆိပ်သို့ မေ ၇ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၂၀ တွင် ရောက်ရှိကြပြီး မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ည ၁၀ နာရီ ၃၅ မိနစ် တွင် ပြန်လည်ရောက်ရှိကြသည်။ **(ဓာတ်ပုံ)**

**(သတင်းစဉ်)**

# ပြည်သူလူထုအား ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးရာတွင် ကော်မရှင်သာမက နိုင်ငံရေးပါတီများလည်း ပူးပေါင်းဆောင်ရွက်ပေးရန်လို

**နေပြည်တော် မေ ၈**

ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး သင်တန်းအမှတ်စဉ် (၁/၂၀၁၅)ဖွင့်ပွဲအခမ်းအနားကို မေ ၇ ရက် နံနက် ၈ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး တက်ရောက် အမှာစကားပြောကြားသည်။



ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အမှာစကား ပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် သင်တန်း၏ ရည်ရွယ်ချက်မှာ ရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများသည် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များနှင့် အမိန့်ညွှန်ကြားချက်များကို သိရှိနားလည်ပြီး မိမိတာဝန်ယူရမည့် လုပ်ငန်းပိုင်းတွင် ကျွမ်းကျွမ်းကျင်ကျင်၊ ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်နိုင်စေရန်နှင့် ရွေးကောက်ပွဲကို ဥပဒေနှင့်အညီ လွတ်လပ်မျှတပြီး ပွင့်လင်းမြင်သာစွာ ကျင်းပပေးနိုင်ရန်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များကို အနည်းနှင့်အများ သိရှိပြီးဖြစ်သော်လည်း ရှင်းရှင်းလင်းလင်း၊ တိတိကျကျ သိရှိနားလည်အောင် မေးမြန်းဆွေးနွေးကြရန်ဖြစ်ကြောင်း။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပရန် အချိန်ကာလ ခြောက်လခန့်သာလိုသဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို တစ်ခုပြီးတစ်ခု အချိန်ကာလအလိုက် အဆက်မပြတ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် အခြေခံမဲစာရင်းပြုစုခြင်းနှင့် ကြေညာခြင်းတို့ ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ မေးမြန်းချက်များအပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များနှင့်အညီ ပြန်လည်ရှင်းလင်းဖြေကြားပေးရန်ဖြစ်ကြောင်း၊ ပြည်သူလူထုအား နားလည်သဘောပေါက်အောင် ရှင်းပြရန်လိုကြောင်း၊ ပြည်သူလူထုအနေဖြင့် ရွေးကောက်ပွဲအတွေ့အကြုံ ဗဟုသုတနည်းသည့်အတွက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးရန်လိုအပ်ကြောင်း၊ အသိပညာပေးရာတွင် ကော်မရှင်သာမက နိုင်ငံရေးပါတီများအနေဖြင့်လည်း ပူးပေါင်း၍ ဆောင်ရွက်ပေးရန်လိုကြောင်း။

ရွေးကောက်ပွဲတွင် နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ ပြည်တွင်းစောင့်ကြည့်လေ့လာရေး လူမှုအဖွဲ့အစည်းများအားဖိတ်ခေါ်ထားကြောင်း၊ ယခုကဲ့သို့ ဖိတ်ခေါ်ရခြင်းမှာ ရွေးကောက်ပွဲကို ပွင့်လင်းမြင်သာပြီး လွတ်လပ်မျှတသည့် ရွေးကောက်ပွဲအဖြစ် မှတ်ကျောက်တင်နိုင်ရန်နှင့် စောင့်ကြည့်လေ့လာရေးအဖွဲ့များက တင်ပြလာမည့် အားနည်းချက်/အားသာချက်များကိုသုံးသပ်ပြီး နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် သင်ခန်းစာယူ ပြင်ဆင်နိုင်ရန်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များအနေဖြင့် ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ နိုင်ငံရေးပါတီများနှင့် ပြည်သူလူထု၏ အခြေအနေများကို လေ့လာပြီး လွတ်လပ်မှု ရှိ/မရှိ၊ မျှတမှု ရှိ/မရှိနှင့် ပွင့်လင်းမြင်သာမှု ရှိ/မရှိတို့ကို အစီရင်ခံစာများ ထုတ်ပြန်ကြမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ အစီရင်ခံစာများသည် ကမ္ဘာကိုအသိပေးကြေညာမည်ဖြစ်သည့်အတွက် နိုင်ငံ၏ ပုံရိပ်ကောင်းမွန်စေရန် ရွေးကောက်ပွဲကို တာဝန်ယူဆောင်ရွက်ကြသူများအားလုံး၊ ပါဝင်ပတ်သက်သူများအားလုံး အလေးအနက်ထားဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲလေ့လာ စောင့်ကြည့်သူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ၎င်းတို့၏ Code of Conduct ကိုလည်း သိရှိထားရန်လိုကြောင်း။

ရွေးကောက်ပွဲကို လွတ်လပ်မျှတပြီး ပွင့်လင်းမြင်သာမှုရှိစေရန် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဘက်လိုက်မှုမရှိဘဲ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် နည်းဥပဒေနှင့် လုပ်ငန်းလမ်းညွှန်များကို ပွင့်လင်းမြင်သာမှုရှိအောင် ပြင်ဆင်သင့်သည်များကိုပြင်ဆင်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ အထူးသဖြင့် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အားနည်းချက်ရှိခဲ့သည့် ကြိုတင်မဲကိစ္စအား ပွင့်လင်းမြင်သာမှုရှိအောင်၊ အားလုံးက ယုံကြည်လက်ခံနိုင်အောင် ပြင်ဆင်ထားပြီးဖြစ်ကြောင်း၊ ကြိုတင်မဲလုပ်ငန်းစဉ်များကို နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များနှင့် အညီ ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများအားလုံး လေ့လာထားရန်လိုကြောင်း။

ယခုဖွင့်လှစ်သည့် သင်တန်းသည် ရွေးကောက်ပွဲအတွက် အရေးကြီးသည့် သင်တန်းဖြစ်ပြီး ဆင့်ကဲဆင့်ကဲ ပို့ချနိုင်ရန်နှင့် ရွေးကောက်ပွဲကို လွတ်လပ်မျှတ၍ ပွင့်လင်းမြင်သာမှုရှိရှိ အောင်မြင်စွာကျင်းပနိုင်ရန် တက်ရောက်လာသည့် သင်တန်းသားများအနေဖြင့် သင်ခန်းစာပို့ချချက်များအား ရှင်းရှင်းလင်းလင်းသိရှိအောင် အလေးအနက်ထားလေ့လာဆွေးနွေးသွားကြရန် ပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲများ၊ တိုင်းဒေသကြီးများအတွင်းရှိ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် နိုင်ငံရေးပါတီများမှ သင်တန်းသား ၆၅ ဦးတို့ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ကျင်းပပြုလုပ်သည့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်း အမှတ်စဉ်(၁/၂၀၁၅) ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နှစ်ရက်တာ သင်ကြားဆွေးနွေးခဲ့သော သင်ခန်းစာများအပေါ် မေးမြန်းချက်များအား ပြန်လည်ရှင်းလင်းခဲ့ပြီး ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲကြီးအား ဥပဒေနှင့်အညီ လွတ်လပ်မျှတပြီး ပွင့်လင်းမြင်သာမှုရှိသော ရွေးကောက်ပွဲဖြစ်အောင် ဆောင်ရွက်ရေးကို တိုက်တွန်းပြောကြားသည်။

ပိတ်ပွဲအခမ်းအနားပြီးဆုံးပြီးနောက် ရွေးကောက်ပွဲတွင်ပြုလုပ်မည့် မဲရုံသရုပ်ပြမှုအား သင်တန်းသားများက ကြည့်ရှုလေ့လာကြသည်။ **(ဓာတ်ပုံ)**

ထိုသို့သရုပ်ပြမှုတွင် မဲရုံခင်းကျင်းပုံ၊ မဲစာရင်းများနှင့် ကြိုတင်မဲပေးပြီးသူစာရင်းစသောပုံစံများ ကြော်ငြာသင်ပုန်းတွင် ကပ်ထားသည်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများ ရှင်းလင်းပြောကြားခြင်း၊ မဲဆန္ဒရှင်များမှ သရုပ်ပြမဲပေးခြင်း၊ ပေးပြီးကြိုတင်ဆန္ဒမဲလက်မှတ်များ ရေတွက်ပုံ၊ မဲရုံတွင် ဆန္ဒပြုသောဆန္ဒမဲလက်မှတ်များ ရေတွက်ပုံနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအလိုက် ရရှိသည့်ရလဒ်များအား ပုံစံ(၁၆)နှင့် ပုံစံ(၁၆-က)တို့တွင်စာရင်းရေးသွင်းခြင်း၊ ဆန္ဒမဲများအား ရေတွက်စာရင်းသွင်းပြီးနောက် ကြိုတင်ဆန္ဒမဲလက်မှတ်များ၊ မဲရုံတွင် ဆန္ဒပြုသော ဆန္ဒမဲလက်မှတ်များ၊ ပယ်မဲများ၊ အသုံးမပြုဘဲ ကျန်ရှိသည့် ဆန္ဒမဲလက်မှတ်များ၊ မဲစာရင်းနှင့် မဲရလဒ်စာရင်းများ ထုပ်ပိုးသိမ်းဆည်းခြင်းစသည့် လုပ်ငန်းစဉ်အဆင့်ဆင့်အား သရုပ်ပြရှင်းလင်းခြင်းကို ပြုလုပ်ခဲ့ပြီး သင်တန်းသားများ၏ မေးမြန်းချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးရှင်းလင်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကြက်ခြေနီတပ်ဖွဲ့ဝင်များအနေဖြင့် လူမျိုး ဘာသာ၊ အချိန်နေရာမရွေး ကူညီကယ်ဆယ်စောင့်ရှောက်ရန် အသင့်ဖြစ်နေ

နေပြည်တော် မေ ၈

**ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားနှင့် မြို့နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီရုံးဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့၌ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် တက်ရောက် အမှာစကားပြောကြားသည်။ (ယာပုံ)**



အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်တို့မှ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအား ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင် ၄၆၀ က စစ်ကြောင်းပုံဖြင့် အလေးပြုကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ၁၈၅၉ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံသား ဟင်နရီဒူးနန့်သည် ပြင်သစ်ဧကရာဇ် တတိယမြောက် နပိုလီယံထံ သွားရောက်စဉ် ဆိုဖာရီနိုအရပ်၌ ပြင်သစ်-အီတလီတပ်များနှင့် ဩစတြီးယားတပ်တို့အကြား စစ်ဖြစ်ပွားခဲ့သည့် အနိဋ္ဌာရုံကို မျက်မြင်တွေ့ကြုံခဲ့ရပြီး ထိခိုက်ဒဏ်ရာရရှိသည့် စစ်သည်များကို တတ်စွမ်းသမျှ ကူညီပြုစုစောင့်ရှောက်ခဲ့ကြောင်း၊ ၎င်းအနေဖြင့် နေရပ်သို့ ပြန်ရောက်သည့်အချိန် "ဆိုဖာရီနိုအောက်မေ့ဖွယ်"အမည်နှင့် စာအုပ်ရေးသားထုတ်ဝေခဲ့ကြောင်း၊ အဆိုပါစာအုပ်တွင် စစ်ဖြစ်ပွားချိန်နိုင်ငံတိုင်း၌ ဒဏ်ရာရသူများကို ပြုစုစောင့်ရှောက်ရန်အတွက် စေတနာ့ဝန်ထမ်းများကို ဖွဲ့စည်းရန်နှင့် ၎င်းစေတနာ့ဝန်ထမ်းများကို အကာအကွယ်ပေးရန်အတွက် နိုင်ငံများ၏သဘောတူညီချက် ရယူရန်ဆိုသည့် အချက်နှစ်ချက်ကို ထည့်သွင်း အဆိုပြုခဲ့ပါကြောင်း။

၁၈၆၃ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း၊ ၁၈၆၄ ခုနှစ်တွင် စာအုပ်ပါ အဆိုပြုချက်ကို ပထမဂျီနီဗာညီလာခံ သဘောတူညီချက်တွင် လက်ခံအတည်ပြုခဲ့ကြောင်း။

၁၉၄၈ ခုနှစ် မေ ၈ ရက်တွင် ကမ္ဘာ့ကြက်ခြေနီနေ့ကို စတင်ကျင်းပခဲ့ပါကြောင်း၊ ဒုတိယကမ္ဘာစစ်ကြီး၏ အနိဋ္ဌာရုံအား ကောင်းမှုကုသိုလ်က္ခဋ္ဌာရုံတစ်ခုအဖြစ် ချေပလိုသည့်အတွက် ကမ္ဘာ့ကြက်ခြေနီနေ့ကို စတင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်တွင် ပြည်သူအများစုသည် ကမ္ဘာ့ကြက်ခြေနီနေ့ကို သွေးလှူဒါန်း၍ ဂုဏ်ပြုလေ့ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားကို မေ ၈ ရက် ရောက်တိုင်း ဂုဏ်ပြုကျင်းပလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် ၁၉၂၀ ပြည့်နှစ်ကတည်းက အိန္ဒိယနိုင်ငံ ကြက်ခြေနီ၏ အဖွဲ့ခွဲတစ်ခုအဖြစ် စတင်ခဲ့ပါကြောင်း၊ နိုင်ငံတကာကြက်ခြေနီအသင်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ၁၉၃၉ ခုနှစ်တွင် အသိအမှတ်ပြုခဲ့ပါကြောင်း၊ လွတ်လပ်ရေးရပြီး ၁၉၅၉ ခုနှစ်တွင် မြန်မာနိုင်ငံ ကြက်ခြေနီအက်ဥပဒေ ပြဋ္ဌာန်းခဲ့ပြီး ကြက်ခြေနီလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်ဆိုသည့် ကြက်ခြေနီတပ်ဖွဲ့၏ ရည်ရွယ်ချက်နှင့်အညီ ဒုက္ခအခက်အခဲရောက်နေသူ၊ ထိခိုက်ဒဏ်ရာရနေသူ စသည့်အကူအညီလိုအပ်နေသည့် မည်သူမဆို လူမျိုးမရွေး၊ ဘာသာမရွေး၊ အယူတ်အလတ်အမြတ်မရွေး၊ အရွယ်မရွေး၊ အချိန်မရွေး၊ နေရာမရွေး ကယ်တင်ကူညီဆောင်ရွက်ခဲ့ကြပါကြောင်း၊ မြန်မာ့ကြက်ခြေနီတပ်ဖွဲ့ သမိုင်းတစ်လျှောက်တွင် စွန့်လွှတ်စွန့်စားပြီး ကိုယ်ကျိုးစွန့်အနစ်နာခံပြီး ကူညီခဲ့၊ ကယ်တင်စောင့်ရှောက်ခဲ့ကြသည့် ဖြစ်စဉ်များ အမြောက်အမြား တွေ့ရှိခဲ့ရမှာဖြစ်ပါကြောင်း။

အဆိုပါဖြစ်စဉ်များထဲမှ ကမ္ဘာ့သမိုင်း၊ ကမ္ဘာ့ကြက်ခြေနီသမိုင်းဝင်ဖြစ်စဉ်တစ်ခုမှာ ၁၉၇၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်နေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ခတ်ချိုကျေးရွာအနီး တပ်မတော်ယာဉ်တစ်စီး ဧရာဝတီမြစ်အတွင်း ထိုးကျတိမ်းမှောက်ခဲ့ကြောင်း၊ ထိုအချိန်တွင် ကြက်ခြေနီအဖွဲ့ဝင် တစ်ဦးဖြစ်သည့် စိုင်းအောင်လှိုင်မြင့်က မြစ်အတွင်း ယာဉ်နှင့်အတူ ရေနစ်နေသည့် ယာဉ်မောင်း ရဲဘော်ခင်မောင်အေးကို ရေခဲတမျှအေးနေသည့် ဧရာဝတီမြစ်အတွင်းဆင်း၍ သက်စွန့်ဆံဖျား ကယ်တင်ကာ ရှေးဦးသူနာပြုစုပေးခြင်းဖြင့် ရဲဘော် ခင်မောင်အေး၏ အသက်ကို ကယ်တင်နိုင်ခဲ့ကြောင်း။

အဆိုပါ ဖြစ်စဉ်အတွက် ၁၉၇၇ ခုနှစ် ရိုမေးနီးယားနိုင်ငံ ဘူခါရက်မြို့တွင် ကျင်းပသည့် (၂၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီညီလာခံတွင် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင် စိုင်းအောင်လှိုင်မြင့်အား ဟင်နရီဒူးနန့်ဆုတံဆိပ် ချီးမြှင့်ခဲ့ပါကြောင်း၊ ထိုအချိန်က ကမ္ဘာပေါ်တွင် ဟင်နရီဒူးနန့်ဆုတံဆိပ် ရရှိထားသူ ၁၈ ဦးသာရှိခဲ့ပြီး အသက်(၂၁)နှစ်သာရှိသေးသည့် စိုင်းအောင်လှိုင်မြင့်သည် အသက်အငယ်ဆုံး ဆုတံဆိပ်ရရှိခဲ့သူအဖြစ် မှတ်တမ်းတင်ခြင်းခံခဲ့ရကြောင်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင်တစ်ဦးထားရှိရမည့် စွန့်လွှတ်အနစ်နာခံစိတ်နှင့် လူ့အသက်ကို သက်စွန့်ဆံဖျားကယ်တင်နိုင်ခဲ့သည့်အတွက် ချီးမြှင့်ခံခဲ့ရခြင်းဖြစ်ပါကြောင်း။

အလားတူ မကြာသေးမီက ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်ခရိုင်တွင် မြန်မာနိုင်ငံကြက်ခြေနီ တပ်ဖွဲ့ဝင်များ၏ ဆောင်ရွက်ချက်များကို ဂုဏ်ယူလေးစားဖွယ်ရာအဖြစ် ပြည်သူလူထုတစ်ရပ်လုံးက အသိအမှတ်ပြုခဲ့ကြပါကြောင်း၊ ဖေဖော်ဝါရီ ၁၇ ရက်တွင် လောက်ကိုင်တိုက်ပွဲရှောင်ပြည်သူများအား ကြက်ခြေနီ အလံလွှင့်ထူထားသည့် မော်တော်ယာဉ်များနှင့် ကြက်ခြေနီဝတ်စုံဝတ်ဆင်ပြီး သွားရောက်ကူညီကယ်ဆယ်နေစဉ် သောင်းကျန်းသူများ ပစ်ခတ်မှုကြောင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအပါအဝင် ပြည်သူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြပါကြောင်း၊ ၎င်းတို့အထဲမှ ကြက်ခြေနီတပ်ဖွဲ့ဝင် ဦးမိုးကျော်သန်းသည် ရရှိသည့်ဒဏ်ရာနှင့် ကွယ်လွန်သွားခဲ့ပါကြောင်း။

ကြက်ခြေနီတပ်ဖွဲ့ဝင် ဦးမိုးကျော်သန်းအပါအဝင် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ စွန့်လွှတ်စွန့်စား အနစ်နာခံပြီး ဒုက္ခရောက်နေသည့် ပြည်သူများကို ကယ်ဆယ်ကူညီခဲ့သည့် ဆောင်ရွက်မှုများသည် စံထားရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီ တပ်ဖွဲ့များသည် လူမှုကရုဏာလုပ်ငန်းများကို မွန်မြတ်သည့်စိတ်ထားနှင့် အသက်ကိုပင်စွန့်လွှတ်ပြီး ဆောင်ရွက်နေကြခြင်းဖြစ်သည်ကို နိုင်ငံတကာက သိရှိနိုင်ကြပြီဖြစ်ပါကြောင်း။

ထိုသို့မွန်မြတ်သည့် နှလုံးသားနှင့် ဘေးဒုက္ခအန္တရာယ် ကြုံတွေ့နေသူများ၊ ထိခိုက်ဒဏ်ရာရရှိနေသူများနှင့် အကူအညီလိုအပ်နေသူများအား ကူညီကယ်ဆယ် စောင့်ရှောက်နိုင်ရန်အတွက် ရမည်းသင်းမြို့၌ ၁၉၆၅ ခုနှစ်တွင် ကြက်ခြေနီအဖွဲ့ကို ဥက္ကဋ္ဌ မြို့နယ်ကျန်းမာရေးဦးစီးမှူး၊ အမှုဆောင် အဖွဲ့ဝင် ၁၀ ဦးနှင့် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ယခုရာသက်ပန်အသင်းဝင် ၃၅ ဦး၊ သာမန်အသင်းဝင် ၆၄ ဦးရှိပြီး ကြက်ခြေနီတပ်ခွဲနှစ်ခွဲကို တပ်ဖွဲ့ဝင် ၂၃၀ ဖြင့် ဖွဲ့စည်းဆောင်ရွက်နေသည်ကိုလည်း သိရှိပြီးဖြစ်ပါကြောင်း၊ ပျော်ဘွယ်မြို့နယ်တွင်လည်း အလားတူ ၁၉၆၅ ခုနှစ်တွင် ကြက်ခြေနီအဖွဲ့ကို ဥက္ကဋ္ဌ မြို့နယ်ကျန်းမာရေးဦးစီးမှူး၊ အမှုဆောင်အဖွဲ့ဝင် ၁၀ ဦးနှင့် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ရာသက်ပန်အသင်းဝင် ကိုးဦးရှိပြီး ကြက်ခြေနီတပ်ခွဲလေးခွဲကို တပ်ဖွဲ့ဝင် ၄၆၀ နှင့် ဖွဲ့စည်းဆောင်ရွက်နေသည်ကို တွေ့ရပါကြောင်း။

၂၀၁၄ ခုနှစ် အတွင်းတွင်လည်း ရှေးဦးသူနာပြုစုခြင်း အခြေခံသင်တန်းများကို မြို့နယ်အလိုက် ဖွင့်လှစ်ခဲ့ပြီး ကြက်ခြေနီတပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အရှိန်အဟုန်ကောင်းများကို စတင်မြင်တွေ့နေရပြီဖြစ်ပါကြောင်း၊ ဆက်လက်၍ ကြက်ခြေနီလုပ်ငန်းများကို တစ်ဆင့်ပြီးတစ်ဆင့် မြှင့်တင်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ပြည်သူလူထုက ချစ်ခင်အားကိုးရသည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များဖြစ်ရန် ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်တွင်ရှိသည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအနေဖြင့် ၂၀၁၅ ခု မေ ၈ ရက် ကမ္ဘာ့ကြက်ခြေနီနေ့၏ "လူမှုကရုဏာစွမ်းအား၊ အခြေခံမူအရ လှုပ်ရှား" (Power of Humanity: The Fundamental Principles in Action) ဆိုသည့် ဆောင်ပုဒ်နှင့်အညီ သဘာဝဘေးဒုက္ခ ရင်ဆိုင်နေရသူများ၊ အကူအညီလိုအပ်နေသူများ၊ မတော်တဆထိခိုက်မှုအန္တရာယ် ကြုံတွေ့နေရသူများအား လူမျိုး ဘာသာမရွေး၊ အဆင့်အတန်းမရွေး၊ အချိန်မရွေး၊ နေရာမရွေး ကူညီကယ်ဆယ်စောင့်ရှောက်ရန် အသင့်ဖြစ်နေသည့် မွန်မြတ်သည့် နှလုံးသားပိုင်ရှင်များ ကရုဏာရှင်များဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ပျော်ဘွယ်မြို့နယ် ကြက်ခြေနီ အမျိုးသမီးတပ်ခွဲနှင့် ရမည်းသင်းမြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များက သူနာပြုစွမ်းရည်နှင့် အရေးပေါ်ပြုစုနည်း စွမ်းရည်များ သရုပ်ပြတင်ဆက်မှုကို ကြည့်ရှုအားပေးသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ရမည်းသင်းမြို့နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီရုံး အဆောက်အအုံအား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ ရမည်းသင်းခရိုင် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်ဆရာဝန်ကြီး ဒေါက်တာမိုးမြင့်ဝင်းနှင့် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းတို့နှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကော်မတီရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ကော်မတီရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြက်ခြေနီတပ်ဖွဲ့ဝင်များ ဖွဲ့စည်းဆောင်ရွက်ရာတွင် ခရိုင်တစ်ခုလုံးရှိ ကျေးရွာအားလုံး ပါဝင်ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့အတူ ကျေးရွာများသို့ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို ကြက်ခြေနီတပ်ဖွဲ့ဝင်များအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များသည် စေတနာ့ဝန်ထမ်း ကရုဏာရှင်များဖြစ်သည့်အားလျော်စွာ စွမ်းရည်မြင့်မားစေရေးအတွက် အစဉ်သဖြင့် လေ့ကျင့်ခြင်း၊ လှုပ်ရှားခြင်းများ ပြုလုပ်ကြရန် မှာကြားခဲ့သည်။ **(သတင်းစဉ်)**



# မြိုင်မြိုင်ဆိုင်ဆိုင်ဆင်နွှဲနေသည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ

သတင်း-ဝေယံဦး၊ သက်မွန်ဦး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ကိုယ်ပိုင်ယဉ်ကျေးမှုအနုပညာနှင့် စာပေအစဉ်အလာကြီးမားသော မြန်မာနိုင်ငံအနေနှင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းသောအားဖြင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပလာသည်မှာ (၂၁)ကြိမ်ရှိပြီဖြစ်သည်။

မေ ၇ ရက်မှ ၁၃ ရက်အထိ ကျင်းပလျက်ရှိသည့် (၂၁) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဒုတိယနေ့အဖြစ် မေ ၈ ရက်တွင် ဆက်လက်ကျင်းပလျက်ရှိရာ ပြိုင်ပွဲများကျင်းပသည့် နေပြည်တော် ရေဆင်းတက္ကသိုလ်များ နယ်မြေရှိ သတ်မှတ်ခန်းမများသို့ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ ကြည့်ရှုအားပေးကြသည်။

စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)၌ မဟာဂီတဝါသနာရှင် (ဒုတိယတန်း)(မ) အဆိုပြိုင်ပွဲကျင်းပရာ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ ပါဝင်ဆင်နွှဲကြသည်။ ပြိုင်ပွဲဝင်တိုင်း အသံအနိမ့်အမြင့်၊ စည်းဝါး အဝင် အထွက်၊ မှန်ကန်ကောင်းမွန်ကြသည်ကို နားဆင်ကြရသည်။

ဆက်လက်ပြီး မဟာဂီတ အခြေခံပညာ(၁၀-၁၅) (ကျား) အဆိုပြိုင်ပွဲတွင် ကချင်၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ပြည်နယ်များမှပြိုင်ပွဲဝင်များ ဝင်ရောက်ကာ အပြိုင်အဆိုင် သီဆိုယှဉ်ပြိုင်ကြသည်။ မွန်းလွဲပိုင်းတွင် ကာလပေါ် ဝါသနာရှင် (ဒုတိယတန်း)(ကျား) အဆိုပြိုင်ပွဲနှင့်ကာလပေါ် အခြေခံပညာ (၁၀-၁၅)(မ)ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကြသည်။

အဆိုပြိုင်ပွဲတွင် ကာလပေါ်တေးသီချင်း "မိဘကျေးဇူးဆပ်ဖူးပြီလားရှင်" နှင့် ပါဝင်ယှဉ်ပြိုင်သော ကချင်ပြည်နယ်မှ မသီရိထွန်းကိုမေးမြန်းရာ ခရီးပန်းပြီး ခေါင်းမူးနေသဖြင့် အားတင်းပြီး ပြိုင်ပွဲဝင်ရကြောင်း၊ ပြိုင်ပွဲဝင်ရာတွင် အခက်အခဲအနည်းငယ်ရှိသော်လည်း အားတင်းပြီး ပြိုင်ပွဲဝင်ခဲ့ရကြောင်း၊ ကချင်ပြည်နယ်အဆင့်ပထမဆုရရှိခဲ့သူဖြစ်ကြောင်း သိရသည်။ အဆိုပြိုင်ပွဲတွင် အဆိုတော် ဦးမင်းနောင်၊ ဦးမောင်မောင်ကြီး၊ ဒေါ်ထားနှင့် ဒိုင်အဖွဲ့ဝင်များက အကဲဖြတ်ပေးကြသည်။



ဝါသနာရှင်(ပထမတန်း)အမျိုးသားဆိုင်းအဖွဲ့လိုက် ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးရဲလင်းဗိုလ်နှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။


အခြေခံပညာ(၁၀-၁၅)အမျိုးသမီး ကာလပေါ် အဆိုပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ မမြသဇင် သီဆိုယှဉ်ပြိုင်စဉ်။



အခြေခံပညာ (၁၅-၂၀) အမျိုးသမီး အကပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မလွင်ထက်ထက်အောင် ယှဉ်ပြိုင်စဉ်။

တဖန်မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ကျင်းပသည့်ဝါသနာရှင်(ဒုတိယတန်း)(ကျား) အကပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ ဦးစောပြည်သိမ်း၊ ရခိုင်ပြည်နယ်မှ မောင်သန်းစိုးအောင်၊ ရှမ်းပြည်နယ်မှ မောင်ဇော်လင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်နိုင်ဝင်းထွန်း၊ ပဲခူးတိုင်းဒေသကြီးမှ မောင်ဇော်မျိုးအောင်၊ မန္တလေးတိုင်းဒေသကြီးမှ ဦးချစ်မင်းအောင်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်သုခနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဦးစိုးပိုင်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်ပြီး အကအခြေခံပညာ (၁၅-၂၀) (မ) ပြိုင်ပွဲတွင် ကချင်၊ ကယား၊ ကရင်၊ ရခိုင်၊ ရှမ်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ကိုယ်စားပြုအကပြိုင်ပွဲဝင်များ ပါဝင်ဆင်နွှဲကြသည်။ ထို့အပြင် အကအဆင့်မြင့်ပညာ (မ) ပြိုင်ပွဲတွင်လည်း ကချင်၊ ကယား၊ ရှမ်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် သမီးပျိုများ ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆင့်မြင့်ပညာ(မ) အကပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် တနင်္သာရီတိုင်းဒေသကြီးမှ မမေသူကြိုင်၏ စကားသံကိုလည်း ကြားသိရသည်။ "သမီးက အကပညာကို တတိယတန်းကတည်းက ဝါသနာပါတာပါ။ တိုင်းဒေသကြီးအဆင့်မှာ နှစ်သိမ့်ဆုနဲ့ ဒုတိယဆုတွေရရှိခဲ့ပါတယ်။ နိုင်ငံတော်အဆင့်ကတော့ အခုမှ ယှဉ်ပြိုင်ဖူးတာပါ။ အကအပြင် အဆိုလည်း ဝါသနာပါပါတယ်" ဟု ပြောသည်။

မမေသူကြိုင်၏ လက်ရှိအခြေအနေနှင့် အနာဂတ်ရည်မှန်းချက်ကို မေးမြန်းရာ လက်ရှိရူပဗေဒဘာသာရပ်နှင့် မဟာသိပ္ပံဖြေဆိုထားကြောင်း၊ ဆက်လက်ပြီး ယဉ်ကျေးမှုတက္ကသိုလ်တွင် ဒီပလိုမာတက်ရောက်ပြီး အဆိုပါ တက္ကသိုလ်တွင် နည်းပြဆရာမဖြစ်လိုကြောင်း သိရသည်။ အကပြိုင်ပွဲတွင် ရုပ်ရှင်မင်းသမီးကြီး ဒေါ်နွဲ့နွဲ့စန်းအပါအဝင် အကဲဖြတ်ဒိုင်လူကြီးများက အကဲဖြတ်အမှတ်ပေးကြသည်။

ဆက်လက်ပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာန (သင်တန်းခန်းမ-၁)၌ အရေး(တေးသီချင်းလေ့ကျင့်)မှု ဝါသနာရှင်(ပထမတန်း) (ကျား/မ)တွင် မွန်ပြည်နယ်မှ မင်းချမ်းလွန်က သံစဉ်တေးသွားလေ့ကျင့်နေသည်ကို တွေ့ရသည်။ သံစဉ်မြိုင်မြိုင်၊ တေးသွားလှလှဖြင့် သီဆိုလေ့ကျင့်မှုကို စိတ်ပါဝင်စားစွာ ကြိုးစားအားထုတ်လျက်ရှိသည်။

တဖန်ဆိုင်းအဖွဲ့လိုက် ဝါသနာရှင်(ပထမတန်း)(ကျား) ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ဂန္ထဝင်၏ သွေးနှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးရဲလင်းဗိုလ်နှင့် အဖွဲ့များက မြန်မာ့ဆိုင်းဝိုင်းဖြင့် လက်စွမ်းတီးပြီး ဆိုင်းအချီ၊ အချ၊ စည်းဝါးအဝင် အထွက် မှန်ကန်စွာဖြင့် ယှဉ်ပြိုင်ကြသည်။ အားပေးကြည့်ရှုသူများက လက်ခုပ်သံဖြင့် ဂုဏ်ပြုအားပေးကြသည်။


အခြေခံပညာ (၁၀-၁၅)(မ) စောင်းအတီးပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မအေးသဒ္ဒါဖြူ ပါဝင်ယှဉ်ပြိုင်စဉ်။ (ဓာတ်ပုံ-တင်စိုးလွင်)

စိုက်ပျိုးရေးတက္ကသိုလ်(ပတ္တမြားခန်းမ)၌ ဝါသနာရှင်(ဒုတိယတန်း)(ကျား)စောင်းတီးပြိုင်ပွဲ၊ အဆင့်မြင့်ပညာ(ကျား) စောင်းတီးပြိုင်ပွဲ၊ အဆင့်မြင့်ပညာ(မ) စောင်းတီးပြိုင်ပွဲ၊ အခြေခံပညာ(၁၀-၁၅)(မ) စောင်းတီးပြိုင်ပွဲ၊ ဝါသနာရှင် (ပထမတန်း)(ကျား) စောင်းတီးပြိုင်ပွဲများကိုကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားပြု ပြိုင်ပွဲဝင်မောင်မယ်များ ပါဝင်ယှဉ်ပြိုင်ကြသည်။

စိုက်ပျိုးရေး သုတေသနဦးစီးဌာန (စုဝေးခန်းမ)၌ ဝါသနာရှင် (ပထမတန်း) ဒိုးပတ်တီးပြိုင်ပွဲ၊ အဆင့်မြင့်ပညာ ဒိုးပတ်တီးပြိုင်ပွဲများကို မန္တလေး၊ ရန်ကုန်၊ ဧရာဝတီ၊ စစ်ကိုင်းတိုင်းဒေသကြီးများမှ ကိုယ်စားပြုအဖွဲ့များက အကြိတ်အနယ် ပြိုင်ပွဲဝင်ကြသည်။

သစ်တောတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)၌ ဝါသနာရှင် (ပထမတန်း) ဒိုးပတ်တီးပြိုင်ပွဲ၊ အဆင့်မြင့်ပညာ ဒိုးပတ်တီးပြိုင်ပွဲ၊ ဝါသနာရှင်(ဒုတိယတန်း)ဒိုးပတ်တီး ပြိုင်ပွဲများကို ရန်ကုန်၊ စစ်ကိုင်း၊ မန္တလေး၊ ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များက ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်ပြီး သစ်တော တက္ကသိုလ်(ဘွဲ့နှင်းသဘင်ခန်းမ)၌ စန္ဒရားတီးပြိုင်ပွဲကို ဝါသနာရှင် (ဒုတိယတန်း)(ကျား)၊ ဝါသနာရှင်(ဒုတိယတန်း)(မ)၊ အခြေခံပညာ (၁၅-၂၀)(ကျား)၊ အခြေခံပညာ (၁၅-၂၀)(မ)အတန်းလိုက်ပြိုင်ပွဲဝင်များက ပြိုင်ပွဲဝင်ကြသည်။(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မေ ၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

◆ *ကျောဖုံးမှ*

ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က မြန်မာ့အလင်းသတင်းစာသို့ သတင်းစကားပါးခဲ့သည်။

သရက်စိုက် တောင်သူများ၊ စိုက်ပျိုးထုတ်လုပ်သူများ အသိပညာ ပိုမိုကျယ်ပြန့်စေရေးအတွက် သရက်ပင်၊ သရက်သီးတို့၌ ဖြစ်ပွားတတ်သော ရောဂါလက္ခဏာများ၊ တည်ရှိတတ်သော ပိုးမွှားကို ဓာတ်ခွဲပြသသွားမည်ဖြစ်သည်။

ထုတ်လုပ်မှုပညာပိုင်း၌ သရက်သီးဆွတ်ခူးသည်မှ ထုပ်ပိုးမှုအပိုင်း၊ နိုင်ငံခြားသို့ တင်ပို့နိုင်သည်အထိ သရုပ်ပြသွားမည်ဟုလည်း သိရသည်။

စာတမ်းဖတ်ပွဲ၌ တက္ကသိုလ်၊ ကောလိပ်တို့မှ စိုက်ပျိုးရေးပညာရှင်များ၊ နိုင်ငံခြားမှ ပညာရှင်များက ပါဝင်ဖတ်ကြားသွားမည်ဖြစ်ပြီး ပြိုင်ပွဲ၌ စိန်တလုံး၊ ရွှေဟင်္သာ၊ ပတ္တမြား ငမောက်၊ မြကျောက်၊ ရင်ကွဲနှင့် အခြားသရက်မျိုး(ပြည်တွင်း၊ ပြည်ပ) ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသူများ၊ ပြခန်းပါဝင်ပြသလိုသူများအနေဖြင့် မြန်မာနိုင်ငံသစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ သရက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းသို့ ဆက်သွယ်သတင်းပို့နိုင်ကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

လင်းယုန်
မိုးကောင်းကင်
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
က(၉/၁၀)၊ ပကွင်း၊ အောင်မင်္ဂလာအဝေးပြေး၊ ရန်ကုန်ဂိတ်။
■ ခရီးသွားမိဘပြည်သူများအတွက်...
ရန်ကုန်-မုံရွာ-အရာတော်-ပုလဲ
ရန်ကုန်-ထားဝယ်-မြိတ် ခရီးစဉ်များနှင့်
■ အသစ်တိုးချဲ့ခရီးစဉ်များအဖြစ်...
ရန်ကုန်-မန္တလေး-ရန်ကုန်
ခရီးစဉ်သစ်ကို(၁၀-၅-၂၀၁၅)မှစတင်၍ SCANIA ကားသစ်ကြီးများဖြင့် ညစဉ်(၉း၀၀)နာရီပြေးဆွဲမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
ဖုန်း-01-704685, 637643, 637644, 09-5161881, 09-31092548, 09-73208028, (ဗွီဗာလစ်)-09-421074447

# နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေး ကုန်သွယ်မှုမြှင့်တင်ရေး ကိစ္စရပ်များဆွေးနွေး

**အစ္စလာမ်မာဘာတ် မေ ၈**

ပါကစ္စတန်နိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေ ၇ ရက် ဒေသစံတော်ချိန်မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင်ပါကစ္စတန်သမ္မတ H.E. Mr. Mamnoon Hussain အား အစ္စလာမ်မာဘာတ်မြို့ရှိ ပါကစ္စတန်သမ္မတရုံး၌ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲရေး၊ ကုန်သွယ်မှုမြှင့်တင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အချင်းချင်း ချစ်ကြည်ရေးအတွက် အလွှာအသီးသီးမှ ခေါင်းဆောင်များ အပြန်အလှန်စေလွှတ်ရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ပြီး ပါကစ္စတန်သမ္မတကလည်း ၁၉၇၁ ခုနှစ်က ပါကစ္စတန်နိုင်ငံ အခက်အခဲဖြစ်စဉ် မြန်မာနိုင်ငံက အကူအညီများပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**(မြဝတီ)**



**တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပါကစ္စတန်နိုင်ငံသမ္မတ H.E. Mr. Mamnoon Hussain အား တွေ့ဆုံစဉ်။** (မြဝတီ)

# နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် စီးပွားရေးကဏ္ဍကို တိုးမြှင့်ဆောင်ရွက်ရေးဆွေးနွေး

**အစ္စလာမ်မာဘာတ် မေ ၈**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နဝပ်ရှရစ်အား မေ ၇ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ပါကစ္စတန်သမ္မတရုံး၌ သွားရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ယင်းသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် စီးပွားရေးကဏ္ဍကို တိုးမြှင့်ဆောင်ရွက်ပြီး နှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုတိုးမြှင့်အောင် ဆောင်ရွက်သွားရေး၊ ကာကွယ်ရေးကဏ္ဍတွင်လည်း တပ်မတော်နှစ်ရပ်အကြား ပိုမိုပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**(မြဝတီ)**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပါကစ္စတန်လေတပ်ဦးစီးချုပ်၊ ရေတပ်ဦးစီးချုပ်တို့နှင့် သီးခြားစီတွေ့ဆုံဆွေးနွေး



**အစ္စလာမ်မာဘာတ် မေ ၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မေ ၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ပါကစ္စတန်လေတပ်ဦးစီးချုပ် Air Chief Marshal Sohail Aman နှင့် ပါကစ္စတန် တပ်မတော်ကြည်းတပ် ဦးစီးချုပ်ရုံး၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် လေ့ကျင့်ရေးပိုင်းဆိုင်ရာများ၌ ယခုထက်ပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့် သင်တန်းသားများ အပြန်အလှန်စေလွှတ်ရေး၊ နှစ်နိုင်ငံတပ်မတော် (လေ) အချင်းချင်းအတွေ့အကြုံများ အပြန်အလှန် မျှဝေဖလှယ်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ပါကစ္စတန်ရေတပ်ဦးစီးချုပ် Admiral Muhammad Zakaullah နှင့် ပါကစ္စတန်တပ်မတော်(ရေ)တပ်ဦးစီးချုပ်ရုံး၌ တွေ့ဆုံသည်။ **(ဝဲပုံ)**

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံရေတပ်အချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ **(မြဝတီ)**

## ထူးခြားသည့် နေ့အပူချိန်များ

ထူးခြားသည့်နေ့အပူချိန်များမှာ မြင်းခြံမြို့နှင့် ဂန့်ဂေါမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီနှင့် ညောင်ဦးမြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မတ္တရာမြို့တွင် ၁ ဒသမ ၀၆ လက်မ၊ သရက်မြို့တွင် ၀ ဒသမ ၉၁ လက်မ၊ ရွှေဘိုမြို့နှင့် မုံရွာမြို့တို့တွင် ၀ ဒသမ ၅၁ လက်မစီ၊ ကျောက်ပန်းတောင်းမြို့၊ အောင်လံမြို့နှင့် ဆင်ဖြူကျွန်းမြို့တို့တွင် ၀ ဒသမ ၃၂ လက်မစီတို့ဖြစ်ကြသည်။ **(မိုး/ဇလ)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဥရောပနေ့အထိမ်းအမှတ်သဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၉**

၂၀၁၅ ခုနှစ် မေ ၉ရက်တွင်ကျရောက်သော (၆၅)နှစ်မြောက် ဥရောပနေ့အထိမ်းအမှတ် အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဥရောပသမဂ္ဂကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ဥရောပသမဂ္ဂနိုင်ငံခြားရေးနှင့် လုံခြုံရေးရာ မူဝါဒအကြီးအကဲ မစ္စ ဖယ်ဒရီကာမောဂ်ဟာရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ် ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာ

**နေပြည်တော် မေ ၈**

နေပြည်တော် စုပေါင်းစခန်းသို့ ရောက်ရှိနေသော ၂၀၁၅ ခုနှစ် ဘက်စုံပညာထူးချွန် လူငယ်များသည် ယနေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာသွားကြသည်။ **(အောက်ပုံ)**

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့မှ ကြီးကြပ်အုပ်ချုပ်သူများနှင့် ဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများသည် ယနေ့ နံနက် ၁ နာရီတွင် ရန်ကုန်-မန္တလေး အမှတ် (၅) အဆန်ရထားဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ကြီးကြပ်အုပ်ချုပ်သူများနှင့် ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်- ရန်ကုန် အမှတ် (၃၂) အစုန်ရထားဖြင့် လည်းကောင်း နေပြည်တော်ဘူတာကြီးမှ ပြန်လည်ထွက်ခွာသွားကြရာ ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်၊ အခြေခံပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်သန်းဦး၊ နေပြည်တော် ကောင်စီနယ်မြေ ပညာရေးညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပါကစ္စတန်တပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များ ကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုကြိုဆို

အစ္စလာမ်မာဘတ် မေ ၈

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပါကစ္စတန်တပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များ ကော်မတီဥက္ကဋ္ဌ General Rashad Mahmood က မေ ၇ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ပါကစ္စတန်နိုင်ငံ အစ္စလာမ်မာဘတ်မြို့၌ ဂုဏ်ပြုကြိုဆိုသည်။**

ရှေးဦးစွာ နှစ်နိုင်ငံတပ်မတော်ခေါင်းဆောင်များအား ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များ၊ ပါကစ္စတန်ပူးတွဲ စစ်ဦးစီးချုပ်များ၊ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပူးတွဲစစ်ဦးစီးချုပ်များ ကော်မတီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံသံတမန်နှင့် စစ်ဘက်ဆိုင်ရာဆက်ဆံရေးတို့ကို ပိုမို တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံတပ်မတော်များ အပြန်အလှန်အတွေ့အကြုံ ဖလှယ်ပြီး ဆက်ဆံရေး ပိုမိုခိုင်မာအောင် ဆောင်ရွက်ရေး၊ သင်တန်းသားများ အပြန်အလှန်စေလွှတ်ရေးတို့နှင့် စပ်လျဉ်း၍ဆွေးနွေးခဲ့ကြသည်။





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ပါကစ္စတန်တပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များ ကော်မတီဥက္ကဋ္ဌတို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (မြဝတီ)

ယခုနှစ်သည် မြန်မာ-ပါကစ္စတန် နှစ်နိုင်ငံသံတမန်ဆက်ဆံမှု ၆၇ နှစ်၊ စစ်ဘက်ဆက်ဆံမှု (၆၃) နှစ်ပြည့်မြောက်သည့်နှစ်ဖြစ်ကြောင်း သိရှိရသည်။ တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့အား ပါကစ္စတန် တပ်မတော် စစ်ဆင်ရေးနှင့်စီမံရေးဌာနက ပါကစ္စတန်၏လုံခြုံရေးအမြင် (Security Perspective of Pakistan)နှင့်ပတ်သက်၍ ရှင်းလင်းပြသခဲ့ကြောင်း သိရှိရသည်။

ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ပါကစ္စတန် တပ်မတော်ကြည်းတပ်ဦးစီးချုပ် General Raheel Sharif တို့သည် ပါကစ္စတန် တပ်မတော် ကြည်းတပ်ဦးစီးချုပ်ရုံး၌ တွေ့ဆုံကြသည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပက်ရှ်ဝါ တပ်မတော်အထက်တန်းကျောင်း တိုက်ခိုက်ခံရမှုအတွက် စိတ်မကောင်းဖြစ်ရပါကြောင်း ပြောကြားပြီး ဒေသတွင်းနှင့်နိုင်ငံတွင်း အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် ပါကစ္စတန်တပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များ ကော်မတီဥက္ကဋ္ဌ General Rashad Mahmood က ၎င်း၏ အရာရှိစားရိပ်သာ၌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့အား ဂုဏ်ပြုညစာစားပွဲနှင့် တည်ခင်းဧည့်ခံခဲ့သည်။ **(မြဝတီ)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ပါကစ္စတန် တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Raheel Sharif တို့ တွေ့ဆုံဆွေးနွေးစဉ်။ (မြဝတီ)

# အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ၏နောက်ဆက်တွဲစာချုပ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ

**နေပြည်တော် မေ ၈**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် အမေရိကန်ပြည်ထောင်စု စွမ်းအင်ဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီတို့၏ ပါဝင်ပူးပေါင်းမှုဖြင့် ကျင်းပသော နျူကလီးယားလက်နက် မပြန့်ပွားရေးစာချုပ်၏ နောက်ဆက်တွဲစာချုပ်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့ဟိုတယ်၌ မေ ၅ ရက်တွင် ကျင်းပခဲ့ရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံသည် နျူကလီးယားလက်နက်မပြန့်ပွားရေး စာချုပ်ကို ၁၉၉၂ ခုနှစ် ဒီဇင်ဘာလတွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ အဆိုပါ စာချုပ်သတ်မှတ်ချက်နှင့်အညီ နျူကလီးယားလုပ်ဆောင်မှုနှင့် လုပ်ငန်းများထိန်းချုပ်စောင့်ကြပ်ရေးဆိုင်ရာ သဘောတူညီချက်နှင့် နျူကလီးယားဒြပ်ပစ္စည်း အနည်းငယ်ပိုင်ဆိုင်သော သို့မဟုတ် လုံးဝပိုင်ဆိုင်ခြင်းမရှိသော နိုင်ငံများအတွက် သီးခြားချုပ်ဆိုသောစာချုပ် (Small Quantities Protocol-SQP) ၁၉၉၅ ခုနှစ် ဧပြီလတွင်လည်းကောင်း၊ နျူကလီးယားလုပ်ဆောင်မှုနှင့် လုပ်ငန်းများ ထိန်းချုပ်စောင့်ကြပ်ရေးဆိုင်ရာ သဘောတူညီချက်၏ နောက်ဆက်တွဲစာချုပ်ကို ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင်လည်းကောင်း သဘောတူလက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ အဆိုပါ နောက်ဆက်တွဲစာချုပ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းများဆိုင်ရာ ကဏ္ဍများကို အစဉ်တစိုက်လုပ်ဆောင်လျက်ရှိပါကြောင်း၊ အဓိကလုပ်ငန်းများအနေဖြင့် အဏုမြူစွမ်းအင်ဦးစီးဌာနသည် နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးဥပဒေနှင့် ဆက်စပ်နည်းဥပဒေများကိုပါ ပြဋ္ဌာန်းနိုင်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ဆက်တည်းတွင် နျူကလီးယားဒြပ်ပစ္စည်းစာရင်းဇယားပြုစုရေးနှင့် ထိန်းချုပ်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ နျူကလီးယားလုပ်ဆောင်မှုနှင့် လုပ်ငန်းများ ထိန်းချုပ်စောင့်ကြပ်ရေးသာမက နျူကလီးယားလုံခြုံရေးဆိုင်ရာကိစ္စရပ်များကိုလည်း ဆောင်ရွက်နေပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA)နှင့် အမေရိကန်နိုင်ငံမှ ကျွမ်းကျင်သူခုနစ်ဦး လာရောက်၍ နျူကလီးယားလုပ်ဆောင်မှုနှင့်လုပ်ငန်းများ ထိန်းချုပ်စောင့်ကြပ်ရေးဆိုင်ရာကိစ္စရပ်များ ပိုမိုသိရှိနားလည်လာစေရန်နှင့် ၎င်းတို့၏ အတွေ့အကြုံများအား ဆွေးနွေးဖလှယ်ကြပြီး ရန်ကုန်နည်းပညာတက္ကသိုလ်သို့ သွားရောက်၍ လက်တွေ့သရုပ်ပြလေ့ကျင့်မှုများကို ဆောင်ရွက်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ဝန်ကြီးဌာနများ၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်တို့မှ ကိုယ်စားလှယ်ပေါင်း ၃၀ နှင့် လေ့လာသူများတက်ရောက်ခဲ့ကြပြီး အဆိုပါဆွေးနွေးပွဲကို မေ ၅ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

● *ကျောဖုံးမှ*

ဘားတန်ထိထွက်ခြင်း၊ သြစတြေးလျဂိုးသမား လက်စွမ်းပြကာကွယ်နိုင်ခဲ့ခြင်းတို့ကြောင့် ပထမပိုင်းတွင် ဂိုးမရခဲ့ပေ။ မြန်မာအသင်းမှာ ပထမပိုင်းတွင် ဂိုးမရသော်လည်း ဒုတိယပိုင်း၌ ဆက်ဖိကစားနိုင်ခဲ့ပြီး သြစတြေးလျဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ လက်စွမ်းပြနေသည့် သြစတြေးလျဂိုးသမားမှာ ၅၁ မိနစ်တွင် ခင်မိုးဝေ ညာတောင်ပံမှ ကန်သွင်းသော ဘောလုံးကို ကာကွယ်နိုင်ခြင်းမရှိဘဲ လက်မှလွတ်ကာ ဂိုးဝင်သွားခြင်းဖြစ်သည်။ ယင်းဘောလုံးကို ရီရီဦး ပိတ်သွင်းရန်ကြိုးပမ်းသော်လည်း မထိဘဲ ဂိုးထဲဝင်သွားခဲ့ခြင်းဖြစ်သည်။ သြစတြေးလျ ယူ-၂၀ အသင်းချေပဂိုး ရရန်ကြိုးပမ်းခဲ့သော်လည်း မြန်မာနောက်တန်းကို မကျော်နိုင်ခဲ့ပေ။

ယခုပွဲတွင် မြန်မာအသင်းအနိုင်ရခဲ့ခြင်းမှာ မှန်ကန်သည့် နည်းဗျူဟာချမှတ်နိုင်မှု၊ ကစားသမားများ၏ နိုင်လိုစိတ်ပြင်းထန်မှု၊ ဇွဲ၊ လုံ့လအပြည့်တို့ဖြင့် ကြိုးပမ်းမှုတို့ကြောင့် အာရှထိပ်သီး သြစတြေးလျအသင်းကို အနိုင်ယူနိုင်ခဲ့ကာ ၂၀၁၃ ပြိုင်ပွဲ ဆီမီးပွဲစဉ်မှ ရှုံးကြွေးကို ပြန်ဆပ်နိုင်ခဲ့သည်။ ဗိုလ်လုပွဲကို မေ ၁၀ ရက်တွင် ကစားမည်ဖြစ်သည်။

မြန်မာအသင်းသည် ယခု အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲအဆင့်သို့ ငါးကြိမ်မြောက် တက်ရောက်နိုင်ခြင်းဖြစ်ပြီး ပြီးခဲ့သည့် လေးကြိမ်တွင် ချန်ပီယံနှစ်ကြိမ်နှင့် ဒုတိယနှစ်ကြိမ်တို့ ရရှိထားသည်။ သြစတြေးလျအသင်းမှာ ယခုပြိုင်ပွဲကို ၂၀၀၈ ခုနှစ်မှစတင် ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုံးနှစ်မှာပင်ချန်ပီယံဆုကို ရရှိခဲ့သည်။

ဒုတိယ အကြိုဗိုလ်လုပွဲအဖြစ် ဗီယက်နမ်နှင့် ထိုင်းတို့ပွဲတွင် အချိန်ပိုကစားရပြီး ထိုင်းက နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။




မြန်မာအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ခင်မိုးဝေ ကန်သွင်းစဉ်။ (ဓာတ်ပုံ - MFF)

# ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်း လုပ်ငန်းသဘောတူစာချုပ် ၂၀၁၅ ခုနှစ် ဇွန်လအတွင်း ချုပ်ဆိုနိုင်ရန်ဆောင်ရွက်သွားမည်

အမေး/အရေး-မြတ်သန္တာမောင်
ဓာတ်ပုံ-အငယ်လေး

ပုံစံအသစ်ဖြင့် စီမံကိန်းပြန်လည်စတင်လျက်ရှိသည့် ထားဝယ်အထူးစီးပွားရေးဇုန်၏ လက်ရှိအခြေအနေအား ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်အား မြန်မာ့သတင်းစဉ် (ပြည်တွင်း)မှ သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

***(ယမန်နေ့မှ အဆက်)***

**မေး။ ။ ဒါဆိုရင် အီတာလျံ-ထိုင်း ကုမ္ပဏီဘက်က ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှာ မူဘောင်သဘောတူစာချုပ်ကို ရပ်ဆိုင်းပြီးတဲ့အချိန်ထိ ဘယ်လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါသလဲ။**

ဖြေ။ ။ အီတာလျံ-ထိုင်း ကုမ္ပဏီလီမိတက်ဟာ ၂၀၁၀ နိုဝင်ဘာလကနေ ၂၀၁၃ နိုဝင်ဘာလအထိ သုံးနှစ်တာကာလအတွင်းမှာ ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေကတော့ ထားဝယ်အထူးစီးပွားရေးဇုန်ကနေ မြန်မာ-ထိုင်း နယ်စပ်အထိ ၁၃၈ ကီလိုမီတာ အရှည်ရှိတဲ့ မြေသားကားလမ်းကိုဖောက်လုပ်ခဲ့ပါတယ်။ ထားဝယ်အထူးစီးပွားရေးဇုန် အစပ်နားမှာရှိတဲ့ ပန်းတင်အင်းချောင်းအဝမှာ ကုန်တန်ချိန် တစ်သောင်းခွဲလောက်တင်ဆောင်နိုင်တဲ့ ပင်လယ်ကူးသင်္ဘောတွေ ဆိုက်ကပ်နိုင်တဲ့ ဆိပ်ကမ်းငယ် (Small Port) ကိုလည်း ဆောက်လုပ်ခဲ့ပါတယ်။ နောက် မြေနေရာအကွက်ချတာတွေ၊ ညှိရိပ်သာနဲ့ ပြခန်း၊ လုပ်ငန်းနေရာဆောက်လုပ်ခြင်း၊ စီမံကိန်းဧရိယာအတွင်းမှ ပြောင်းရွှေ့ရမယ့် အိမ်ထောင်စုတွေ နေထိုင်ရမယ့် ပထမအဆင့်အိမ် (၄၈၄) လုံးကို တည်ဆောက်ခဲ့တယ်။ အခြားသော အကြိုအင်ဂျင်နီယာလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

**မေး။ ။ ဂျပန်နိုင်ငံက ထားဝယ်အထူးစီးပွားရေးဇုန်မှာ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်မယ်လို့ သတင်းတွေ ထွက်ပေါ်နေပါတယ်။ ဒီတော့ ထားဝယ်အထူးစီးပွားရေးဇုန်မှာ ဂျပန်နိုင်ငံက ဘယ်လို အခန်းကဏ္ဍကနေ ပါဝင်နေပါသလဲ။**

ဖြေ။ ။ ကနဦး စီမံကိန်းစတင်ဖို့ ကျွန်တော်တို့ Selective Bidding ခေါ်ယူတဲ့အခါမှာ အီတာလျံ-ထိုင်း ဦးဆောင်တဲ့ Consortium (အကျိုးတူကိစ္စ အတွက် နိုင်ငံများ၊ ကုမ္ပဏီများ၊ ဘဏ်လုပ်ငန်းများ စသည်ယာယီပူးပေါင်းထားသော အဖွဲ့အစည်း) နဲ့ ဂျပန်နိုင်ငံက စီးပွားရေး၊ ကုန်သွယ်ရေး၊ စက်မှုဝန်ကြီးဌာနတို့ ဦးဆောင်တဲ့ ဂျပန်ကုမ္ပဏီအဖွဲ့တွေကို ကျွန်တော်တို့ တင်ဒါတွေ ခေါ်ယူခဲ့ပါတယ်။ ဒီလိုခေါ်ယူရာမှာ ဂျပန်နိုင်ငံက လုပ်ငန်းတင်ဒါမတင်သွင်းဘဲနဲ့ အဆိုပြုချက်၊ သဘောထားမှတ်ချက်ကိုပဲ ပြန်ကြားလာပါတယ်။ ဒီပြန်ကြားချက်မှာ ဂျပန်နိုင်ငံရဲ့ အဖွဲ့အစည်းများနဲ့ ပုဂ္ဂလိကကုမ္ပဏီများဟာ ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းကို စိတ်ဝင်စားမှုရှိပြီး ဒီစီမံကိန်းဟာ မြန်မာနိုင်ငံနဲ့ ဒေသတွင်းနိုင်ငံများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးသာမက မဲခေါင်ဒေသနိုင်ငံများရဲ့ သွင်းကုန်၊ ထုတ်ကုန်အချက်အချာနေရာတစ်ခု ဖြစ်လာနိုင်တဲ့အကြောင်း၊ ဂျပန်နိုင်ငံအနေနဲ့ ပုဂ္ဂလိကကုမ္ပဏီများနဲ့ စီးပွားရေးလုပ်ငန်းများက စီမံကိန်းရဲ့ အချက်အလက်တွေ ပိုမိုသိရှိဖို့အတွက် သုတေသနလုပ်ငန်းသုံးခုကို ဆောင်ရွက်ပြီး စီမံကိန်းရဲ့ဖြစ်နိုင်ခြေရှိမှုတွေကို စိစစ်သွားမယ်ဆိုတာကို အကြောင်းပြန်ကြားပြီး သုတေသန လုပ်ငန်းသုံးခုကို ဆောင်ရွက်ပါတယ်။



ထားဝယ်အထူးစီးပွားရေးဇုန်
စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဟံစိန်

၂၀၁၃ ခုနှစ် ဇွန်လကနေစပြီးတော့ ဂျပန်-မြန်မာ-ထိုင်း သုံးပွင့်ဆိုင် အစည်းအဝေး၊ မြန်မာ-ဂျပန် နှစ်ဖက်ညှိနှိုင်းအစည်းအဝေးတွေကို အကြိမ်ပေါင်းများစွာ ဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိမှာ ဂျပန်နိုင်ငံအနေနဲ့ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းနဲ့ ပတ်သတ်ပြီး စိတ်ဝင်စားမှုတွေ အများကြီးရှိနေပါတယ်။

ဂျပန်ဘက်က ထိုင်းနိုင်ငံနဲ့ ဆက်သွယ်ပြီးတော့ ဆောင်ရွက်နေတာတွေလည်း အများကြီးရှိပါတယ်။ ဂျပန်နိုင်ငံအနေနဲ့ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းနဲ့ ပတ်သက်တဲ့ Master Plan (မဟာဗျူဟာစီမံကိန်း) ရေးဆွဲနေတာရှိပါတယ်။ ဒါကို ထိုင်းနိုင်ငံဘက်က အိမ်နီးချင်းနိုင်ငံများနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (NEDA) ကနေပြီးတော့ ရေးဆွဲနေတာ ဖြစ်ပါတယ်။ ဒီကိစ္စကို ဂျပန်နိုင်ငံဘက်က အကူအညီပေးမယ်လို့ ကတိပေးထားပါတယ်။ အဲဒါအပြင် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်မှာလည်း ဂျပန်နိုင်ငံအနေနဲ့ အကြံဉာဏ်ပေးခြင်းနဲ့ အထောက်အကူပြုခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ပေးပါမယ်။ ထားဝယ်အထူးစီးပွားရေးဇုန်ကနေ ထိုင်းမြန်မာနယ်စပ်ကို အခုကတော့ နှစ်လမ်းသွားကားလမ်းဖောက်လုပ်ဖို့ရှိပါတယ်။ ဒါပြီးရင်နောက်ပိုင်းမှာ အဝေးပြေးလမ်းမကြီးဆောင်ရွက်ပါ့မယ်။ ဒီအခါမှာ ဂျပန်နိုင်ငံကအထောက်အကူပြုနိုင်ဖို့အတွက် ဖြစ်နိုင်ခြေရှိတဲ့ လေ့လာမှုတွေကို ဆောင်ရွက်ပေးမယ်လို့ ကတိပြုထားပါတယ်။ ဂျပန်နိုင်ငံအနေနဲ့ ကနဦးစီမံကိန်းထက် လုပ်ငန်းကြီးတွေ အများကြီးပါတဲ့ ပင်မစီမံကိန်းကြီးမှာ ပါဝင်ဆောင်ရွက်ဖို့ ပိုမိုပြီးတော့ စိတ်အားထက်သန်တယ်လို့တော့ လေ့လာသုံးသပ်လို့ရပါတယ်။

**မေး။ ။ ဒါဆိုရင် အခု ပုံစံအသစ်နဲ့ ဆက်လက်ဆောင်ရွက်မယ့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းကို အကျယ်အဝန်း ဧရိယာဘယ်လောက် သတ်မှတ်ထားပါသလဲ။**

> **ကနဦးစက်မှုလုပ်ငန်းအတွက် မြေနေရာ သတ်မှတ်ပေးတဲ့နေရာမှာလည်း ကနဦးစီမံကိန်းရဲ့ ၂၇ စတုရန်းကီလိုမီတာလုံးကို တစ်ခါတည်းပေးလိုက်မှာ မဟုတ်ပါဘူး . . .**

ဖြေ။ ။ ထားဝယ်ထူးစီးပွားရေးဇုန် စီမံကိန်းရဲ့ အကျယ်အဝန်းက ၂၀၁၂ ခုနှစ် မြေသတ်မှတ်ချက်အရ ၂၀၅ စတုရန်း ကီလိုမီတာလောက် အကျယ်အဝန်းရှိပါတယ်။ ဧကနဲ့ ဆိုရင် ဧကငါးသောင်းကျော် ရှိပါတယ်။ ဒါပေမယ့် မူလသတ်မှတ်ခဲ့တဲ့ ဧရိယာမှာ ဖယ်ရှားရမယ့် ကျေးရွာက ၁၆ ရွာဖြစ်နေတယ်။ နေအိမ်တွေလည်း များပါတယ်။ ဒါကြောင့်မို့လို့ စီမံကိန်းမြေနေရာကို ပြန်လည်စိစစ်ပြီး ၂၀၁၃ ခုနှစ် နှစ်ကုန်ပိုင်းမှာတော့ စီမံကိန်းဧရိယာကို ပြန်လည်သတ်မှတ်ခဲ့ပါတယ်။ ဒီအခါမှာ စီမံကိန်းဧရိယာဟာ ၁၉၆ စတုရန်း ကီလိုမီတာ ဖြစ်သွားပြီး ဧကအနေနဲ့ ပြောရရင် ဧက လေးသောင်းရှစ်ထောင် လောက်ရှိပါတယ်။ အခုအသစ်သတ်မှတ်လိုက်တဲ့ ဧရိယာအတွင်းမှာဆိုရင်တော့ ဖယ်ရှားပေးရမယ့် ကျေးရွာက ခြောက် ရွာပဲ ကျန်ရှိပါတော့တယ်။

**မေး။ ။ ကနဦးစီမံကိန်း ဧရိယာကို ဘယ်လောက် သတ်မှတ်ထားပြီး ဘယ်အချိန် စတင်မှာပါလဲ။ စီမံကိန်းကာလကို ဘယ်လောက်ကြာမြင့်နိုင်မယ်လို့ ခန့်မှန်းထားပါသလဲ။ ရင်းနှီးမြှုပ်နှံသူတွေအဖြစ် ဘယ်သူတွေက ဆောင်ရွက်မှာပါလဲ။**

ဖြေ။ ။ ကနဦးစီမံကိန်းမှာ ၂၇ စတုရန်းကီလိုမီတာကို



စီမံကိန်းလုပ်ငန်းခွင်အား တွေ့ရစဉ်။ (ထားဝယ် SEZ စီမံခန့်ခွဲမှုကော်မတီ)

စက်မှုဇုန်အဖြစ်ထားရှိပြီး အခြားသောစီမံကိန်းတွေအတွက် လေး စတုရန်းကီလိုမီတာလောက် လျာထားပါတယ်။ စုစုပေါင်း ၃၁ စတုရန်းကီလိုမီတာလောက် ကနဦးစီမံကိန်းမှာ ပါဝင်မှာ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံသူအနေနဲ့က အထက်မှာ ကျွန်တော်ပြောခဲ့သလို Selective Bidding အနေနဲ့ အီတာလျံ-ထိုင်း ကုမ္ပဏီ ဦးဆောင်တဲ့ စုပေါင်းကုမ္ပဏီအဖွဲ့ရယ်၊ ဂျပန်နိုင်ငံက စီးပွားရေး၊ ကုန်သွယ်ရေးနဲ့ စက်မှုဝန်ကြီးဌာန ဦးဆောင်တဲ့ ဂျပန်လုပ်ငန်းရှင်တွေရယ် ဒီနှစ်ခုကိုခေါ်ယူတဲ့အခါမှာ ဂျပန်ဘက်က တင်ဒါတင်သွင်းခြင်းမရှိဘဲ ဘာတွေဆောင်ရွက်မယ်ဆိုတဲ့ (Suggestion Proposal) ကိုပဲ ပေးပို့ပါတယ်။ အီတာလျံ-ထိုင်း ကုမ္ပဏီ ဦးဆောင်တဲ့ စုပေါင်းအဖွဲ့ကတော့ တင်ဒါသဘောတင်သွင်းပါတယ်။ ဒါကြောင့်မို့လို့ ပထမအဆင့်လုပ်ငန်းရင်းနှီးမြှုပ်နှံဆောင်ရွက်ဖို့ကို အီတာလျံ-ထိုင်းကုမ္ပဏီနဲ့ ကျွန်တော်တို့ ဆွေးနွေးပြီးတော့ လုပ်ငန်းတွေကိုဆက်လက်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ကနဦးစက်မှုလုပ်ငန်းအတွက် မြေနေရာ သတ်မှတ်ပေးတဲ့နေရာမှာလည်း ကနဦးစီမံကိန်းရဲ့ ၂၇ စတုရန်းကီလိုမီတာလုံးကို တစ်ခါတည်းပေးလိုက်မှာ မဟုတ်ပါဘူး။ ပထမအဆင့်အနေနဲ့က ကျွန်တော်တို့ ခုနစ်စတုရန်းကီလိုမီတာ အရင်ပေးတယ်။ အဲဒီ ခုနစ်စတုရန်းကီလိုမီတာကို သုံးနှစ်အတွင်းမှာ စက်ရုံအလုပ်ရုံ ၆၅ ရာခိုင်နှုန်း တည်ဆောက်ပြီးရင် ဖြစ်စေ၊ ဒေသခံတွေအပါအဝင် လူဦးရေ ခြောက်သောင်းကိုအလုပ်အကိုင်ဖန်တီးပေးနိုင်ရင်ဖြစ်စေ၊ အဲဒီနှစ်ခုတည်းကတစ်ခုကို လုပ်ပေးနိုင်ရင် နောက်ထပ် ခုနစ် စတုရန်းကီလိုမီတာ ထပ်ပေးမယ်။ ဒီအပေါ်မှာလည်း အပေါ်က ပြောခဲ့တဲ့ နှစ်ချက်ထဲက တစ်ချက်ကို နှစ်နှစ်အတွင်း ဖြည့်ဆည်းပေးနိုင်ရင် ကျွန်တော်တို့က နောက်ထပ် ခုနစ် စတုရန်းကီလိုမီတာထပ်ပေးမယ်။ ဒီအပေါ်မှာ အထက်ပါအတိုင်း ဖြည့်ဆည်းပေးနိုင်ရင် နောက်ထပ် ခြောက် စတုရန်းကီလိုမီတာ ထပ်ပေးပါမယ်။ ပထမအဆင့် ၂၇ စတုရန်းကီလိုမီတာကို (၇-၇-၇-၆) လေးခါခွဲပေးတဲ့ သဘောပါ။ စီမံကိန်းကာလကို ရှစ် နှစ်ခန့်ကြာမယ်လို့ ခန့်မှန်းထားပါတယ်။ ကနဦး စီမံကိန်းမှာ အဆင့် လေး ဆင့် ခွဲထားပြီး တစ်ဆင့်ကို အလုပ်အကိုင် ခြောက်သောင်းဖန်တီးပေးရမယ်လို့ သတ်မှတ်ထားတယ်။ ပင်မစီမံကိန်းသာ အကောင်ထည်ပေါ်လာပြီဆိုရင်တော့ ဒေသခံတွေသာမက မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ကျွမ်းကျင်ပညာရှင်တွေ၊ ကာယ၊ ဉာဏ လုပ်သားတွေ အားလုံးအတွက် အလုပ်အကိုင်တွေ ပေါ်ပေါက်လာမှာပါ။

**မေး။ ။ ကနဦးစီမံကိန်းအတွင်းမှာ ပါဝင်နေတဲ့ ရွှေ့ပြောင်းပေးရတဲ့ ဒေသခံတွေအတွက်ရော ဘယ်လို စီစဉ်ဆောင်ရွက်ပေးမှာပါလဲ။**

ဖြေ။ ။ ကျွန်တော်တို့ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကြီး စတင်ချိန်ကတည်းကနေစပြီးတော့ ၂၀၁၀ နိုဝင်ဘာတည်းက အီတာလျံ-ထိုင်း ကုမ္ပဏီက လုပ်ငန်းတွေ စလုပ်ပါတယ်။ ဒီအခါမှာ မြေယာလျော်ကြေးပေးတာတို့၊ ရွှေ့ပြောင်းရမယ့် သူတွေအတွက်ကို အိမ်ရာဆောက်လုပ်ပေးတာတို့ ဆောင်ရွက်ပါတယ်။ ဒါပေမယ့်လည်း လျော်ကြေးပေးခဲ့တာတွေရှိပြီးတော့ အမှန်တကယ် ရွှေ့ပြောင်းခြင်းကိုတော့ မဆောင်ရွက်ခဲ့ရသေးပါဘူး။ ကျွန်တော်တို့ ကနဦးစီမံကိန်း လုပ်မယ်ဆိုလို့ရှိရင် လုပ်ငန်းဆောင်ရွက်မယ့်သူက မြေယာလျော်ကြေးပေးဖို့ ဒီဧရိယာအတွင်းမှာ နေထိုင်တဲ့သူတွေကို နိုင်ငံတကာအဆင့်အတန်းနဲ့အညီ ရွှေ့ပြောင်းပေးနိုင်ဖို့အတွက်ကို နိုင်ငံတကာ အသိအမှတ်ပြု အကြံပေးတွေကို ငှားရမ်းပေးရမှာဖြစ်ပါတယ်။ ဒီငှားရမ်းပေးထားတဲ့ အကြံပေးရဲ့ နိုင်ငံတကာစံချိန်စံညွှန်းများအတိုင်း အကြံပေးမှုကို ကျွန်တော်တို့ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီကနေ ကြီးကြပ်ပြီးတော့ ပြောင်းရွှေ့ခြင်းနဲ့ လျော်ကြေးပေးခြင်းလုပ်ငန်းတွေကိုဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ထားဝယ် အထူးစီးပွားရေးဇုန်အတွက် ဖွဲ့စည်းထားတဲ့ ဆပ်ကော်မတီ ခြောက်ခုထဲမှာ ရပ်ရွာဒေသ လူမှုအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဆိုင်ရာဆပ်ကော်မတီ ပါဝင်ပါတယ်။ ဒီဆပ်ကော်မတီကလည်း ပူးပေါင်းပြီးဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးဒေသရှိ ပဋိပက္ခဖြစ်ပွားခဲ့သော လောက်ကိုင်၊ မန်တုံ၊ နမ့်ခမ်း၊ ကွတ်ခိုင်၊ ဟိုပန်ဒေသတို့မှ ပြည်သူများကို နိပွန်ဖောင်ဒေးရှင်းက လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့မှုအခမ်းအနားကျင်းပ



**လားရှိုး မေ ၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးဒေသ ပဋိပက္ခဖြစ်ပွားခဲ့သော လောက်ကိုင်၊ မန်တုံ၊ နမ့်ခမ်း၊ ကွတ်ခိုင်၊ ဟိုပန်ဒေသတို့မှ ပြည်သူများအတွက် ဂျပန်နိုင်ငံသားများက နိပွန်ဖောင်ဒေးရှင်းမှတစ်ဆင့် လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့မှုပေးအပ်ခြင်း အခမ်းအနားကို မေ ၈ ရက် နံနက် ၈နာရီခွဲက လားရှိုးမြို့ ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိန်အုပ်က အမှာစကားပြောကြားပြီး The Nippon Foundation မှ Project Manager Jummosuke Matsushima က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မန်တုံမြို့နယ်အတွက် ဆန်အိတ် ၁၂၉၀၊ ဆိုလာမီးအိမ် ၈၅ ခု၊ ဆေးရည်စိမ်ခြင်ထောင် ၈၅ လုံးတို့ကို မန်တုံမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဥက္ကဋ္ဌတို့အားလည်းကောင်း၊ ကွတ်ခိုင်မြို့နယ်အတွက် ဆန် ၃၃၄၅ အိတ်၊ ဆိုလာမီးအိမ် ၆၆၁ ခု၊ ဆေးရည်စိမ်ခြင်ထောင် ၆၆၁ လုံးတို့ကို ကွတ်ခိုင်မြို့နယ်အုပ်ချုပ်ရေးမှူးအား လည်းကောင်း၊ နမ့်ခမ်းမြို့နယ်အတွက် ဆန် ၁၉၈၉ အိတ်၊ ဆိုလာမီးအိမ် ၄၃၅ ခု၊ ဆေးရည်စိမ်ခြင်ထောင် ၄၃၅ လုံးတို့ကို နမ့်ခမ်းမြို့နယ်အုပ်ချုပ်ရေးမှူးအားလည်းကောင်း၊ လောက်ကိုင်မြို့နယ်အတွက် ဆန် ၁၁၅၉၂ အိတ်၊ ဆိုလာမီးအိမ် ၂၀၉၇ခု၊ ဆေးရည်စိမ်ခြင်ထောင် ၂၀၉၇လုံးတို့ကို လောက်ကိုင်ခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးအားလည်းကောင်း၊ ဟိုပန်မြို့နယ်အတွက် ဆန် အိတ် ၆၀၊ ဆိုလာမီးအိမ် ၁၆ ခု၊ ဆေးရည်စိမ်ခြင်ထောင် ၁၆ လုံးတို့ကို တာဝန်ရှိသူတစ်ဦးအားလည်းကောင်း Project Manager က ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ပြည်နယ်ဒုတိယအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ Project Manager တို့သည် လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်သို့ သွားရောက်ကာ ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပုညနန္ဒအား ဖူးမြော်ကြည်ညိုပြီး ဆန်အိတ် ၆၄၂ အိတ်ကို လှူဒါန်းခဲ့သည်။

အဆိုပါ ထောက်ပံ့ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ရှမ်းပြည်နယ်အစိုးရနှင့် ဂျပန်နိုင်ငံ Nippon Foundation တို့က ပူးပေါင်းစီစဉ်လှူဒါန်းခဲ့ကြပြီး စုစုပေါင်းတန်ဖိုးငွေကျပ် ၅၁၃၄၉၃၆၀၀ ဖြစ်ကြောင်း သိရသည်။

**ဝေလင်း**

# မုံရွာမြို့တွင် မိုးသက်လေပြင်းကျသဖြင့် နေအိမ်များပေါ်သို့ သစ်ပင်များပြိုလဲ၊ လူတစ်ဦးထိခိုက်ဒဏ်ရာရရှိ

**မုံရွာ မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပေါ်ရပ်ကွက်များနှင့် မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် မေ ၇ ရက် ညနေပိုင်းက မိုးသက်လေပြင်းများကျရောက်ပြီး သစ်ပင်များ၊ လမ်းများ၊ လူနေအိမ်များပေါ်သို့ ကျရောက်သဖြင့် လူနေအိမ်များ၊ လျှပ်စစ်မီးကြိုးများ ပျက်စီးခဲ့ကြောင်း သိရသည်။

မိုးသက်လေပြင်းကျရောက်မှုနှင့်ပတ်သက်ပြီး "မုံရွာမြို့မှာ မေ ၇ ရက်က အပူချိန် ၄၂ ဒသမ ၂ စင်တီဂရိတ်၊ မိုးရေချိန် ၀ ဒသမ ၅၁ လက်မရွာသွန်းခဲ့တယ်။ လေတိုက်နှုန်းကတော့ တစ်နာရီ ၃၀-၃၅ မိုင်နှုန်း မှတ်တမ်းတင်နိုင်ခဲ့တယ်။ ရွှေဘိုမြို့လည်း မုံရွာနဲ့ အတူတူပဲ။ ဟုမ္မလင်းမြို့တွေမှာလည်း ဖြစ်သေးတယ်။ မုံရွာမြို့မှာတော့ ညနေ ၆ နာရီ ၁၅ မိနစ်လောက်မှာ မိုးရွာပြီးလေတိုက်တာ ညနေ ၆ နာရီ မိနစ် ၅၀ လောက်မှာ ရပ်သွားတယ်" ဟု တိုင်းဒေသကြီးဇလဗေဒနှင့်မိုးလေဝသညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မိုးသက် လေပြင်းကျသဖြင့် ပျက်စီးမှုများနှင့်ပတ်သက်ပြီး "အဓိကကတော့ မုံရွာတောင်ရပ်ကွက်၊ ညောင်ပင်သာ၊ ညောင်ပင်ဇောက်၊ လင်းပင်၊ လင်းပင်ဝ၊ ထနောင်းဝင်းနဲ့ ဇလုပ်ကျေးရွာတွေမှာ သစ်ပင်တွေလဲတယ်။ မုံရွာတောင်ရပ်ကွက်မှာ နှစ်နေရာ၊ အေးသာယာရပ်ကွက်မှာ တစ်နေရာ အိမ်တွေကို သစ်ပင်တွေပိတယ်။ မုံရွာတောင်ရပ်ကွက်က တစ်အိမ်ကတော့ လူတစ်ဦးကို ပိလို့ခေါင်းကို ၁၆ချက် ချုပ်ရတယ်။ ရှင်းလင်းရေးလုပ်ငန်းတွေ ညကတည်းက လုပ်နေတယ်။ မုံရွာ-ရေဦး လမ်းမပေါ်တစ်လျှောက်မှာ တိုင်းဒေသကြီး လုံခြုံရေးနဲ့ နယ်စပ်ရေးရာဝန်ကြီး၊ သစ်တော၊ သတ္တုနှင့်စွမ်းအင်ဝန်ကြီးတို့က ဦးစီးပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေ၊ ရပ်ကွက်နေပြည်သူတွေ၊ လူမှုရေး အသင်းအဖွဲ့ဝင်တွေ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်တွေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေနဲ့ ရပ်ကွက်နေ ပြည်သူတွေက ပိနေတဲ့အိမ်တွေကို ဝိုင်းဝန်းပြီးဖယ်ရှား ရှင်းလင်းနေပါတယ်။ ရှင်းလင်းတဲ့ သစ်ပင်သစ်ကိုင်းတွေကို ကုမ္ပဏီတွေ၊ စည်ပင်သာယာရေးကော်မတီပိုင် ကားတွေ၊ သစ်လုပ်ငန်း၊ ဆည်မြောင်းက ကားတွေနဲ့ သယ်ယူနေပါတယ်။ လျှပ်စစ်မီး အမြန် ပြန်လည်ရရှိရေးအတွက်လည်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်းက ဝန်ထမ်းတွေ ဆောင်ရွက်နေပါတယ်" ဟု မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးညွန့်စိုးက ပြောသည်။

**ဖိုးချမ်း(မုံရွာ)**



# လယ်ထဲ၌ဖုန်းပြောစဉ် မိုးကြိုးပစ်၍သေဆုံး

**မင်းဘူး မေ ၈**

မေ ၇ ရက် ညနေ ၄ နာရီခွဲက မင်းဘူးမြို့နယ် စကုနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ပေကုန်းကျေးရွာအနီး လယ်ထဲ၌ လူတစ်ဦးမိုးကြိုးပစ်ခံရ၍ သေဆုံးသွားကြောင်း သတင်းအရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ မင်းဘူး(စကု)မြို့နယ် ပေကုန်းကျေးရွာနေ ကိုသူသူမင်း (၁၉ နှစ်) ဖြစ်ပြီး ကျေးရွာတောင်ဘက် လယ်ထဲ၌ နှမ်းစိုက်ရန်အတွက် ရေသွင်းရင်း ဖုန်းပြောနေစဉ် မိုးရွာသွန်းပြီး မိုးကြိုးပစ် ခံရသောကြောင့် ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် စကုနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**


## အထူးကျေးဇူးတင်ရှိခြင်း

မေ ၇ ရက်မှ ၁၀ ရက်အထိ တပ်မတော်ခန်းမတွင် ကျင်းပပြုလုပ်သော International Security & Office Solution With Modern Electronic Expo 2015 "ခေတ်သစ်ကမ္ဘာတွင် လုံခြုံစွာနေထိုင်နိုင်ဖို့ လုံခြုံရေးဆိုင်ရာပစ္စည်း မိတ်ဆက်ပွဲကြီးနှင့် ရုံးသုံး၊ လုပ်ငန်းသုံး အီလက်ထရွန်နစ်ပစ္စည်းများပြပွဲကြီး" ကို Fisca Security & Communication Co.,Ltd.(Fisca Enterprises) မှ Main Sponsor ပြုလုပ်၍ အောင်မြင်စွာကျင်းပပြီး မေ ၇ ရက် နံနက် ၇း၃၀နာရီတွင် ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်းနှင့် Fisca Enterprises မှ Managing Director ဦးဇော်ဝိတ်တို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**Myanmar Promotional Services (MPS)Co.,Ltd.**

## ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ကလောမြို့၊ (၃)ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် ၄၆၊ ဗိုလ်ကုန်းအရှေ့ပိုင်းရပ် ၊ ဦးပိုင်အမှတ် ၄/၄၊ မြေကွက်အမှတ် ၁၃/၁၃၈၊ မြေဧရိယာ ၀ဒသမ၇၄၆ဧက အကျယ်အဝန်းရှိ မြေကွက်၏ တောင်ဘက်ခြမ်း မြေဧရိယာ ၀ဒသမ၃၃ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဒေါ်ယဉ်သန်းစိုး (ဘ) ဦးဝင်းဟန် ၅/တမန(နိုင်)၀၃၄၅၉၇က တရားဝင်ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် ဒေါ်ယဉ်သန်းစိုးထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူသွားရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုသူများရှိ ပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုပေါ်ပေါက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ငြိမ်း (B.A, LL.B) (စဉ်- ၁၅၉၄)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၃၀၊ ဂေါ်သဇင်လမ်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့၊ ဖုန်း-၀၉-၄၃၀၂၈၁၇၀၊ ၀၅၂-၂၂၀၀၉၉၄

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးထွန်းထွန်း၏သား နေပြည်တော် ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့၊ အထက(၁) ပဋ္ဌမတန်း(A)မှ မောင်သက်ပိုင်လင်း ၉/ပမန(နိုင်)၂၈၀၇၆၇နှင့် မောင်မင်းထက်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ မောင်မင်းထက်(ခ) မောင်သက်ပိုင်လင်း

## တစ်ဦးတည်းဖြစ်ပါကြောင်း

သံဖြူဇရပ်မြို့၊ ကြံ့ခိုင်ရေးရပ်ကွက်၊ ၄ရွှေဝါလမ်းသွယ်နေ ဦးကွန်ချွေး၏သား ဦးဝင်းမြင့် ၁၀/သဖရ(နိုင်)၀၁၀၂၀၉နှင့် ဦးဝင်းမြင့်အောင်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးဝင်းမြင့်(ခ)ဦးဝင်းမြင့်အောင်

## လူပျောက်ကြော်ငြာ

ပဲခူးမြို့နယ်၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၇)၊ ဓမ္မစေတီလမ်း၊ အမှတ် ၄၂/၄၃ နေ ဦးနိုင်လင်း ၇/ပခန(နိုင်)၂၁၃၄၈၆၏ဇနီး ဒေါ်မေသက်ခိုင် ၁၂/သကတ (နိုင်)၀၈၉၅၆၁နှင့် ပါသွားသော TOYOTA WISH(2J.7452) အနက်ရောင်၊ အိမ်ဂရန်၊ ကလေးဆွဲကြိုး၊ ဟမ်းချိန်းအခေါက်၊ ကလေးလက်စွပ်၊ ဆွဲကြိုး ပုတီးပုံစံ၊ ဟမ်းချိန်းပုတီးပုံစံ၊ လက်စွပ်အခေါက်၊ မဟူရာလက်စွပ်၊ မဟူရာဆွဲသီး၊ Mc ဆွဲကြိုး၊ ရေအိုးဆွဲသီး၊ MC ဟမ်းချိန်း၊ ငွေသား၊ LED TV(Hitachi 42")၊ အိမ်ထောင်စုဇယား၊ သားရဲဘုန်းလင်း မွေးစာရင်းများဖြင့် ၂-၅-၂၀၁၅ရက်တွင် နေအိမ်မှထွက်သွားရာ ပြန်လည်ရောက်ရှိမလာပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ လက်ခံထားသူအား ဥပဒေအရ အရေးယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးအပ်ပါသည်။

ဦးနိုင်လင်း
ဖုန်း-၀၉-၅၀၆၃၂၅၀၊ ၀၉-၄၂၈၁၄၂၅၅၇

# သေဆုံးခဲ့သော မိဘများ၏ပင်စင်ကို ရာစုနှစ်တစ်ဝက်ကြာထုတ်ယူသူကို ဖမ်းဆီးထား

**တိုကျို မေ ၈**

အသက် ၈၆ နှစ်အရွယ်ရှိ ဂျပန်အမျိုးသမီးတစ်ဦးကို ရာစုနှစ်တစ်ဝက်မျှ ၎င်းမိဘများ၏ ပင်စင်ကို ထုတ်ယူခဲ့သည့်အတွက် ဖမ်းဆီးထားကြောင်း သက်ဆိုင်ရာရဲတပ်ဖွဲ့က ပြောသည်။

မစ်ဆု ဆူဇူကီးသည် မိဘများ၏ပင်စင်ကို ဆယ်စုနှစ်ငါးစုကျော် ယန်း သန်း ၅၀ ကျော် ထုတ်ယူပြီးဖြစ်သည်ဟု ယူဆရသည်။ ဂျပန်နိုင်ငံသည် တစ်စုံတစ်ဦးသေဆုံးသွားလျှင် လူမှုဖူလုံရေးငွေများကို အချိန်ကြာမြင့်စွာ ခံစားခွင့်ပြုထားသည့် နိုင်ငံဖြစ်သည်။ ငွေကြေးဆက်ခံပိုင်ခွင့်ရှိသူသည် သေဆုံးသူနှင့် အတူ နေထိုင်ခဲ့သူ ဖြစ်ရမည်။

ပင်စင်အေဂျင်စီမှအရာရှိက ဂီဖူရှိ အာဏာပိုင်များနှင့် ဆက်သွယ်ကာ မစ်ဆုဆူဇူကီး၏ မိဘများကျန်းမာရေး အခြေအနေနှင့်ပတ်သက်၍ မေးမြန်းသည့်အခါ ၎င်းတို့မှာသေဆုံးခဲ့ပြီဖြစ်ကြောင်း သိရှိခဲ့ရပြီး ဆူဇူကီးကို ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခဲ့ခြင်းဖြစ်သည်။

ဂီဖူရှိအရာရှိက ဆူဇူကီး၏မိဘများမှာ ၁၉၆၀ ပြည့်နှစ်များကတည်းက သေဆုံးသွားခဲ့ကြောင်း ပြောခဲ့သည်။ ဆူဇူကီးကို ၂၀၁၃ ဧပြီမှ ၂၀၁၄ ဒီဇင်ဘာထိ ယန်း ၂ ဒသမ ၆ သန်း ထုတ်ယူခဲ့သည့်အတွက် ယမန်နေ့ညက သူ့ကို ဖမ်းဆီးသွားခဲ့ကြောင်း ဂီဖူစီရင်စုရဲဌာနမှ အရာရှိကပြောခဲ့သည်။

၂၀၁၀ ခုနှစ်တွင်လည်း တိုကျိုရှိ မိသားစုတစ်ခုသည် ဆိုဂန်ကာတိုတာသေဆုံးသည်ကို အကြောင်းမကြားဘဲ နှစ် ၃၀ တိုင် ယန်း ၁၈ သန်းထုတ်ယူခဲ့သည့်အတွက် ရဲက ဖမ်းဆီးခဲ့သည်။

ယင်းကဲ့သို့ အဖြစ်အပျက်များ ဖြစ်ပွားခဲ့ပြီးသည့်နောက် ကျန်းမာရေးဝန်ကြီးဌာနက ပင်စင်ခံစားလျက်ရှိသော တစ်နိုင်ငံလုံးရှိ သက်ကြီးရွယ်အိုများကို စုံစမ်းခဲ့သည်။ **(ပီတီအိုင်)**



# ဗြိတိန်ရွေးကောက်ပွဲ လက်ရှိဝန်ကြီးချုပ်အနိုင်ရ

**လန်ဒန် မေ ၈**

ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်း၏ ကွန်ဆာဗေးတစ်ပါတီသည် ဗြိတိန်ရွေးကောက်ပွဲတွင် ထောက်ခံမဲအများဆုံးနှင့် အနိုင်ရရှိသွားပြီး နောက်ထပ် ငါးနှစ်သက်တမ်းအုပ်ချုပ်ရတော့မည်ဖြစ်သည်။ အဓိကအတိုက်အခံလေဘာပါတီခေါင်းဆောင် အက်မီလီဘန့်က ရွေးကောက်ပွဲတွင်ရှုံးနိမ့်ခဲ့သည်။ ရွေးကောက်ပွဲအမတ်နေရာ ၆၅၀ အနက် ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း၏ ကွန်ဆာဗေးတစ်ပါတီသည် ၃၃၀ နေရာ အနိုင်ရရှိထားပြီး အတိုက်အခံလေဘာပါတီသည် ၂၃၂ နေရာရရှိထားသည်။ ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းက ၎င်းအနေဖြင့် မဲအနိုင်ရရှိ၍ လာမည့်ရက်ပိုင်းအတွင်း အစိုးရသစ်ဖွဲ့စည်းရဖွယ်ရှိကြောင်း ပြောကြားသည်။

ဒီအောင်မြင်မှုသည် ကျွန်တော်တို့အားလုံးအတွက် အချိုမြိန်ဆုံးဖြစ်ကြောင်း ပါတီဌာနချုပ်၌ ဒေးဗစ်ကင်မရွန်းက ၎င်းကို ထောက်ခံသူများအား ပြောကြားခဲ့သည်။ ဒေးဗစ်ကင်မရွန်းသည် ၁၉၈၃ ခုနှစ်က မာဂရက်သက်ချာပြီးနောက် ပြန်လည်အရွေးခံရသည့် ပထမဆုံးဝန်ကြီးချုပ် ဖြစ်လာဖွယ်ရှိကြောင်း ရွေးကောက်ပွဲကျွမ်းကျင်သူ ပါမောက္ခဘာမွန်ဘော့ဒါနာက ပြောသည်။

ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းက ၎င်း၏ပါတီအနိုင်ရရှိခဲ့ပါက ဗြိတိန်နိုင်ငံကို တိုးတက်မှုများဆက်လက်ရရှိအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားလိုက်သည်။ **(ရိုက်တာ)**

# အာဖဂန်အရှေ့ပိုင်း တိုက်ခိုက်မှုကြောင့် ရဲနှစ်ဦးနှင့် စစ်သွေးကြွ ၂၁ ဦး သေဆုံး

**ကဘူးလ် မေ ၈**

အာဖဂန်နိုင်ငံ အရှေ့ပိုင်း တွင် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီး ရဲနှစ်ဦးနှင့် စစ်သွေးကြွ ၂၁ ဦး သေဆုံးခဲ့သည်ဟု သောကြာနေ့တွင် ပြည်နယ်အစိုးရက ပြောခဲ့သည်။

အာဖဂန်နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ လှည့်ကင်းနှင့် စစ်သွေးကြွများ ထိတွေ့ခဲ့ကြပြီးနောက် စစ်သွေးကြွ ၁၃ ဦးနှင့် အာဖဂန်နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ရဲတစ်ဦး သေဆုံးခဲ့ပြီး စစ်သွေးကြွ ၁၈ ဦးနှင့် ရဲတစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ထိုနေ့မှာပင် စစ်သွေးကြွခြောက်ဦးဒဏ်ရာရရှိခဲ့ပြီး ရဲတစ်ဦးနှင့် စစ်သွေးကြွရှစ်ဦး သေဆုံးခဲ့သည်။

နေတိုးဦးဆောင်သော တပ်ဖွဲ့ဝင်များ ရုပ်သိမ်းသွားသည့်အခါ အမေရိကန်နှင့် နေတိုးတပ်ဖွဲ့တို့ထံမှ လုံခြုံရေးဆိုင်ရာ ထောက်ပံ့မှုများ ရပ်ဆိုင်းသွားလိမ့်မည်ဟု အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များက ယူဆကြသည်။ **(ဆင်ဟွာ)**

# အိုင်အက်စ်တို့ကိုတိုက်ခိုက်ရန် ဆီးရီးယားစစ်သွေးကြွများအား အမေရိကန်က စစ်သင်တန်းစတင်ပေး

**ပင်တဂွန် မေ ၈**

အမေရိကန်က အိုင်အက်စ်စစ်သွေးကြွများကိုတိုက်ခိုက်မည့် ဆီးရီးယားစစ်သွေးကြွများကို လေ့ကျင့်ပေးရန် ကာလကြာရှည်စွာစောင့်ဆိုင်းခဲ့ရသည့် အစီအစဉ်တစ်ရပ်ကို စတင်လိုက်ပြီဖြစ်ကြောင်း၊ ဆွန်နီစစ်သွေးကြွများကို ဆန့်ကျင်သော ရှစ်လကြာ လေကြောင်းတိုက်ခိုက်မှုအပြီး အမေရိကန်အနေဖြင့် ဆီးရီးယားပြည်တွင်းစစ်အတွင်း အဓိကအခန်းကဏ္ဍကို ကြီးထွားစေကြောင်း ပင်တဂွန်က ကြာသပတေးနေ့တွင် ပြောသည်။

အမေရိကန်စစ်ဘက်သည် ပထမဆုံးအနေနှင့် ဆီးရီးယားစစ်သွေးကြွ ၉၀ ကိုသာ လေ့ကျင့်ပေးသွားမည်ဟုဆိုသည်။ အဆိုပါ လေ့ကျင့်မှုကို လွန်ခဲ့သောရက်များက စတင်ခဲ့ကြောင်း ဂျော်ဒန်အစိုးရ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

သို့သော်လည်း အဆိုပါစစ်ရေးလေ့ကျင့်သင်ကြားပေးမှုကို တူရကီနိုင်ငံရှိ အခြားတစ်နေရာတွင် မကြာမီစတင်လိမ့်မည်ဟု အရှေ့အလယ်ပိုင်းသတင်းရပ်ကွက်များက ဆိုသည်။

ပင်တဂွန်အနေဖြင့် လာမည့်သုံးနှစ်အတွင်း အိုင်အက်စ်စစ်သွေးကြွများအား တိုက်ခိုက်ချေမှုန်းပေးမည့် စစ်သွေးကြွအတိုက်အခံတပ်ဖွဲ့ဝင် ၁၅၀၀၀ အား စစ်သင်တန်းပေးသွားရန် ခန့်မှန်းထားသည်ဟု ဆိုသည်။

အမေရိကန်အနေဖြင့် ဆီးရီးယားနှင့်စစ်ပွဲမဖြစ်ခင်ကတည်းက အိုင်အက်စ်စစ်သွေးကြွများအား ပစ်မှတ်ထားသည့် အစီအစဉ်ဖြစ်ကြောင်း အိုဘားမားအစိုးရက ပြောသည်။

**(ရိုက်တာ)**




## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဗိုလ်ကြီးရွှေကို(ငြိမ်း)-ဒေါ်လေးခိုင်တို့၏သားကြီး
**ဗိုလ်ကြီးအောင်ဖြိုးဟိန်း B.C.Sc(DSA)**
**နှင့်**
တောင်ငူမြို့နေ
ဦးကျော်ကျော်မင်း-ဒေါ်ခင်သက်နွယ်တို့၏သမီးကြီး
**မအိန္ဒြာမိုလာမင်း B.E(Civil)(CB Bank)**

တို့သည် ၈-၅-၂၀၁၅ရက်(သောကြာနေ့)တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိပုဂ္ဂိုလ်များ၏ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးအောင်ဖြိုးဟိန်း-မအိန္ဒြာမိုလာမင်း**

## အမည်ပြောင်း

ဦးကျော်စိုးမိုးအောင် ၁/မညန(နိုင်) ၁၀၄၇၃၃၏သား ဟောင်ပါးတွဲဖက်အထက ဒုတိယတန်း(က)တွင် ပညာသင်ကြားနေသော မောင်သားထူးအား မောင်ထူးလင်းအောင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မောင်ထူးလင်းအောင်**

## အမည်ပြောင်း

လှည်းကူးမြို့နယ်၊ အ.ထ.က အင်းတိုင် Grade-7 ၌ ပညာသင်ကြားနေသော အဖ ဦးမိုးကျော်သူ(၁၃/လခတ(နိုင်) ၀၂၈၄၀၀)၏သားဖြစ်သူ မောင်မင်းခန့်ကျော်အား မောင်မင်းခန့်သော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ မောင်မင်းခန့်သော်

## ကျန်းမာရေးဦးစီးဌာန
## ကုသရေးဦးစီးဌာန
## ပြည်သူ့ဆေးရုံကြီး-မော်လမြိုင်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း မွန်ပြည်နယ် မော်လမြိုင်ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံတက်ရောက်ကုသနေသော လူနာများအတွက် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **လျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၅-၅-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၄-၆-၂၀၁၅ ရက် ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။ **ဆေးရုံအုပ်ကြီးရုံး**
**ပြည်သူ့ဆေးရုံကြီး-မော်လမြိုင်မြို့**
**ဖုန်း-၀၅၇-၂၄၈၃၉**

## ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးထားခြင်း

ယာဉ်အမှတ်DD/6531၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အအုံဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာန ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် ဆောက်လုပ်မည့်ဝန်ထမ်းအိမ်ရာ အဆောက်အအုံများ ဆောက်လုပ်ခြင်းအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၁-၅-၂၀၁၅ ရက်

၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၁၈-၅-၂၀၁၅ရက်

၄။ **တင်ဒါပုံစံတင်သွင်းရမည့်နောက်ဆုံးရက်** -၂၅-၅-၂၀၁၅ ရက်
(ကုမ္ပဏီဆိုင်ရာအချက်အလက်များနှင့် စံချိန်စံညွှန်းများ)

၅။ Technical အောင်မြင် သည့်လုပ်ငန်းရှင်များ၏ Financial Proposal များကိုသာ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၆။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၁-၅-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရွေးချယ်ရေးအဖွဲ့**
**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီး၊ ရုံးအမှတ် ၁၁၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၀၇၄၄၉၊ ၀၉-၅၁၆၁၉၇၁**

# တောမီးရှို့ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဆောင်းပါး - ဇူလိုင်မိုး(မြန်မာ့အလင်း)
ဓာတ်ပုံ - ချစ်သမီး



ကမ္ဘာ့လေထုအတွင်း သက်ရှိတို့အတွက် အဆိပ်ဖြစ်စေသောကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကို စုပ်ယူ၍ အသက်ဓာတ်ဖြစ်သော အောက်ဆီဂျင်ကို ထုတ်လုပ်ပေးသောသစ်တော၊ သစ်ပင်တို့သည် တစ်စုံတစ်ရာ အကြောင်းကြောင်းကြောင့် တောမီးများ လောင်ကျွမ်းသောအခါ အပူရှိန်ကြောင့်လောင်ကျွမ်းသေဆုံးရင်း အဆိပ်ငွေ့ဖြစ်သော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ လေထုအတွင်းအမြောက်အမြားထုတ်လွှင့်သည်။ ကမ္ဘာကြီးပူနွေးမှုကို ထိန်းညှိအေးမြစေသော သစ်ပင်များသည် တောမီးကြောင့်လောင်ကျွမ်းရင်း မြင့်မားသောအပူချိန်ကို ထုတ်လွှတ်သောကြောင့် ပတ်ဝန်းကျင်ဂေဟစနစ်များကိုလည်း ထိခိုက်ပျက်စီးစေနိုင်သည်။

ယခုအခါ တောင်ယာစိုက်ခင်းများစိုက်ပျိုးခြင်း၊ ထင်း၊ မီးသွေးသုံးစွဲခြင်း၊ မိမိတို့အိမ်မွေးတိရစ္ဆာန်များကျက်စားရန် စားကျက်မြေချဲ့ထွင်ခြင်း စသည့်အကြောင်း အမျိုးမျိုးဖြင့် တောမီးရှို့ခြင်းများ ပြုလုပ်နေကြသည်ကိုတွေ့ရသည်။ ထိုသို့တောမီးများရှို့ခြင်းကြောင့် သစ်ပင်ထဲတွင် သိုလှောင်ထားသောကာဗွန်များသည် လေထုထဲသို့ပျံ့နှံ့သွားပြီး လေထုညစ်ညမ်းမှုများဖြစ်ပေါ်ကာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သည်။ မည်သည့်အချိန်တောမီးလောင်မည်ကို မသိနိုင်သော်လည်း သိလျှင်သိချင်း ထိန်းသိမ်းငြိမ်းသတ်နိုင်ဖို့ တောမီးမလောင်ကျွမ်းနိုင်အောင် ကြိုတင်ကာကွယ်နိုင်မည့် အစီအမံပညာပေးများ လိုအပ်သည်။

သဘာဝဘေးအန္တရာယ်များဖြစ်ပွားရာ အရင်းအမြစ်များကို သေချာစွာဆန်းစစ်လေ့လာကြည့်ရာတွင် လူသားများကြောင့်အများဆုံးဖြစ်သည်ဟု သိရသည်။ အထူးသဖြင့် ကမ္ဘာ့လူဦးရေ၏ ယခုအခါတိုးပွားလာမှုနှုန်းမှာ ဆပွားဖြင့်တိုးတက်လာသည်ကို တွေ့ရသည်။ တိုးပွားလာသောလူဦးရေအများစုသည် အသက်ရှင်နေထိုင်ရေးအတွက် သဘာဝသယံဇာတများနှင့် သဘာဝပတ်ဝန်းကျင်အပေါ်တွင် မှီခိုလာကြရတော့သည်။ ထိုသို့မှီခိုရာတွင် တောမီးရှို့၍ မြေနေရာများချဲ့ထွင်လာကြသည်။ ထိုသို့တောမီးများရှို့ခြင်းကြောင့် သစ်ပင်ထဲတွင် သိုလှောင်ထားသော ကာဗွန်များသည် လေထုထဲသို့ပျံ့နှံ့သွားပြီး လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်ကာ သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေနိုင်သည်။

ထို့ကြောင့် ဒေသခံပြည်သူများသည် တောမီးများရှို့ခြင်းနှင့် သစ်တောပြုန်းမည့်လုပ်ရပ်များကို အထူးရှောင်ကြဉ်ရန်လိုအပ်သည်။ သို့မှသာ မိမိပတ်ဝန်းကျင်သည် သဘာဝတရား၏အလှ၊ သဘာဝဂေဟစနစ်၊ သက်ရှိသတ္တဝါများ၏ ရှင်သန်နေထိုင်မှုစနစ်များ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်မည်ဖြစ်သည်။

တောမီးလောင်ရခြင်းအမျိုးမျိုးတွင် လူသားတို့၏ရှို့မီးကြောင့်လည်းကောင်း၊ တောထဲရှိ သစ်ပင်၊ ဝါးပင်အချင်းချင်းပွတ်တိုက်မိ၍သော်လည်းကောင်း၊ မိုးကြိုးပစ်ခြင်းကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့်သော်လည်းကောင်း ဖြစ်ပေါ်စေတတ်သည်။ ထိုသို့ အကြောင်းကြောင်းကြောင့် တောမီးလောင်ရာ၌ (Ground Fire) ခေါ် မြေရှပ်မီးလောင်ခြင်းသည် အန္တရာယ်မရှိနိုင်သော်လည်း (Forest Fire)ခေါ် တစ်တောလုံးလောင်ကျွမ်းသည်ဆိုပါက သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သည်။ တောမီးလောင်ခြင်းသည် ပတ်ဝန်းကျင်ဂေဟစနစ်ကို ထိခိုက်စေနိုင်သည်။ ထို့ကြောင့် သဘာဝအလျောက်ဖြစ်စေ၊ မည်သည့်အကြောင်းကြောင့်ဖြစ်စေ တောမီးများလောင်နေသည်ကို တွေ့ရှိပါက သက်ဆိုင်ရာဌာနများနှင့် ဒေသခံပြည်သူများက အချိန်မီ ဝိုင်းဝန်းငြိမ်းသတ်နိုင်မည်ဆိုပါက အကောင်းဆုံးပင်ဖြစ်သည်။

ယခုအခါသဘာဝသစ်တောများ ပျက်စီးပြုန်းတီးနေမှုကို မိမိတို့နိုင်ငံ၏ ဒေသအသီးသီး၌ တွေ့နေရသည်။ လယ်ယာမြေချဲ့ထွင်ခြင်းကြောင့် လည်းကောင်း၊ လောင်စာအတွက် ထင်း၊ မီးသွေးသုံးစွဲမှုများကြောင့်လည်းကောင်း သစ်တောပြုန်းတီးမှုများသည် တစ်နေ့ထက်တစ်နေ့ များပြားလာသည်။ ရာသီဥတုဆိုးရွားမှုများကို ခံစားနေရသည့် နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံသည် ဒုတိယနေရာ၌ ရပ်တည်နေကြောင်း သိရသည်။ အဓိကမှာ သဘာဝသစ်တောများ ပြုန်းတီးခြင်းကြောင့်ပင်ဖြစ်သည်။ သဘာဝသစ်တောများ ပြုန်းတီးခြင်းမှာ တောမီးလောင်ကျွမ်းမှုများကြောင့် သော်လည်းကောင်း၊ လူသားများ၏ ပယောဂများကြောင့်သော်လည်းကောင်း သစ်ပင်၊ သစ်တောကြီးများ တစ်စတစ်စ ပြုန်းတီးလာခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၁၉၆၀ ပြည့်နှစ်တွင် သစ်တောဖုံးလွှမ်းမှုဧရိယာသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ၇၀ ရာခိုင်နှုန်းရှိခဲ့သော်လည်း ၂၀၀၈ ခုနှစ် စစ်တမ်းများအရ ၂၄ ရာခိုင်နှုန်းအထိ လျော့ကျလာခဲ့ကြောင်း သိရသည်။ သစ်တောများပြုန်းတီးလာခြင်းကြောင့် ရာသီဥတုပြောင်းလဲမှုများမှ ကမ္ဘာကြီးပူနွေးလာမှုများ ဖြစ်ပေါ်လာသည်။ ကမ္ဘာကြီးပူနွေးလာမှု၏ အကျိုးဆက်အဖြစ် ကမ္ဘာ့ဝန်ရိုးစွန်းများတွင်ရှိသော ရေခဲတောင်များ အရည်ပျော်ကာ ကမ္ဘာ၏ကျောက်လွှာများပေါ်တွင်ရှိသော ရေထု၏အလေးချိန်မျှခြေများ ပြောင်းလဲလာလျက် ထိုမှတစ်ဆင့် ကျောက်လွှာများလှုပ်ရှားလာကာ ငလျင်လှုပ်ခြင်းများ ဖြစ်ပေါ်လာသည်။



ထို့ကြောင့် ကမ္ဘာ၏ ရာသီဥတုပြောင်းလဲမှုကို လျော့နည်းပပျောက်အောင် လုပ်ဆောင်ခြင်းသည်လည်း ငလျင်လှုပ်ခြင်းကို လျော့နည်းအောင်လုပ်ဆောင်ခြင်းနည်းလမ်းတစ်ခုပင်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ဖြစ်ပွားရသည့် အကြောင်းရင်းများသည် သဘာဝ၏ဖြစ်စဉ်များကြောင့် သော်လည်းကောင်း၊ လူသားတို့၏လုပ်ဆောင်မှုများကြောင့်သော်လည်းကောင်း နှစ်ခုစလုံးကြောင့် ဖြစ်ပွားနေခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။

သစ်တောများပြုန်းတီးခြင်းသည် ရာသီဥတုဆိုးကျိုးကို ဖိတ်ခေါ်နေသကဲ့သို့ ဖြစ်နေသည်။ ယခုအခါ သစ်ပင်အသစ် ပြန်လည်စိုက်ပျိုးခြင်းထက် သစ်တောများမှ သစ်ပင်များကိုခုတ်ထွင် အသုံးပြုမှုများကိုသာ တွေ့မြင်နေရသည်။ သစ်တစ်ပင်ခုတ် ထောင်သုံးနှစ်၊ တောမီးမရှို့ရ အစရှိသည့် သတိပေးဆိုင်းဘုတ်များကိုလည်း ဒေသအသီးသီးတွင် တွေ့မြင်ရပြီး အချို့နေရာများတွင် သတိပေးဆိုင်းဘုတ်များ တောမီးနှင့်အတူ လောင်ကျွမ်းနေမှုများကိုလည်း တွေ့မြင်ရသည်။ ဤသည်ကား အများပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အားနည်းနေခြင်းကို ပြသနေခြင်း ဖြစ်သည်။

ဒေသခံပြည်သူများ စားဝတ်နေရေးအတွက်နှင့် အကျိုးစီးပွားရှာဖွေရေးသည် သစ်တောများပျက်စီးစေသည့်အကြောင်းရင်းဖြစ်သလို သဘာဝတောမီးလောင်ကျွမ်းခြင်းကလည်း တောင်ပေါ်ဒေသသစ်တောပျက်စီးမှုများနှင့် ဆက်စပ်လျက်ရှိသည်။ သဘာဝတောမီးလောင်ခြင်းကို အကြောင်းပြု၍ သစ်တောများကို မီးရှို့ဖျက်ဆီးပြီး တောင်ယာစိုက်ပျိုးရေးအတွက် မြေကြီးပြင်ဆင် စိုက်ပျိုးခြင်းများကြောင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်ပျက်စီးစေသလို သဘာဝရေထွက်များကိုလည်း ခန်းခြောက်စေသည့် ဆိုးကျိုးများလည်း ဖြစ်ပေါ်စေနိုင်သည်။ စိုက်ပျိုးခြင်းကြောင့် ပျက်စီးသွားသော သစ်ကြီး၊ ဝါးကြီးပင်များကို မည်ကဲ့သို့ ပြန်လည်စိုက်ပျိုးကြမည်နည်း၊ အစားထိုး အရိပ်ရသစ်ပင်များကို မည်သူပြန်လည်စိုက်ပျိုးမည်နည်းဆိုသောအချက်များကို ပြည်သူများအနေဖြင့် စဉ်းစားအကောင်ထည်ဖော် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတစ်ဝန်း သစ်တောများကို ကာကွယ်သင့်သည်။

ရာသီဥတုဖောက်ပြန်ခြင်းကြောင့် ကမ္ဘာပေါ်ရှိ လူသားများအပူဒဏ်ကိုခံစားနေရချိန်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်သူများအနေဖြင့် “ ကြီးမြန်သစ်ပင်စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ ” ဆောင်ပုဒ်နှင့်အညီ အရိပ်ရသစ်ပင်များကို စိုက်ပျိုးသင့်သည်။ “ ဥတုရာသီ တောကိုမှီ ” ဆိုသည့်အတိုင်း တောတောင်များ၏ သဘာဝအလှတရားသည် သစ်တောများ၏ စိမ်းလန်းစိုပြည်မှုနှင့် အလှဆင်ထားပြီး ရာသီဥတုကို ထိန်းသိမ်းထားသည်။ များစွာသောဂေဟစနစ်ဝန်ဆောင်မှုများကို သစ်တောများက ဖြည့်ဆည်းပံ့ပိုးပေးနေခြင်းကြောင့် သစ်တောများ ကာကွယ်ရေးသည် မိမိတို့အားလုံး၏ ဦးစားပေး ဖော်ဆောင်သွားရမည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။

## မြန်မာ့တိုင်းရင်းဆေးပညာဖြင့် လှည့်လည်၍ အခမဲ့ကုသပေး

**ချောက်   မေ   ၈**

အောင်စကြာ မြန်မာ့တိုင်းရင်းဆေးပညာရပ်များဖြင့် ဆရာကြီးဦးလှရွှေ တ/ဆ ၀၃၉၄၅ က မြို့များသို့လှည့်လည်၍ ဆေးကုသမှုပြုလုပ်ခဲ့ရာ ယခင်က နတ်မောက်မြို့တွင် လူနာ ၅၀၀ ခန့်နှင့် ပွင့်ဖြူမြို့နယ်ရှိ ကျေးရွာများမှ လူနာ ၅၀၀ ခန့် စုစုပေါင်းလူနာ ၁၀၀၀ ခန့်ကို မြန်မာ့တိုင်းရင်း အကြောပြင်ပညာရပ်ဖြင့် အခမဲ့ကုသပေးခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ညောင်ဦးမြို့နယ် ရပ်ကွက်/ကျေးရွာများမှ လူနာ ၂၀၀ ခန့်ကို ၁၀ ရက်တိုင်တိုင် မြန်မာ့တိုင်းရင်းဆေး အကြောပြင်အခမဲ့ဖြင့် ကုသပေးခဲ့ကြောင်း သိရသည်။

မိမိစွမ်းဆောင်နိုင်သော အသိပညာဖြင့် ရောဂါခံစားနေရသည့် ပြည်သူများ၊ ဆင်းရဲနွမ်းပါးပြီး ဆေးကုသမှုမခံယူနိုင်သော ပြည်သူများထံ မိမိသက်ရှိထင်ရှားရှိနေစဉ် အနီးကပ်စောင့်ရှောက် ကုသမှုပေးလိုခြင်း၊ ကျန်းမာရေးစောင့်ရှောက်ရင်း ဘာသာရေး၊ လူမှုရေးနှင့် စုပေါင်းလှူဒါန်းမှုများကို အကောင်အထည်ဖော်လှူဒါန်းခြင်း၊ မြန်မာ့တိုင်းရင်းဆေးပညာသည် အားကိုးထိုက်သော ဆေးပညာဖြစ်ကြောင်း ပြည်သူလူထုအတွင်း ယုံကြည်ကိုးစားကုသခံယူစေလိုခြင်း သဘောထားကာ လေဖြတ်၊ လေငန်း၊ လေဘက်၊ လက်ကပ်၊ ခြေကပ်၊ တစ်ပိုင်းသေ၊ တစ်ခြမ်းသေ၊ ဒူးနာ၊ ခါးနာ၊ ကျီးပေါင်း၊ မီးယပ်ရောဂါ အမျိုးမျိုး၊ သွေးတိုး၊ ဆီးချို၊ သွေးချိုရောဂါများကို မြန်မာတိုင်းရင်းဆေးဖြင့် မြန်မာ့အကြောပြင်ပညာရပ် အပါအဝင် ပေါင်းစပ်၍ ကုသပေးသွားမည်ဖြစ်ကြောင်းနှင့် နာတာရှည်ရောဂါသည်များ၊ အထူးကုသလိုသော လူနာများကိုလည်း မိမိနှင့်တိုင်ပင်ကုသ ခံယူနိုင်ပါကြောင်း ဆရာကြီးဦးလှရွှေ၏ ပြောကြားချက်အရ သိရသည်။

**မချို(ချောက်)**

## မဲဇာကျေးရွာ၌ မူးခင်းကျဆင်းရေးဟောပြော

**အင်းတော်   မေ   ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မဲဇာကျေးရွာတွင် မူးခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို မေ ၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် အင်းတော်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးက မူးယစ်ဆေးဝါးအန္တရာယ်နှိမ်နင်းရေး အသိပညာပေး ဟောပြောခြင်း၊ အင်းတော်မြို့မစခန်းမှူး ရဲအုပ်က မူးခင်းကျဆင်းရေးလုပ်ငန်းနှင့် ယာဉ်/လမ်းစည်းကမ်းအသိပညာပေးဟောပြောခြင်းများပြုလုပ်ခဲ့ပြီး ဟောပြောပွဲသို့ မဲဇာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ ဒေသခံများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုနိုင်(အင်းတော်)**

# မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာအများစုတွင် သောက်သုံးရေရှားပါးမှုများ ကြုံတွေ့နေရ



**မကွေး မေ ၈**

ယခင်နှစ်မိုးရာသီက မိုးရွာသွန်းမှုနည်းလွန်းခဲ့သောကြောင့် မကွေးတိုင်းဒေသကြီးအတွင်း ကန်နှင့်စမ်းတွင်းရေများကို အဓိကအားထားရသည့်ကျေးရွာအများစုတွင် ဖေဖော်ဝါရီလပိုင်းမှစ၍ သောက်သုံးရေရှားပါးမှုများကြုံတွေ့နေရပြီး ကျေးရွာအချို့၌ ဧပြီလလယ်ပိုင်းမှစ၍ ရေမလုံလောက်မှုများ ရင်ဆိုင်နေရကြောင်း ဒေသခံများထံမှ သိရသည်။

မကွေးတိုင်းဒေသကြီး အတွင်း မကွေး၊ မင်းဘူး (စကု)၊ နတ်မောက်၊ မြို့သစ်၊ တောင်တွင်းကြီး၊ အောင်လံ၊ ရေနံချောင်း၊ ချောက်၊ ပခုက္ကူ၊ မြိုင်စသည့် မြို့နယ်များအတွင်း ကျေးရွာများ၌ လူနှင့်တိရစ္ဆာန်များ သောက်သုံးရေအတွက် အဓိကမှီခိုရသည့် ကန်များတွင် ယခင်နှစ် မိုးရာသီတွင် မိုးရေချိန် နည်းပါးလွန်းမှုကြောင့် လုံးဝရေမတင်ခဲ့သည်များလည်းရှိခဲ့သလို ရေတင်ခဲ့သည့် ကန်များတွင်လည်း နွေဦးပေါက်ရာသီချိန်မှစ၍ ရေများခန်းခြောက်ခဲ့ကြောင်း မတ်လပိုင်းမှစ၍ နေ့အပူချိန်မြင့်တက်မှုများကြောင့် လက်တူးအဝီစိတွင်းများနှင့် သဘာဝစမ်းတွင်းများတွင် ယခင်နှစ်များကဲ့သို့ ရေမအောင်တော့ဘဲ ရေကြောများ ကန်းလာလျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

ထိုအခြေအနေများကြောင့် အဝီစိစက်ရေတွင်းရှိသည့် ကျေးရွာများတွင်ပင် သောက်သုံးရေကို အချိန်ကြာမြင့်စွာတန်းစီ၍ ခပ်နေရခြင်း၊ အဝီစိစက်ရေတွင်း လုံးဝမရှိသည့် ကျေးရွာများတွင် နီးစပ်ရာ သဘာဝစမ်းတွင်းများနှင့် လက်တူးတွင်းများမှရေကို ညသန်းခေါင်ကျော်အထိ တန်းစီစောင့်ဆိုင်း ခပ်ယူနေကြရကြောင်း သိရသည်။ ထိုကျေးရွာများအနက် မကွေးမြို့နယ် သစ်ရာကောက်တိုက်နယ် အင်ကြင်းကိုင်းကျေးရွာ၊ ကြာကန်ကျေးရွာအုပ်စုရှိ ကြို့ပင်အင်းကျေးရွာနှင့် မကွေးမြို့နယ်နှင့် နတ်မောက်မြို့နယ် အကြားရှိ ညောင်ကြပ်ပင် ကျေးရွာတို့တွင် ရေမလုံလောက်မှုများ ကြုံတွေ့နေရကြောင်း လက်ရှိ ရေနံချောင်းမြို့နယ်အတွင်း ကျေးရွာအချို့တွင် သောက်သုံးရေ မလုံလောက်သောကြောင့် မီးသတ်ကားများဖြင့် ရေသယ်ကာ ဖြန့်ဝေပေးနေရကြောင်း သိရသည်။

“ရွာက အိမ်ခြေ လေးဆယ်လောက်ပဲရှိပေမယ့် စက်တွင်းလုံးဝမရှိတော့ ချောင်းထဲက လက်တူးတွင်းတွေမှာပဲ တန်းစီခပ်ယူရတယ်။ လက်တူးတွင်းတွေကလည်း ရေကြောတွေဝေးလွန်းပြီး လုံလောက်အောင် မယိုစိမ့်တော့တာကြောင့် တွင်းအသစ်တွေလည်း ထပ်တူးရသလို တွင်းတူးရာမှာ အရင်ကထက် အနက်ကြီးတွေထိ တူးရပါတယ်။ ကျွန်တော်တို့ရွာမှာ ဆိပ်အုပ်၊ နွားအုပ်ရှိတဲ့အိမ်တွေဆိုရင် တစ်နေ့ရေနှစ်စည်လောက်လိုတော့ မိသားစုတွေက ညသန်းခေါင်ထိတစ်ယောက်၊ မနက်လေးနာရီလောက်တစ်ယောက် အလှည့်ကျ တန်းစီ ရေခပ်ယူနေရပါတယ်။ စက်တွင်းတူးဖို့လည်း ရွာထဲက ဘယ်သူမှ မတတ်နိုင်သလို စက်တွင်းရှိတဲ့ရွာတွေကလည်း နှစ်မိုင်ကျော်လောက်ဝေးတော့ ရေဒုက္ခက နေ့စဉ်ကို ကြုံတွေ့နေရတာပါ” ဟု မကွေးမြို့နယ် အင်ကြင်းကိုင်းကျေးရွာနေ ဦးကျော်ဝင်းက ပြောသည်။

မင်းဘူး(စကု)မြို့နယ် မန်းချောင်းဝန်းကျင်က ကျေးရွာများတွင် လက်တူးအဝီစိတွင်းများကို အများဆုံး မှီခိုနေကြရသော ကျေးရွာတချို့မှ အဝီစိတွင်းများတွင် ရေလုံးဝခန်းသည်အထိ ရှိလာပြီး ရေယိုမှု သိသိသာသာ လျော့နည်းလာကြောင်း ဒေသခံများထံမှ သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ပခုက္ကူ၊ မြိုင်၊ မြို့သစ်၊ နတ်မောက်မြို့နယ်များတွင် ကျေးရွာအချို့၌ ၂၀၁၂ ခုနှစ်ကလည်း သောက်သုံးရေပြတ်လပ်မှုများ ကြုံတွေ့ခဲ့ရပြီး နီးစပ်ရာ မြို့များမှ လှူဒါန်းသည့်ရေကို အချိုးကျ သုံးရသည်အထိ ရှိခဲ့ကြောင်း၊ ချောက်မြို့နယ် ငွေးချိုကျေးရွာအုပ်စုအတွင်း ကျေးရွာအချို့တွင် လူရေချိုးသည့်အခါ နွားစာကျင်းအတွင်းဝင်ချိုးပြီး ထိုရေဖြင့် နွားကျွေးရသည်အထိ ရေအခက်အခဲကြုံရလေ့ရှိခဲ့ကြောင်း၊ မင်းဘူးမြို့တွင် မြေအောက်ရေကြောတွင် အင်န်ဓာတ်များလွန်းမှုကြောင့် နွေရာသီရောက်တိုင်း ရေအခက်အခဲကြုံရလေ့ရှိကြောင်း ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ ရေအခက်အခဲများအတွက် မကွေးတိုင်းဒေသကြီး ကျေးလက်ဦးစီးဌာနမှ အာရှ ဂျပန်ပေါင်းကူးအဖွဲ့ (BAJ)၊ ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့နှင့် ပူးပေါင်း၍ အဝီစိစက်ရေတွင်းများ ပြုပြင်ခြင်း၊ အသစ် တူးဖော်ခြင်းများကို ပူးပေါင်းဆောင်ရွက်ပေးလျက် ရှိကြောင်း၊ မကွေးတိုင်းဒေသကြီး ကျေးလက်ဦးစီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မကွေးတိုင်းအတွင်း ကျေးရွာပေါင်း ၃၁၄ ရွာအတွက် စက်ရေတွင်း ၁၉၇ တွင်း အသစ်တူးဖော်ခြင်းနှင့် ရေကန်များ၊ သဘာဝစမ်းတွင်းများ ပြုပြင်ထိန်းသိမ်းခြင်းတို့ ဆောင်ရွက်နေကြောင်း၊ မိမိတို့ဌာန အနေဖြင့် မကွေးတိုင်းဒေသကြီး အတွင်းရှိ မကွေး၊ မင်းဘူး၊ သရက်၊ ပခုက္ကူ၊ ဂန့်ဂေါစသည့် မြို့နယ်များအတွင်း ကျေးရွာပေါင်း ၁၅၉ ရွာတွင် သောက်သုံးရေအခက်အခဲကြုံလျှင် ရေဂါလန်ပေါင်း သိန်း ၂၀ ကျော် ဖြန့်ဝေဆောင်ရွက်ပေးသွားရန် စီစဉ်ထားကြောင်း မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ သိရသည်။

**ကျော်ဇေယျ**

# ရမည်းသင်းမြို့နယ်အတွင်း မိုးမြေပဲစိုက်ရက်စောသောဒေသများတွင် ဖြစ်ထွန်းမှုကောင်း

**ရမည်းသင်း မေ ၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အင်းပေါင်အုပ်စုအတွင်းရှိ အင်းပေါင် တောင်ရွာ/မြောက်ရွာနှင့် တံတားဦးရွာအနောက်ဘက် ရွှေဒါးချောင်းအနီးရှိ လယ်ယာမြေများတွင် မြေပဲ(မိုးမြေပဲ)များ စိုက်ပျိုးထားရာ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်ကို တွေ့ရသည်။

ယင်းဒေသများသည် ယခုနှစ်တွင် မိုးရွာသွန်းမှုစောသောကြောင့် ယခုကဲ့သို့ စိုက်ပျိုးနိုင်ခြင်းဖြစ်သည်ဟု သိရသည်။ ယင်းမြေပဲပင်များမှာ စိုက်ရက် တစ်လကျော်ပြီဖြစ်သည်။ မြေပဲပင်များ အပင်ပေါက်နှုန်းကောင်း၍ စိုက်ပျိုးထားသော မြေပဲပင်အတန်းများ စန့်တန်းပြီဖြစ်သောကြောင့် ယင်းမြေပဲခင်းများတွင် ပေါင်းပေါက်ပေးရပြီဖြစ်သည်။ မြေပဲသည်စိုက်ပျိုးပြီးချိန်မှ နုတ်သိမ်းချိန်အထိ ပေါင်းနှစ်ကြိမ် အနည်းဆုံး လိုက်ပေးရသည်။ မိုးရွာသွန်းမှုများ၍ ပေါင်းထူပါက သုံးကြိမ်ပေါင်းပေါက်ပေးရသည်။ သို့မှသာ ပေါင်းမြက်နိုင်၍ မြေပဲဥနှုန်းကောင်းကာ ထွက်နှုန်း ကောင်းမည်ဖြစ်သည်။ မြေပဲစိုက်တစ်ဧကလျှင် ပေါင်းပေါက်ရန်အတွက် လူခြောက်ဦးငှားရသည်။ ပေါင်းပေါက်လိုက်သူ တစ်ဦးလျှင် နေကုန်ထမင်းနှစ်နပ် (နံနက်တစ်ကြိမ်၊ နေ့လည်တစ်ကြိမ်)ကျွေးရပြီး ငွေကျပ် ၁၅၀၀ ပေးရသည်။

ယခုလရာသီတွင် မြေပဲ ပေါင်းလိုက်သူများ၊ ထွန်(ကြားထွန်)အငှားလိုက်သူများ ပုံမှန်ဝင်ငွေရရှိကြသည်ဟု သိရပြီး ယခုစိုက်ပျိုးထားသော မြေပဲပင်များမှာ နောက်တစ်လခွဲကျော်လျှင် နုတ်ယူရရှိနိုင်မည်ဖြစ်သည်။ **အတ်ကလေး(ရမည်းသင်း)**



# မိုင်းကောင်ကျေးရွာ မီးသတ်တပ်ဖွဲ့အတွက် တူညီဝတ်စုံပေးအပ်

**တန့်ယန်း မေ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် မိုင်းကောင်ကျေးရွာရှိ မီးသတ်တပ်ဖွဲ့ဝင်များအတွက် တူညီဝတ်စုံ ပေးအပ်ပွဲ အခမ်းအနားကို မေ ၆ ရက်က ကျေးရွာ အရန်မီးသတ်စခန်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်က အမှာစကားပြောကြားပြီး မိုင်းကောင်ကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် တူညီဝတ်စုံ ၁၉ စုံကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်၊ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့တပ်ရင်းမှူး၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်တာနှင့် တာဝန်ရှိသူတို့က ပေးအပ်ရာ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင်များက လက်ခံယူကြသည်။

ယင်းနောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့နှင့် မိုင်းကောင်ကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးငြိမ်းသတ်ယာဉ်နှစ်စီးတို့ဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းများကို သရုပ်ပြသကြကြောင်း သိရသည်။

**မင်းလွင်ဦး**



# နမ့်ခမ်းမြို့မဈေးကြီး ပိတ်ရက်သတ်မှတ်၍ ဈေးအတွင်းအပြင်သန့်ရှင်းရေးဆောင်ရွက်

**နမ့်ခမ်း မေ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့မဈေးကြီးကို လစဉ်လပြည့်နေ့များတွင် ဈေးပိတ်ရက်အဖြစ်သတ်မှတ်ရန် ဈေးကော်မတီတာဝန်ရှိသူများနှင့် ဈေးသူ ဈေးသားများက ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက ဖွင့်လှစ်ခဲ့သောဈေးကြီးကို ပိတ်ရက်မရှိဘဲ နေ့စဉ်ဖွင့်လှစ် ရောင်းချခဲ့ကြသည်။

ယခုအခါ တာဝန်ရှိသူများက ဈေးသူ ဈေးသားများ၏ ဆန္ဒရယူလျက် လပြည့်နေ့တိုင်းဈေးပိတ်ရက်အဖြစ်သတ်မှတ်ကာ ဈေးသန့်ရှင်းရေးဆောင်ရွက်ကြရန် ညှိနှိုင်းဆုံးဖြတ်ကြသည်။ နယ်မြေခံတပ်မှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ဈေးသူဈေးသားများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက နံနက် ၇ နာရီမှ မွန်းလွဲ ၂ နာရီအထိ ဈေးအတွင်းအပြင် သန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ဆောင်ရွက်ရာတွင် နယ်မြေခံတပ်မှ တပ်မမှူး ဗိုလ်မှူးချုပ်သက်ထွန်းဦး၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်း နှင့်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

# ဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုမည့် စိန်နှင့်ရွှေချောင်းကူးတံတား

**နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းမဟောင်းဘေးရှိ သပြေချောင်းကျေးရွာအုပ်စုနှင့် ရွှေမြို့ကျေးရွာအုပ်စုတို့ကို အဓိကဆက်သွယ်ပေးသည့် စိန်နှင့်ရွှေဆင်သေချောင်းကူး သံကူကွန်ကရစ်တံတားကို မေ ၇ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။**

**တွေ့ဆုံမေးမြန်း- တင်မောင်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မောင်မွှေး**

အဆိုပါ စိန်နှင့်ရွှေတံတားကို အောင်မြင်စွာ ဖွင့်လှစ်ပေးခဲ့မှုကြောင့် ဆင်သေချောင်းအရှေ့ဘက်ကမ်းရှိ သပြေချောင်းကျေးရွာနှင့်ချောင်းအနောက်ဘက်ကမ်းရှိ ရွှေမြို့ကျေးရွာအုပ်စုတို့မှ ဒေသခံပြည်သူများ နှစ်စဉ် ချောင်းရေကြီးပြီး ကြုံတွေ့ရင်ဆိုင်နေရသည့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကို အန်တုအနိုင်ယူကျော်လွှားနိုင်တော့မည်ဖြစ်သည်။

ယင်း စိန်နှင့် ရွှေတံတားကို သပြေချောင်းကျေးရွာအုပ်စု စိန်ရောင်ခြည်ကားဂိတ်မှ 'စိန်'နှင့် ရွှေမြို့ ကျေးရွာအုပ်စုမှ 'ရွှေ' ဟူသော စာလုံးကိုယူ၍ စိန်နှင့်ရွှေချောင်းကူးတံတားဟု အမည်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားအောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့မှုအပေါ် မြို့နယ်အဆင့်တာဝန်ရှိသူများနှင့် ဒေသခံများ၏ ရင်တွင်းစကားသံများကို ပြန်လည်ဖော်ပြလိုက်ပါသည်။

**ဘဒ္ဒန္တဉာဏိသရိယ**
**(သဒ္ဓမ္မဇောတိကဓဇ)**
**ရွှေမြို့ကြီးဂိုဏ်းထောက်ကျောင်းဆရာတော်**

ဒီဒေသမှာ လမ်းပန်းဆက်သွယ်ရေးအတွက် အဓိကလိုအပ်နေတဲ့ ခိုင်မာတဲ့ သံကူကွန်ကရစ်တံတားကို အခုလို ဆောက်လုပ်ဖွင့်ပေးတဲ့အတွက် ဘုန်းဘုန်းအနေနဲ့ ဝမ်းသာပီတိဖြစ်မိပါတယ်။ ဒီဒေသ ကျေးရွာတွေမှာရှိတဲ့ ဌာနဆိုင်ရာ တာဝန်ရှိသူတွေ၊ ဒေသခံပြည်သူတွေ၊ နောက်ကျောင်းသားကျောင်းသူတွေဟာ နှစ်စဉ်မိုးရာသီကာလရောက်တိုင်း ဒီဆင်သေချောင်းကို ရေဘေးအန္တရာယ် စိုးရိမ်စွာနဲ့ ဖြတ်ကူးနေရတာ တွေ့မြင်ရတော့ စိတ်မကောင်းဖြစ်မိတယ်။ ကျောင်းသား ကျောင်းသူလေးတွေဆိုလည်း ကမ်းလုံးပြည့်လျှံအောင် လာနေတဲ့ ဒီချောင်းရေထဲမှာ လှေကလေးတွေစီးပြီး ဖြတ်သန်းသွားလာ ကျောင်းတက်ရတာတွေ ရှိတယ်။ မိုးကြီးပြီး လှေငယ်တွေ မဖြတ်ရဲတော့ဘူးဆိုရင် ကျောင်းပျက်ရတယ်။ ဒီလို အခက်အခဲတွေကြောင့် ဘုန်းဘုန်း ဦးဆောင်ပြီး ကျေးရွာသူ ကျေးရွာသားတွေ၊ ဒေသခံတပ်နယ်မှ တပ်မတော်သားတွေ၊ ရဲတပ်ဖွဲ့တွေ စုစုပေါင်းအင်အားနဲ့ ၂၀၁၃ ခုနှစ်မှ စတင်ပြီး ကိုယ့်အားကိုယ်ကိုး သစ်သားတံတားလေး ဆောက်လုပ်ပြီး သွားလာရေးနဲ့ ကုန်စည်စီးဆင်းမှု အဆင်ပြေအောင် ဆောင်ရွက်ပေးခဲ့တယ်။ မိုးရာသီမှာ မိုးသည်းထန်ပြီး ချောင်းရေကြီးပြီဆိုရင် ရေနောက်ပါ ပျက်စီးတယ်။ အဲလိုပဲ နှစ်စဉ်နှစ်တိုင်းပြန်လည်ပြုပြင်လိုက်၊ ပျက်စီးလိုက် အကြိမ်ကြိမ်တွေ့ကြုံခဲ့တယ်။ နောက်ဆုံးငွေကြေးနဲ့ လုပ်အားတွေ အများကြီး ဆုံးရှုံးရပါတယ်။ တံတားကြီးအောင်အောင်မြင်မြင်နဲ့ ဖွင့်လှစ်ပေးလို့ ဘုန်းဘုန်းတို့ဒေသအတွက် မင်္ဂလာရှိတဲ့နေ့တစ်နေ့ပါပဲ။

**ဦးကံစောလှိုင်**
**မြို့နယ်အုပ်ချုပ်ရေးမှူး**

"တပ်ကုန်းမြို့ သပြေချောင်းကျေးရွာအုပ်စုနဲ့ ရွှေမြို့ကျေးရွာအုပ်စုတို့ကို ဆက်သွယ်ပေးထားတဲ့ စိန်နှင့်ရွှေ ဆင်သေချောင်းကူးတံတားကို နေပြည်တော်ကောင်စီရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ဖြည့်စွက် ရန်ပုံငွေ ၁၅၈ ဒသမ ၀၀ သန်း ကုန်ကျခံပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီကတာဝန်ယူ ဆောက်လုပ်ခဲ့တာပါ။ ၂၈-၁-၂၀၁၅ ရက်က တံတားကို စတင်ဆောက်လုပ်ပြီး ၂၈-၃-၂၀၁၅ မှာ ပြီးစီးခဲ့ရာ နှစ်လကြာ အချိန်ယူဆောက်လုပ်ခဲ့တာဖြစ်ပါတယ်။ ဒီနေ့ စိန်နှင့် ရွှေတံတားဖွင့်ပွဲကို နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ တက်ရောက်ဖွင့်လှစ်ပေးပါတယ်။ ယခု တံတားဖွင့်လှစ်တဲ့ အကျိုးကျေးဇူးကြောင့် ဒီဒေသမှာရှိတဲ့ နေ့စဉ်ဖြတ်သန်းသွားလာနေကြတဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေ၊ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူတွေ၊ ဒေသခံပြည်သူအားလုံး ရာသီမရွေးအဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီဖြစ်သလို အနီးဝန်းကျင်မြို့တွေကို ကုန်စည်များ ပို့ဆောင်ရန်အတွက်လည်း အဆင်ပြေလာတော့မှာဖြစ်ပါတယ်။ တံတားရဲ့ အရှည်က ပေ ၃၆၀၊ အကျယ်ကချဉ်းကပ်လမ်းများ အပါအဝင် ၁၃ ပေ၊ အမြင့်က ၁၆ ပေရှိပါတယ်။ တံတားအမျိုးအစားကတော့ သံကူကွန်ကရစ်ကိုယ်ထည်နဲ့ သစ်သားအခင်းဖြစ်ပါတယ်။



ဦးကံစောလှိုင်



ဦးမြင့်သိန်း (ဒေသခံတစ်ဦး)



ဘဒ္ဒန္တဉာဏိသရိယ

**ဦးမြင့်သိန်း (ဒေသခံတစ်ဦး)**
**သပြေချောင်းကျေးရွာအုပ်စု**

ကျွန်တော်မမေ့နိုင်တာက ပြီးခဲ့တဲ့နှစ်က ကိုယ့်အားကိုယ်ကိုး တံတားလေး ရေနောက်ပါခါနီး ဆရာတော်နဲ့ ကျွန်တော်တို့အားလုံး တစ်ညလုံး ဒိုက်တွေ ဆယ်ယူပြီး ကြိုတင်ကာကွယ်ခဲ့ရတာ မိုးလင်းထိပါပဲ။ ဒုက္ခတွေခံခဲ့ရပါတယ်။ ကျွန်တော်တို့ဒေသမှာဆို အထက (၃)၊ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ၊ ရွှေမြို့ဘူတာ၊ ရွှေမြို့ရဲစခန်း အဲလိုမျိုးအစုံရှိတော့ လမ်းပန်းဆက်သွယ်ရေးကောင်းဖို့ကတော့ တကယ်လိုအပ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးမကောင်းတော့ နွေရာသီမှာ သိပ်မဆိုးပေမယ့် မိုးရာသီချောင်းရေကြီးရင် သွားရေးလာရေးက တကယ်ဒုက္ခရောက်ကြပါတယ်။ မြို့ကို ကုန်ရောင်းသွားရင်လည်း လှည်းတစ်တန်၊ လှေတစ်တန်၊ ကားတစ်တန်နဲ့ အဆင့်ဆင့်သွားကြရတယ်။ ကျွန်တော်တို့ဆီမှာ လမ်းပန်းဆက်သွယ်ရေးကောင်းလို့ နိုင်ငံတော်က ခိုင်မာတောင့်တင်းတဲ့ ကွန်ကရစ်တံတားတစ်စင်းဆောက်ပေးရင်ကောင်းမှာပဲလို့ မျှော်လင့်တောင့်တခဲ့တာ။ အခုတော့ အမှန်တကယ်ပြည့်ဝသွားခဲ့ပါပြီ။

စိန်နှင့်ရွှေ ချောင်းကူးတံတား ဆောက်လုပ် ဖွင့်လှစ်ပေးခြင်းကြောင့် ဆင်သေချောင်း အရှေ့ဘက်ကမ်းရှိ သပြေချောင်းအုပ်စု ချောင်းအနောက်ဘက်ကမ်းရှိ ရွှေမြို့အုပ်စု၊ ကံလှအုပ်စု၊ ရွှေးစုအုပ်စု၊ နွယ်ရစ်အုပ်စု စသည့် ကျေးရွာအုပ်စုများရှိ ကျေးရွာပေါင်း ၂၀ ခန့်မှ ဒေသခံပြည်သူများ နှစ်စဉ်တွေ့ကြုံရသော ရေဘေးအန္တရာယ် ကင်းဝေးပြီး အနီးဝန်းကျင်ကျေးရွာနှင့်မြို့ပေါ်ဒေသများသို့ ရာသီမရွေး ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေး စသည့် လူမှုစီးပွားဘဝ များစွာဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ပါကြောင်း။ ။




**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဦးညီညီနိုင် ၁၂/ဥကတ (နိုင်) ၀၈၉၈၀၃နှင့် ဦးညီညီခိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အဌမတန်း(အောင်) အခန်း(ဂ)မှ မောင်သက် နိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးသက်နောင် ၁၂/ကမန(နိုင်) ၀၁၇၃၇၆ ဖြစ်ပါသည်။

Since 1996

**ဆရာဝန်များ ဦးစီးသည့်**
**စံပြဘော်ဒါနှင့်ကိုယ်ပိုင်အထက်တန်းကျောင်း**
(၅တန်း မှ ၁၀တန်း)

၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်တန်း အောင်ချက် (၉၀.၄၇%)

မိမိတို့ဆရာဝန်ဖြစ်ရန် လေ့ကျင့်ခဲ့သည့်ပုံစံအတိုင်း ပုံနိပ် မေးခွန်းဟောင်းများဖြင့် (၁)နှစ်လုံး ထိထိရောက်ရောက်လေ့ကျင့်ပေးသည်။ စာရိတ္တ၊ စည်းကမ်းကောင်းရန် ပြုပြင်ပေးသည်။ ဆိတ်ငြိမ်ကျောင်းဝန်းကျယ် Air-Con တပ်စာသင်ခန်းများ၊ အားကစားကွင်း၊ ကွန်ပျူတာခန်း၊ ဓါတ်ခွဲခန်းများဖြင့် ကိုယ်ပိုင်ကျောင်းဖြစ်သည်။ (သင့်တင့်ချိုသာသောသင်တန်းကြေး)

(၉)တန်းအထူးအစီအစဉ် စာတော်လျှင် (ပ)နှစ်ဝက်(၉)တန်းအပြီး သင်ပေးပြီး (ဒု)နှစ်ဝက်(၁၀)တန်းစာတစ်ခေါက် ကြိုသင်ပေးသည်။

အမှတ်(၇၇)၊ ၄ဝါလမ်း၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ။ ဖုန်း ၀၉-၅၁၅၈၈၅၁၊ ၀၉-၃၁၂၉၉၇၂၆၊ ၀၁-၆၃၈၀၅၀



ကျောင်းသွဲ့ဖရှိပါ ဘွဲ့ရအဆောင်မှူး(Guide)အလိုရှိသည်

**ကိုရီးယားဘာသာသင်တန်းကျောင်း**

ကိုရီးယားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူများအတွက်....

**ဦးမင်းသူ + ဒေါ်မော်မော်စန်း (B.A) Korean YUFL မှ**

အခြေခံနှင့် EPS-TOPIK သင်တန်းများကိုလက်ခံသင်ကြားပေးနေပါသည်။

နဝမအကြိမ်မြောက် EPS-TOPIK စာမေးပွဲအတွက် သင်တန်းကို (၂၀-၅-၂၀၁၅) တွင် စတင်သင်ကြားပါမည်။ လစဉ်တန်းခွဲသစ်ရှိပြီး အဆောင်စီစဉ်ပေးပါသည်။

**သင်တန်းနေရာ**

အမှတ်(၃၈၆)၊ မိဂသီလမ်း၊ (၁၂) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၈၆၁၈၄၄၀၊ ၀၉-၄၂၀၇၁၁၆၈၉

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် 9H/1193, SUBA-RU LEGACY BL5/ S/L(4x4) Rယာဉ်လက်ဝယ်ရှိသူ ဦးနန္ဒခိုင်ငွေး ၁၂/ကတက(နိုင်) ၀၂၄၀၄၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

**အမည်ပြောင်း**

ကွမ်းခြံကုန်းမြို့နယ်၊ အထက(ခွဲ) ဒရယ်လူး ပဥ္စမတန်း(B)မှ မောင်ဖိုလ်ဖိုလ်ဟန်အား မောင်အောင်ပိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ပိုင်**

**ကျေးဇူးတင်လွှာ**

ကရင်ပြည်နယ်၊ ကျုံဒိုးမြို့၊ အေးစေတီမွှာရုံတွင် (၃၀-၄-၂၀၁၅)ရက်နေ့တွင် ကျင်းပပြုလုပ်သော အလှူရှင် ဦးမောင်မောင်တာ-ဒေါ်မြစန်းကြည်မိသားစုတို့၏ ရဟန်းခံရှင်ပြု၊ နားသမင်္ဂလာ ကျင်းပပြုလုပ်ရာတွင် အခမ်းအနားအား အဖက်ဖက်မှ စီစဉ်ဆောင်ရွက်ပေးပါသော ဦးရွှေမြင့်-ဒေါ်ကြည်ကြည်အေး(ခ)ဒေါ်မီးမီးမိသားစုအားလည်းကောင်း၊ အခမ်းအနားပြင်ဆင်ဆောင်ရွက်ပေးပါသော ဦးမြင့်ကြည်-ဒေါ်မြင့်တင်မိသားစုနှင့် အဖက်ဖက်မှပိုင်းဝန်းကူညီပေးကြပါသော မိတ်ဆွေသူငယ်ချင်းများအား ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

အလှူရှင် ဦးမောင်မောင်တာ-ဒေါ်မြစန်းကြည်မိသားစု
ကျုံဒိုးမြို့။

**ဖခင်အမည်မှန်**

ကလောမြို့နယ်၊ ဟဲဟိုးမြို့၊ အထက (၄) မှ မောင်ကျော်ထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်ကံမြင့်(ခ) ဦးမောင်ကံ ၁၃/ကလန(နိုင်)၀၆၂၇၆၂ ဖြစ်ပါသည်။
**ဦးမောင်ကံမြင့်(ခ) ဦးမောင်ကံ**

**ဖခင်အမည်မှန်**

အ. ထ. က(၁)အင်းစိန်၊ သတ္တမတန်း(E)မှ မောင်စွမ်းထက်ဝေယံကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဇင်အောင်(၇/ကဝန(နိုင်) ၁၁၃၂၅၂) ဖြစ်ပါကြောင်း။
ဦးကျော်ဇင်အောင်

# မျက်စိဝေဒနာရှင် ၁၇၀၀ ကျော်ကို အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိ

**ပုသိမ် မေ ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၃)နယ်မြေရှိ ET ဖောင်ဒေးရှင်း မျက်စိအခမဲ့ကုသဆေးရုံ၌ ဆေးရုံနာယက တိုက်ကြီးကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် မျက်စိဝေဒနာရှင် ၁၇၀၀ ကျော်ကို မေ ၄ ရက်မှ ၁၀ ရက်အထိ အခမဲ့ကုသပေးလျက်ရှိကြောင်း သိရသည်။

ဆေးရုံနာယက တိုက်ကြီးကျောင်း ပရိယတ္တိစာသင်တိုက်ဆရာတော်၏ သက်တော် ၆၃ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသများမှ မျက်စိဝေဒနာရှင်ပြည်သူ ၁၇၀၀ ကျော်ကို အခမဲ့ကုသပေးနေခြင်းဖြစ်သည်။ ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးရာတွင် လူနာရှင်များဆေးရုံသို့ လာရောက်ရန် ကြိုပို့ယာဉ်များ စီစဉ်ပေးခြင်း၊ တည်းခိုနေထိုင်ရန် စီစဉ်ပေးခြင်း၊ နံနက်စာ ညစာကျွေးခြင်း၊ ဆေးဝါးများလှူဒါန်းခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မျက်စိခွဲစိတ်ကုသမှုအတွက် စုပေါင်းအလှူပွဲကိုလည်း မေ ၆ ရက်က ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် ဝန်ကြီးများက အလှူငွေကျပ် ၂၀၇ သိန်း၊ နေပြည်တော်မှ မိုးကြယ်စင်ဆောက် လုပ်ရေးကုမ္ပဏီက ကျပ် ၂၀၈ သိန်း၊ ပုသိမ်မြို့မှ ဦးမြသန်းမိသားစုက အလှူငွေကျပ် ၅၆ သိန်းနှင့် လူနာများအတွက် နံနက်စာနှင့် ညစာများကို ပေးအပ်လှူဒါန်းခဲ့သည်။ အနုပညာရှင်တစ်ဦးဖြစ်သော တေးသံရှင်လေးဖြူကလည်း လူထုကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုပြီး လှူဒါန်းခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံရှိ လူထုကျန်းမာရေး စောင့်ရှောက်မှု အဖွဲ့အစည်းများ အနက် မျက်စိဝေဒနာရှင်များကို အခမဲ့ကုသပေးနေသော ET ဖောင်ဒေးရှင်း မျက်စိအခမဲ့ကုသဆေးရုံကြီးသည် အောင်မြင်မှုများ ရရှိနေပြီး ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသများမှ နွမ်းပါးချို့တဲ့သော ပြည်သူများ အားထားနေရသော ဆေးရုံကြီးဖြစ်သည်။

ET ဖောင်ဒေးရှင်း မျက်စိအခမဲ့ကုသဆေးရုံကြီးကို တိုက်ကြီးကျောင်း ဆရာတော်၏ သြဝါဒနှင့် စေတနာရှင်များ၏ လှူဒါန်းမှုဖြင့် ၂၀၁၁ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ၂၀၁၂ ခုနှစ်မှစ၍ မျက်စိအထူးကုဆရာဝန်ကြီးများ၏ ကူညီပံ့ပိုးမှုဖြင့် အခမဲ့ခွဲစိတ်ကုသခြင်းများကို ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ (၁၆)ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း သိရသည်။

**ပုသိမ်လှကြည်**



# သထုံမြို့နယ်၌ ကျောင်းဆောင်သစ်များလွှဲပြောင်းပေးအပ်

**သထုံ မေ ၈**

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ကျောင်းသူ ကျောင်းသားများ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းဖွင့်ချိန်အမီ ဆောက်လုပ်ပြီးစီးပြီဖြစ်သော သထုံမြို့နယ် လိပ်အင်းရပ်ကွက်ရှိ သုဝဏ္ဏမူလတန်းကျောင်းဆောင်သစ်နှင့် ဇရစ်ချောင်ကျေးရွာရှိ မူလတန်းကျောင်းဆောင်သစ်များကို ပညာရေးဝန်ကြီးဌာနသို့ မေ ၆ ရက်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ကျောင်းဆောင်သစ်များပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ကျောင်းဆောင်သစ်များကို တာဝန်ယူ တည်ဆောက်ခဲ့သော Good Day & Zaw Groupဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက ကျောင်းဆောင်သစ်များနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် ကျောင်းရန်ပုံငွေအတွက် ထောက်ပံ့ လှူဒါန်းငွေများကို သက်ဆိုင်ရာကျောင်းများမှ တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

အဆိုပါကျောင်း ဆောင်သစ်များကို ပညာရေးဝန်ကြီးဌာန ရန်ပုံငွေကျပ် ၂၁၆ သိန်းဖြင့် အလျားပေ ၆၀၊ အနံပေ ၃၀ ရှိ အာရ်စီတစ်ထပ်ကျောင်းဆောင်များအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

**သက်ဦး(သထုံ)**

# ဧရာဝတီလင်းပိုင်များ မျိုးသုဉ်းမှုမရှိစေရေး ပညာပေးဟောပြော

**ကသာ မေ ၈**

ရေနေသတ္တဝါငါးမျိုးစိတ်များ၊ ငါးသယံဇာတများ ပျက်စီးဆုံးရှုံးမှုလျော့ချရေးနှင့် နိုင်ငံ့ဂုဏ်ဆောင်ငါးမျိုးဖြစ်သည့် ဧရာဝတီလင်းပိုင်များ မျိုးသုဉ်းမှုမရှိစေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့မှ ရေလုပ်သားများအား အသိပညာပေးဟောပြောပွဲကို မေ ၆ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် ကသာခရိုင်ငါးလုပ်ငန်းဦးစီးဌာနနှင့် ကသာခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ပူးပေါင်း၍ ကသာမြို့နယ် ပုလွေရွှေကျေးရွာအုပ်စုမှ ရေလုပ်သားများအား ငါးထုတ်လုပ်မှုမြင့်မားရေးအတွက် ငါးမိတ်လိုက် ဥချသားပေါက်ချိန်များနှင့် ငါးရစ်ငါးသန်ကာလများတွင် ငါးများကိုမဖမ်းဆီးရန်၊ တရားမဝင် ရှော့ခ်တိုက်ဖမ်းဆီးခြင်း၊ အဆိပ်ချဖမ်းဆီးခြင်းများ မပြုလုပ်ရန်နှင့် တရားမဝင်ငါးဖမ်းမှုများကို တားမြစ်ထားသော ဥပဒေများအကြောင်းကိုလည်းကောင်း၊ နိုင်ငံ့ဂုဏ်ဆောင်ငါးမျိုးဖြစ်သည့် ဧရာဝတီလင်းပိုင်များ မျိုးသုဉ်းလျော့နည်းမသွားအောင် ကာကွယ်ရန်တို့ကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲအပြီးတွင် လက်ကမ်းစာစောင်များကို ဝေငှပေးခဲ့သည်။ ထို့နောက် ရှော့ခ်တိုက်ငါးမဖမ်းရန်၊ အဆိပ်ချငါးမဖမ်းရန်၊ ဒိုင်းနမိုက်ယမ်းဖောက်ခွဲ၍ ငါးမဖမ်းရန်နှင့် တွေ့ရှိပါက ဥပဒေအရ ထောင်ဒဏ်သုံးနှစ် အရေးယူမည်စသည့်အချက်များပါဝင်သော အသိပေးကြော်ငြာများကို ကျေးရွာအတွင်းနှင့် ဧရာဝတီမြစ်ကမ်းရှိအင်းများတွင် ရေလုပ်သားများ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနနှင့် ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက စုပေါင်းစိုက်ထူခဲ့ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

# အထွေထွေရွေးကောက်ပွဲဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**မောင်တော မေ ၈**

နှစ်ကုန်ပိုင်းတွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရခိုင်ပြည်နယ် မောင်တောမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ မေ ၆ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက ရွေးကောက်ပွဲကျင်းပရေး လုပ်ငန်းတာဝန်များနှင့် စီမံချက်များကို လိုအပ်သလို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးအတွက်လည်း တာဝန်ရှိသူများကိုအသိပေးထားရှိကြောင်း၊ ဌာနဆိုင်ရာအချင်းချင်းလည်း မဲဆန္ဒရှင်စာရင်းကောက်ယူရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ပါဝင်ကူညီလုပ်ဆောင်ပေးကြရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်အဖွဲ့ဝင်များအဖြစ်ပါရှိနေသော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအနေဖြင့် ရွေးကောက်ပွဲအတွက် ဆောင်ရွက်ရမည့်အချက်အလက်များအကြောင်းနှင့် မဲဆန္ဒရှင်စာရင်းကောက်ယူမှုများတွင် အောင်မြင်ပြီးစီးအောင် ပါဝင်ကူညီပေးစေလိုကြောင်း ဆွေးနွေးခဲ့သည်။

**ကျော်ဆန်းဝင်း**

DAW KHIN KYI FOUNDATION

HOSPITALITY AND CATERING TRAINING ACADEMY

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အနာဂတ်အရည်အသွေးမြင့် ဝန်ဆောင်မှုကျွမ်းကျင်သူမျိုးဆက်သစ်ပေါ်ထွက်ရေး ရည်ရွယ်ကာ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်ဖြင့် Hospitality and Catering Training Academyတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါသင်တန်းလျှောက်လွှာခေါ်ယူခြင်း။

(၁) ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှဖွင့်လှစ်ထားသော ခေတ်မီဝန်ဆောင်မှုနှင့် အစားအစာကျွေးမွေးဧည့်ခံမှုပညာသင်တန်းကျောင်း (Hospitality and Catering Training Academy) တွင် Certificate in Hotels in Operation နှင့် Certifite in Culinary Arts အပတ်စဉ်(၂)သင်တန်းများကို ၂၀၁၅ခုနှစ်၊ ဩဂုတ်လ ပထမပတ်အတွင်း စတင်ဖွင့်လှစ်ပါမည်။

(၂) အဆိုပါသင်တန်းများကို ပြည်တွင်းပြည်ပမှ ပညာရှင်များနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခဲ့သော အတွေ့အကြုံရှိသည့် ကျွမ်းကျင်သူပညာရှင်များက ASEAN Competency သင်ရိုးညွှန်း တမ်းများအတိုင်း သင်ကြားပေးပါမည်။

(၃) သင်တန်းကျင်းပမည့် နေရာနှင့်နေ့ရက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
နေရာ - အမှတ်(N-61)၊ မကျီးကန်ကျေးရွာ၊ Hospitality and Catering Training Academy သင်တန်းကျောင်း၊ ကော့မှူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။
သင်တန်းကာလ - စာတွေ့လက်တွေ့ (၆) လ + (၂) လ လုပ်ငန်းခွင်အလုပ်သင်။
သင်တန်းအချိန် - နံနက် (၉)နာရီမှ ညနေ (၄) နာရီ (တနင်္လာနေ့မှ သောကြာနေ့အထိ)။

(၄) သင်တန်းလျှောက်ထားရန် အရည်အချင်းသတ်မှတ်ချက် -
(က) တက္ကသိုလ်ဝင်တန်း (၁၀)တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူများ။
(ခ) အသက် (၁၈) နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။
(ဂ) ကျန်းမာရေးပြည့်စုံကောင်းမွန်သူဖြစ်ရမည်။
(ဃ) သင်တန်းကာလ သင်တန်းစည်းကမ်းကို လိုက်နာနိုင်သူ၊ သင်တန်းပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်။
(င) သင်တန်းလျှောက်လွှာတွင် လျှောက်ထားသူကိုယ်တိုင် လက်ရေးဖြင့် ဖြည့်သွင်းရေးသားရပါမည်။

(၅) သင်တန်းလျှောက်လွှာများကို (၁၉.၆.၂၀၁၅) ရက်တွင် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ပါသည်။ HCTA မှ ကျင်းပပြုလုပ်မည့် သင်တန်းဝင်ခွင့် စာမေးပွဲ၊ လူတွေ့ဖြေဆိုရမည့်စာရင်းနှင့် ဖြေဆိုမည့်နေ့ရက်၊ အချိန်တို့ကို (၃၀.၆.၂၀၁၅)နေ့တွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းရုံးခန်းနှင့် HCTA ကျောင်းတို့တွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

(၆) သင်တန်းကြေးအခမဲ့ဖြစ်ပြီး လူဦးရေ ကန့်သတ်ထားပါသဖြင့် အရည်အချင်းသတ်မှတ်ချက်အားလုံးနှင့် ကိုက်ညီပြီး ဟိုတယ်ဝန်ဆောင်မှုနှင့် အစားအသောက်စီမံချက်ပြုတ်မှုများကို အမှန်တကယ်စိတ်ဝင်စားသူများကိုသာ ဦးစားပေးထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်။

(၇) သင်တန်းလျှောက်လွှာများကို (၁၂.၅.၂၀၁၅)နေ့မှစတင်ပြီး အောက်ဖော်ပြပါ လိပ်စာများတွင် လာရောက်ထုတ်ယူလျှောက်ထားနိုင်ပါသည်။

(က) အမှတ်(N-61)၊ မကျီးကန်ကျေးရွာ၊ Hospitality and Catering Training Academy သင်တန်းကျောင်း၊ ကော့မှူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။
(ခ) ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၊ အခန်းအမှတ် (၀၀၄၊၀၀၆)၊ အင်းလျားကန်ဟိုတယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၂၅၀၈၈၀၇၀၅၅၊ ၀၉ ၂၅၁၀၃၄၅၆၆

# ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့်အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပ



မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ် မေ ၅ရက် နံနက် ၁၀နာရီတွင် ပြင်ဦးလွင်မြို့နယ် မြို့တော်ခန်းမ၌ကျင်းပခဲ့ရာ ဌာနဆိုင်ရာနှင့်အခွန်ထမ်းပြည်သူ စီးပွားရေးလုပ်ငန်းရှင် ၁၃၅ဦး တက်ရောက်ကြပြီး ပြင်ဦးလွင်မြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီတာမြင့်က ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအားလည်းကောင်း၊ ဦးစီးအရာရှိ ဦးသောင်းထိုက်ဝင်းက ဝင်ငွေခွန်ဥပဒေအားလည်းကောင်း၊ ဦးစီးအရာရှိ ဦးခင်မောင်ထွေးက ကုန်သွယ်လုပ်ငန်းခွန်နှင့် ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့၍ တက်ရောက်လာကြသော ဌာနဆိုင်ရာနှင့်စီးပွားရေးလုပ်ငန်းရှင်များက မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး အခွန်ဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပါသည်။

# အားပြိုင်မှုတွေရှိနေဦးမယ့် ချယ်လ်ဆီးနဲ့ လီဗာပူး

မိုးမြင့်လင်းလက်




ဒီနှစ် ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးထားပြီးဖြစ်တဲ့ ချယ်လ်ဆီးတို့ကတော့ လက်ကျန်ပွဲစဉ်ဖြစ်တဲ့ လီဗာပူးနဲ့ပွဲကို မေ ၁၀ ရက်မှာ ကစားဖို့ရှိနေသလို မန်စီးတီးကလည်း ကျူပီအာနဲ့ ယှဉ်ပြိုင်ဖို့ရှိနေပါတယ်။ မေ ၁၁ ရက်မှာ ကစားမယ့် အာဆင်နယ်နဲ့ ဆွမ်ဆီးပွဲကလည်း နိုင်ပွဲရမှုဖြစ်မယ့် အာဆင်နယ်အတွက် အလေးထားကစားရဦးမယ့်ပွဲ ဖြစ်နေပြန်ပါတယ်။

**ချယ်လ်ဆီးနှင့် လီဗာပူး**

ခရစ္စတယ်ပဲလေ့စ် အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့နိုင်ပွဲရပြီး ဒီနှစ်ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးထားတဲ့ ချယ်လ်ဆီးဟာ ဥရောပဝင်ခွင့်အတွက် ခြေကုန်ထုတ်လာမယ့် လီဗာပူးနဲ့ဆုံတွေ့ပွဲက ကြည့်ကောင်းမယ့်ပွဲဖြစ်နေပါတယ်။ နိုင်ပွဲတွေ ဆက်တိုက်ရယူနေတဲ့ ချယ်လ်ဆီးဟာ အမှတ်လိုအပ်နေတဲ့ လီဗာပူးကို ဂုဏ်သိက္ခာအရ အနိုင်ရရေးကြိုးစားပါဦးမယ်။ ရှုံးပွဲ၊ သရေပွဲတွေကြားက ဖိအားများနေတဲ့ လီဗာပူးတို့ကတော့ ဒီပွဲမှာ တစ်မှတ်ရရင်ပဲ ကျေနပ်ရမှာဖြစ်ပြီး ပထမအကျော့ တစ်ဂိုး-ဂိုးမရှိ ရှုံးကြွေးကို ပြန်ဆပ်နိုင်ဖို့တော့ မလွယ်ပါဘူး။ ဒါပေမယ့် လီဗာပူးရဲ့ နိုင်ပွဲရယူလိုစိတ် ပြင်းထန်နေမှုက ရလဒ်ကောင်းလည်း ဆောင်ကြဉ်းသွားနိုင်ပါတယ်။

**မန်စီးတီးနှင့် ကျူပီအာ**

ပထမအကျော့ပွဲစဉ်မှာ နှစ်ဂိုးစီ သရေပွဲဖြစ်ထားတာမို့ အခုပွဲမှာတော့ မန်စီးတီးတို့က နိုင်ပွဲရအောင် စွမ်းဆောင်ပါလိမ့်မယ်။ မန်စီးတီးဟာ စပါး၊ ဗီလာ၊ ဝက်စ်ဟမ်းတို့ကို နိုင်ပွဲရအောင်ကစားခဲ့ပြီး အခုပွဲကိုလည်း အမှတ်ပြည့်ရအောင် လူစုံထုတ်ကစားမှာသေချာပါတယ်။ ကျူပီအာတို့ကတော့ ရှုံးပွဲ၊ သရေပွဲများနေပြီး လက်ရှိခြေစွမ်းအရ မန်စီးတီးကို အသာစီးရယူဖို့ မလွယ်ပါဘူး။ မန်စီးတီးတိုက်စစ်မှူးတွေကို ထိန်းချုပ်ဖို့ မလွယ်တာမို့ ကျူပီအာတို့ အခုပွဲမှာ တစ်မှတ်ရရင်ပဲ ကျေနပ်ရမယ့် အနေအထားဖြစ်ပါတယ်။

**အာဆင်နယ်နှင့် ဆွမ်ဆီး**

ပထမအကျော့ပွဲစဉ်မှာ ဆွမ်ဆီးက နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာမို့ အခုပွဲမှာတော့ အာဆင်နယ်တို့ ရှုံးကြွေးပြန်ဆပ်ဖို့ လုံလောက်တဲ့စွမ်းဆောင်မှုတွေ ပြန်ရနေပြီဖြစ်ပါတယ်။ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ ရလဒ်ကို ကြည့်ရင် ချယ်လ်ဆီးကို ဂိုးမရှိသရေပွဲကလွဲပြီး ကျန်ပွဲစဉ်အားလုံးနိုင်ပွဲရထားတဲ့ အာဆင်နယ်ဟာ အခုပွဲမှာ ဆွမ်ဆီးကို အခွင့်အရေးပေးမှာ မဟုတ်ပါဘူး။ စတုတ်နဲ့ နယူးကာဆယ်တို့ကို ဆက်တိုက်နိုင်ပွဲရထားတဲ့ ဆွမ်ဆီးတို့ကလည်း အာဆင်နယ်ကို ဘယ်လိုကစားရမယ်ဆိုတာ သိထားတာမို့ နည်းပြအာစင်ဝင်းဂါးအတွက် ဒီပွဲဟာ စိန်ခေါ်မှုတစ်ရပ်ပါပဲ။ ဆွမ်ဆီးဟာ အသင်းလိုက် ကစားအားကောင်းတဲ့ အသင်းဖြစ်ပေမယ့် အာဆင်နယ်ရဲ့ ရာသီကုန်အားထည့်ကစားမှုကို ထိန်းချုပ်တားဆီးဖို့ ခက်ခဲမှာဖြစ်ပါတယ်။ အိမ်ရှင်အတွက် သုံးမှတ်ရယူမယ့်ပွဲပါ။ ။

## ပေါ့ဘာကို မန်စီးတီးပေါင်သန်း ၅၀ နဲ့ ခေါ်ယူဖွယ်ရှိ



ဂျူဗင်တပ်စ်ကွင်းလယ်ကစားသမား ပေါလ်ပေါ့ဘာကို စိတ်ဝင်စားနေတဲ့ အသင်းတွေထဲမှာ ချယ်လ်ဆီး၊ ရီးရဲမက်ဒရစ်၊ ဘာစီလိုနာနဲ့ ပီအက်စ်ဂျီတို့ ပါဝင်ပါတယ်။ မန်စီးတီးကတော့ ပေါ့ဘာကို ပေါင်သန်း ၅၀ နဲ့ ခေါ်ယူဖို့ အသင့်ရှိနေတယ်လို့ ဆိုပါတယ်။ ပေါ့ဘာဟာ ဒီနှစ်ထဲမှာ ဂျူဗင်တပ်စ်နဲ့အတူ ခြေစွမ်းပြ ကစားလာတဲ့ ကစားသမား ဖြစ်ပါတယ်။ ပြင်သစ် ကစား သမား

ပေါ့ဘာဟာ ၂၀၁၂ ခုနှစ်က မန်ယူမှ ပြောင်းလာပြီးနောက် ဂိုးများ ဆက်တိုက်သွင်းယူလာနိုင်တဲ့အတွက် ဥရောပထိပ်တန်းကလပ်တွေက ခေါ်ယူဖို့ မျက်စိကျနေကြပါတယ်။ မန်စီးတီးအနေနဲ့ ဒီနှစ်နွေရာသီမှာ ထွက်ခွာဖွယ်ရှိနေတဲ့ ယာယာတိုရေးနေရာမှာ အစားထိုးဖွယ်ရှိပါတယ်။ အသက် ၂၂ နှစ်အရွယ်သာရှိသေးတဲ့ ပေါ့ဘာဟာ ကွင်းလယ်ကစားကွက်ကို ကောင်းစွာကစားနိုင်တဲ့ ကွင်းလယ်ကစားသမားဖြစ်ပါတယ်။ သို့ပေမယ့် ဂျူဗင်တပ်စ်ကတော့ သူ့ကို မရောင်းဘူးလို့ ဆိုပါတယ်။ ဒါပေမယ့် မန်စီးတီးက ငွေပုံအောပြီးခေါ်ယူမယ်ဆိုရင်တော့ စာချုပ်ဖြစ်သွားနိုင်ပါတယ် မန်စီးတီး ကွင်းလယ်ကစားသမား တိုရေးကို မီလန်က တစ်ပတ်ပေါင် ၂၂၀၀၀၀ ပေးပြီး ခေါ်ယူမှာဖြစ်တဲ့တွက် မန်စီးတီးအတွက် ကွင်းလယ်ကစားသမားကောင်းတစ်ဦး အမြန်ခေါ်ယူသွားရမယ့် အနေအထားရှိပါတယ်။ ။

## ကမ္ဘာ့အချမ်းသာဆုံးဘောလုံးအသင်းအဖြစ် ရီးရဲမက်ဒရစ်သုံးနှစ်ဆက်တိုက်ရပ်တည်

ရီးရဲမက်ဒရစ်အသင်းအနေနဲ့ ကမ္ဘာ့အချမ်းသာဆုံးဘောလုံးအသင်းအဖြစ် သုံးနှစ်ဆက်တိုက် ရပ်တည်နိုင်ခဲ့ကြောင်း ဖောဘတ်မဂ္ဂဇင်းက ဖော်ပြခဲ့ပါတယ်။ စပိန်လာလီဂါအသင်း ရီးရဲမက်ဒရစ်အနေနဲ့ ၂၀၁၄ ခုနှစ်ကထက် ဝင်ငွေ ငါးရာခိုင်နှုန်းကျဆင်းသွားခဲ့သော်လည်း ဒေါ်လာ ၃ ဒသမ ၂၆ ဘီလီယံဖြင့် အချမ်းသာဆုံးအသင်းအဖြစ် ဆက်ရှိနေပါတယ်။ သူ့နောက်မှ ဘာစီလိုနာက ၃ ဒသမ ၁၆ ဘီလီယံနဲ့ ဒုတိယဝင်ငွေအကောင်းဆုံးအသင်း ဖြစ်လာခဲ့ပါတယ်။ ပရီမီယာလိဂ်နာမည်ကြီး မန်ယူကတော့ ၃ ဒသမ ၁၀ ဘီလီယံနဲ့ တတိယဝင်ငွေ အကောင်းဆုံးအသင်းဖြစ်ခဲ့ပါတယ်။ ပရီမီယာလိဂ်အသင်း ၂၀ မှာ ရှစ်သင်းဟာ ထိပ်ဆုံးဝင်ငွေအကောင်းဆုံးအသင်းအဖြစ် ရပ်တည်ခဲ့ပြီး မန်ယူကတော့ နံပါတ်တစ်နေရာမှာရှိပါတယ်။ မန်စီးတီးက ဘွန်ဒက်လီဂါချန်ပီယံ ဘိုင်ယန်မြူးနစ်နောက်မှာ ပဥ္စမနေရာမှ လိုက်ခဲ့ပါတယ်။ ပရီမီယာလိဂ်ချန်ပီယံအသစ်စက်စက် ချယ်လ်ဆီးကတော့ နံပါတ်ခြောက်နေရာမှာချိတ်နိုင်ခဲ့ပါတယ်။ အာဆင်နယ်က ခုနစ်၊ လီဗာပူးက ရှစ်ပါ။ စီးရီးအေထိပ်တန်းအသင်းများဖြစ်တဲ့ ဂျူဗင်တပ်စ်နဲ့ အေစီမီလန်တို့လည်း ထိပ်ဆုံးနံပါတ် ၁၀ စာရင်းဝင်အသင်းတွေ ဖြစ်ခဲ့ပါတယ်။




## ဘိုင်ယန်မြူးနစ်ရဲ့ ချန်ပီယံလိဂ် မျှော်မှန်းချက်

ဘိုင်ယန်မြူးနစ်နည်းပြ ဂွာဒီယိုလာက အသင်းဟောင်း ဘာစီလိုနာကို အနိုင်ယူပြီး ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ တက်ရောက်ကာ ဖလားဆွတ်ခူးဖို့ မျှော်မှန်းထားခဲ့တာပါ။ သို့ပေမယ့် လက်ရှိအနေအထားမှာတော့ ဂွာဒီယိုလာရဲ့ မျှော်မှန်းချက်က ဝေးကွာသွားတော့မယ့်အနေအထားမှာရှိနေပါတယ်။ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့မှာ မက်ဆီဦးဆောင်တဲ့ ဘာစီလိုနာကို သုံးဂိုးပြတ်နဲ့ ရှုံးနိမ့်သွားလို့ပါပဲ။ အိမ်ရှင်ဘာစီလိုနာနဲ့ ဘိုင်ယန်မြူးနစ်တို့ဟာ မိနစ် ၇၀ ကျော်အထိ တစ်ဖက်နဲ့တစ်ဖက် ဂိုးမသွင်းနိုင်ခဲ့ကြပါဘူး။ ပွဲပြီးခါနီး ၁၃ မိနစ်အလိုမှာ ဘာစီလိုနာက သုံးဂိုးဆက်တိုက်သွင်းပြီး အနိုင်ယူလိုက်တာပါ။ ဒီပွဲမှာ ပွဲတိုင်းဂိုးသွင်းနေတဲ့ မက်ဆီက နှစ်ဂိုး၊ နေမာက တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ပြိုင်ပွဲမတိုင်မီက မက်ဆီရဲ့တိုက်စစ်ကို ခံနိုင်တဲ့ခံစစ်မရှိဘူးလို့ ဂွာဒီယိုလာက ဝန်ခံပြောဆိုခဲ့ပါတယ်။ ထင်ထားတဲ့အတိုင်း ဘိုင်ယန်မြူးနစ်အနေနဲ့ တစ်ချိန်လုံးပိတ်ဆို့ထားခဲ့ရာမှာ နောက်ဆုံးတော့ မက်ဆီကိုဂိုးသွင်းခွင့်ပေးလိုက်ရပါတော့တယ်။ ဘိုင်ယန်မြူးနစ်အနေနဲ့ ဒုတိယအကျော့မှာ သုံးဂိုး ပြန်လည်ချေပနိုင်ရမှာဖြစ်ပါတယ်။ သို့ပေမယ့် မလွယ်ပါဘူး။ ဘာစီလိုနာလိုအသင်းကို သုံးဂိုးချေပဂိုးသွင်းယူနိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒီအတွက်ဂွာဒီယိုလာရဲ့ ချန်ပီယံလိဂ်အိပ်မက် ဒီမှာပဲအဆုံးသတ်သွားနိုင်ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**


THE ALL-NEW BMW 2 SERIES
ACTIVE TOURER.
MAKE EVERY DAY COUNT.
The all-new BMW 2 Series Active Tourer combines perfect combination of versatile interior, higher seating position with classic BMW dynamic performance, and yet offer plenty of comfort and space despite its compact dimensions.
Put your mind at ease with BMW Service Inclusive that cover the cost of your vehicle maintenance for 3 years and extends the statutory warranty period to 3 years.
Visit showroom or call +95 (1) 230 6133, Service Hotline: +95 (1) 230 6144.
Prestige Automobiles
bmwmyanmar.com
Sheer Driving Pleasure
The all-new BMW 2 Series Active Tourer
BMW EfficientDynamics
Less consumption. More driving pleasure.
Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.
No.485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar.
Join BMW Myanmar
www.facebook.com/BMWPAC

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သက္ကလမြို့နေ မခင်တွယ်တာစိုးနှင့် မတွယ်တာစိုး ၇/ကဝန(နိုင်)၁၆၈၈၈၄ မှာ တစ်ဦးတည်းဖြစ်ကြောင်း အသိပေးအပ်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်နေ ဒေါ်ခင်သက်ဦးနှင့် ဒေါ်သက် ၇/ပခန(နိုင်)၀၄၇၇၃၀မှာ တစ်ဦးတည်းဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

## အမည်ပြောင်း

ဦးညွန့်မင်း၏သား အထက(၅) တာမွေ၊ Grade 11 မှ မောင်ဘုန်းမင်းသန့်အား စိုင်းဘုန်းမင်းသန့် Grade 9 မှ မောင်ကောင်းခန့်ကျော်အား စိုင်းအောင်ပြည့်သျှန်နှင့် အမက(၇) တာမွေ Grade 4(A-2)မှ မပန်းမြတ်ရွှန်းခြယ်အား နန်းမေရတီမောင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၈၅**

ဦးအောင်ကိုလတ် **နှင့်** RD ဆင်မြူရယ်
**တရားလို** **တရားပြိုင်**

အမှတ်(၁၁၁)၊ အနော်ရထာလမ်း၊ (၅)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ RDဆင်မြူရယ်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တရားလို ဦးအောင်ကိုလတ်က ပဋိညာဉ်အတိုင်း စာချုပ်စာတမ်း မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အမှုကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် မေ ၂၉ရက် မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ပါရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် မေ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးပေးလိုက်သည်။

(တင့်လွင်)
ဒုတိယခရိုင်တရားသူကြီး(၇)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်း-၂၀)**
**မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၀**

ဒေါ်အေးပြေ့(ဘ)ဦးပျံ့ကြီး **နှင့်**
၁။ ဒေါ်အေးဝင်း
၂။ ဦးအောင်မင်း
၃။ ဦးအေးကျော်
၄။ ဒေါ်မြခိုင်
၅။ ဦးလေးကို
၆။ ဦးရွှေမန်း
(၇) ဒေါ်ထွေး
(၈) ဦးဟန်သူစိုး
(၉) မနီလာစိုး
(၁၀) မသိမ့်သိမ့်စိုး
(၁၁) ဦးအေးနိုင်စိုး

**တရားလို** **တရားပြိုင်များ**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆီမီးခုံကျေးရွာနေ(၇၊ ၉၊ ၁၀၊၁၁တရားပြိုင်များ)ဖြစ်ကြသော ဒေါ်ထွေး၊ မနီလာစိုး၊ မသိမ့်သိမ့်စိုးနှင့် ဦးအေးနိုင်စိုး (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ် တရားလို ဒေါ်အေးပြေ့မှ အမွေပုံစီမံခန့်ခွဲပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအမိန့်အခွင့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇွန် ၄ ရက် (၁၃၇၇ ခုနှစ် နယုန်လပြည့်ကျော် ၃ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူများဖြစ်သော ဒေါ်ထွေး၊ မနီလာစိုး၊ မသိမ့်သိမ့်စိုးနှင့် ဦးအေးနိုင်စိုးက တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက် ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် မေ ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဖြူဖြူဆွေ)
တွဲဖက်မြို့နယ်တရားသူကြီး
မြင်းခြံမြို့နယ်တရားရုံး






## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်လယ်ဝေးမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ကြေးမှုံရပ်၊ မြေကွက်/ဦးပိုင်အမှတ်(၄ᵍ)ဧရိယာ ၀ဒသမ၈၉၈ဧကရှိ ဦးစန်းကို အမည်ပေါက်မြေငှားစာချုပ်မြေကွက်အား ဦးစန်းကို၉/လဝန(နိုင်)၀၁၇၇၉၁(ဘ)ဦးလှစိန်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ် စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ရှမ်းပွဲ၊ မြေကွက်/ဦးပိုင်အမှတ်(၅၁ᵏ/၅၂ᵏ)၊ ဧရိယာ ၀ဒသမ၃၄၆ဧကရှိ မြေကွက်အား ဦးဝင်းမြင့်အောင် (ဘ)ရှေ့ခွမ်(ခ)ဦးအောင်မြင့် ၉/ခအဇ(နိုင်)၀၀၃၈၀၁ မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြ၍ ဘိုးဘပိုင်မြေကွက်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

| | |
|---|---|
| **ပျောက်ဆုံးကြောင်း** | ကျွန်တော် မောင်စိုးပိုင် ၁၃/ကလန(နိုင်)၀၅၇၄၉၀ ၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၈၃၁၈၂၁၆** |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပျဉ်းမနားမြို့နယ်တရားရုံး၌**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၄**

မနန်းမွေဟွမ် (ဘ)ဦးသိန်းဖေ **နှင့်** ကိုကိုထက်(ခ)ခိုင်ဇော်လင်း
အိမ်အမှတ်(၈/၁၀၂) (ဘ)ဦးစိုးဝင်း(ဈေးသည်)
မစိုးရိမ်ရပ်၊ (၆)လမ်း၊ ရွာသစ်ကြီးကျေးရွာ၊
ရွှေချီအုပ်စု၊ ပျဉ်းမနားမြို့ ဇေယျာသီရိမြို့နယ်၊နေပြည်တော်
**တရားလို** **တရားပြိုင်**

ကိုကိုထက်(ခ)ခိုင်ဇော်လင်း (ဘ)ဦးစိုးဝင်း(ဈေးသည်)ရွာသစ်ကြီးကျေးရွာ၊ ဇေယျာသီရိမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မနန်းမွေဟွမ်က လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇွန် ၅ ရက် (၁၃၇၇ ခုနှစ် နယုန်လပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် မေ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**သန္တာညွန့်**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ပျဉ်းမနားမြို့နယ်တရားရုံး**

# မြန်မာတို့အတွက်အသုံးဝင်သော မြန်မာမိုဘိုင်း App များတိုးတက်ရေး

မြန်မာနိုင်ငံ၌ ယနေ့အချိန်တွင် မိုဘိုင်းဖုန်းအသုံးပြုမှုနှုန်း အလွန်မြင့်တက်နေသကဲ့သို့ မြန်မာနိုင်ငံသားတို့အတွက် အသုံးဝင်အကျိုးရှိစေမည့် မြန်မာမိုဘိုင်း Application များမှာလည်း တဖြည်းဖြည်း အရေအတွက်တိုးလာလျက်ရှိသည်။ မိုဘိုင်းဖုန်းများအသုံးများလာစအချိန် ၂၀၀၈၊ ၂၀၀၉ ခုနှစ်ခန့်မှစ၍ ဖုန်းပေါ်တွင် မြန်မာစာကို ရေးနိုင်ဖတ်နိုင်ရန်၊ မြန်မာစာဖြင့် စာပို့နိုင်ရန်အတွက် အဓိကကြိုးစားခဲ့ကြသည်။ ထို့ကြောင့် ပထမဆုံးမြန်မာစာလက်ကွက်စနစ်များပေါ်လာပြီး ယခုအချိန်တွင်မူ ဖုန်းတိုင်းတွင် မြန်မာစာလက်ကွက် Application တစ်ခုကို မဖြစ်မနေအသုံးပြုနေကြပြီဖြစ်သည်။

ထို့နောက်တွင် မြန်မာတို့အတွက် အသုံးဝင်သည့် မြန်မာ Application များကို ကွန်ပျူတာပညာရှင်များက ဆက်လက် ဖန်တီးခဲ့ကြသည်။ အစောဆုံးဖန်တီးခဲ့သော Application များမှာ အင်္ဂလိပ်-မြန်မာ အဘိဓာန်အပါအဝင် အဘိဓာန်များ၊ ရန်ကုန်လမ်းညွှန်ကဲ့သို့သော စီးပွားရေးလမ်းညွှန်စာအုပ်များ၊ မြန်မာ့ရိုးရာပြက္ခဒိန်များ စသည်တို့ကို ဖုန်းပေါ်တွင်သုံးနိုင်ရန် ဖန်တီးခဲ့ကြခြင်းဖြစ်သည်။

ယခုအချိန်တွင် ပြည်တွင်းသတင်းမီဒီယာများ၏ သတင်းများကို စုစည်းထားသော App များ၊ ရုပ်ရှင်ရုံများတွင် ရုံတင်သည့်ကားသစ်များစာရင်းကို သိနိုင်မည့် App များ၊ လစဉ်ထီတိုက်ခြင်းကို ဖုန်းပေါ်မှပင်လုပ်နိုင်မည့် App များ၊ အလုပ်အကိုင်ရှာဖွေရေး App များ၊ တက်စီငှားရာတွင် လွယ်ကူစေရန် တက်စီမောင်းသူနှင့် ခရီးသည်ကြား ချိတ်ဆက်ပေးသည့် App များ၊ ဘတ်စ်ကားစီးရန် လမ်းညွှန် App များ စသည်ဖြင့် အမျိုးမျိုးရှိနေပြီဖြစ်သည်။

အချိန်ကာလအလိုက် စိတ်ဝင်စားမှုအခြေအနေအပေါ်မူတည်၍ ထုတ်ဝေသော App များလည်း ရှိနေသည်။ ၂၀၁၃ ဆီးဂိမ်းကာလတွင် ဆီးဂိမ်းမှ သတင်းများကို စုစည်းဖော်ပြသည့် App ကို မြန်မာနည်းပညာကုမ္ပဏီတစ်ခုက ထုတ်ဝေခဲ့ဖူးသည်။ ထို့အပြင် နိုင်ငံတကာမှ ထုတ်လုပ်သည့် App ကောင်းများကို မြန်မာတို့သုံးရာတွင် ပိုလွယ်စေရန် မြန်မာဘာသာပြန်၍လည်း မြန်မာကွန်ပျူတာဝါသနာရှင်များက ထုတ်ဝေပေးလျက်ရှိသည်။ ဖုန်း၏ ဘက်ထရီကို ကြာရှည်အသုံးခံအောင်လုပ်ပေးသည့် Battery Doctor ကဲ့သို့သောနိုင်ငံတကာမှ App များကို မြန်မာကွန်ပျူတာသမားတို့က မြန်မာလိုဘာသာပြန်ပြီး အသုံးပြုရလွယ်အောင် လုပ်ပေးထားသည်များလည်းရှိသည်။

ထိုသို့ အမျိုးအစားစုံလင်စွာရှိနေသော App များကို မြန်မာလူမျိုး ကွန်ပျူတာပညာရှင်များနှင့် မိုဘိုင်း App များ ဖန်တီးရန်ဝါသနာပါသော ကွန်ပျူတာဝါသနာရှင်များက အခမဲ့ ဖန်တီးပေးနေကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် App တစ်ခုကိုဝယ်သုံးရန် မြန်မာလူမျိုးအများစု စိတ်ဝင်စားကြခြင်း မရှိသေးသလို နိုင်ငံတကာကဲ့သို့ အွန်လိုင်းငွေချေစနစ်လည်း မရှိသေးသဖြင့် ရောင်းချရန်နည်းလမ်းမှာ ဖုန်းဆိုင်များနှင့် ချိတ်ဆက်၍ ဖုန်းများသို့ တိုက်ရိုက်ထည့်သွင်းပေးပြီး ရောင်းချသည့် နည်းလမ်းသာ ရှိနေသည်။

သို့သော် လက်ရှိအချိန်တွင် ထိုသို့ဖုန်းဆိုင်များမှ ရောင်းချသည့် နည်းလမ်းကို အပင်ပန်းခံ၍ လုပ်လျှင်ပင်အဆင်မပြေသေးကြောင်း သိရသည်။ ရောင်းချသည့် App များကို ဖုန်းတစ်လုံးမှတစ်လုံးသို့ အလွယ်တကူ ဝေမျှပေးပို့၍ မသုံးနိုင်အောင် ရောင်းသူများက နည်းပညာအရ အကာအကွယ်များပြုလုပ်ထားကြသည်။ ထိုသို့ အကာအကွယ်လုပ်ထားသည့် App များကိုပင် အလွယ်တကူဝေမျှသုံးနိုင်ရန် နည်းပညာကျွမ်းကျင်သူများက ပြန်လည်ပြုပြင်ကာ အလကားပေးကြသည်။ Android ဖုန်းသုံးသူများ၏ တစ်ဝက်ခန့် အသုံးပြုနေသည့် မြန်မာစာလက်ကွက် App တစ်ခုဖြစ်သည့် Frozen Keyboard ကို ထုတ်လုပ်သည့် Developer များက မြန်မာစာလက်ကွက်အပြင် တိုင်းရင်းသားဘာသာစကားလက်ကွက်များပါ ပါဝင်သည့် ပြည့်စုံသော App တစ်ခုအဖြစ် ဖန်တီးပြီး အလွယ်တကူကူးယူသုံးစွဲခြင်း မလုပ်နိုင်ရန်လည်း ပြုလုပ်ထားခဲ့သည်။ ထို့နောက် App တစ်ခုလျှင် ကျပ်တစ်ထောင်နှုန်းဖြင့် ဖုန်းဆိုင်များမှတစ်ဆင့် ဈေးကွက်တင်ရောင်းချခဲ့ကြသော်လည်း မြန်မာလူမျိုး နည်းပညာကျွမ်းကျင်သူများကပင် အလွယ်တကူ ကူးယူသုံးနိုင်သည့် App အဖြစ် ပြန်လည်ပြုပြင်ပြီး အခမဲ့ဒေါင်းလုပ်ဆွဲယူနိုင်ရန် အင်တာနက်တွင်




တင်ပေးခဲ့သည်။ အသုံးပြုလိုသူများအဖို့ ငွေမကုန်၊ ဆိုင်သွားရန်မလိုဘဲ အလွယ်တကူရခဲ့သော်လည်း ထုတ်လုပ်သူမှာ နစ်နာခဲ့ရသည်။ ထို့နောက်တွင် မြန်မာ App များကို ထုတ်လုပ်သမျှမှာ ရောင်းချမှုမရှိတော့ဘဲ အလကားဖြန့်ဝေပေးသည့် ပုံစံသာဖြစ်လာသည်။

နိုင်ငံတကာမှ မိုဘိုင်း App ဖန်တီးသူများအနေဖြင့် ငွေကြေးကို ပြန်လည်ရှာဖွေရာတွင် ထုတ်လုပ်သည့် App ကို ရောင်းချခြင်း၊ သို့မဟုတ် လုပ်ဆောင်ချက်မပြည့်စုံသည့် စမ်းသပ်ဗားရှင်းကို အလကားပေးပြီး ကောင်းမွန်ပြည့်စုံသည့် App ကို ရောင်းချခြင်း၊ ယနေ့နာမည်ကြီးနေသည့် COC ဂိမ်းကဲ့သို့ App တစ်ခုလုံးကို အလကားပေးပြီး ဂိမ်းအတွင်းမှ Gem များကို ငွေပေးဝယ်ရသည့် နောက်ဆက်တွဲဝန်ဆောင်မှုများကို ရောင်းချခြင်း စသည့် အသုံးပြုသူထံမှ ငွေကြေးရယူသည့် နည်းလမ်းများကို သုံးကြသည်။ ထို့အပြင် အသုံးပြုသူဘက်မှ ငွေကြေးလုံးဝ ရယူခြင်းမရှိဘဲ App အတွင်း၌ ကြော်ငြာများထည့်သွင်းကာ ငွေကြေးအမြတ်အစွန်းကို ကြော်ငြာရှင်များထံမှသာ ပြန်လည်ရယူသည့်ပုံစံမျိုးလည်း ရှိသည်။

**သူရဖြိုး**

မြန်မာနိုင်ငံမှ Appထုတ်လုပ်နေသူများအနေဖြင့်မူ ထုတ်လုပ်ထားသည့် App ကို ကြိုးစားထုတ်လုပ်ထားမှုနှင့်ထိုက်တန်သော တန်ဖိုးတစ်ခုဖြင့် အသုံးပြုသူများထံသို့ ရောင်းချ၍ ငွေကြေးရယူနိုင်မည့်နည်းလမ်းမှာ ပြည့်စုံသော အွန်လိုင်းငွေချေစနစ်တစ်ခု မပေါ်ပေါက်မချင်း အဆင်ပြေမည့်အနေအထားမရှိသေးချေ။ လက်ရှိအချိန်တွင် သတင်းဝက်ဘ်ဆိုက်များမှ သတင်းများကို စုစည်းဖော်ပြပေးသည့် App အချို့တွင် ကြော်ငြာများလက်ခံကာ ငွေကြေးရှာဖွေသည့် နည်းလမ်းကို အသုံးပြုနေကြသည်။ ထိုနည်းလမ်းမှာလည်း ငွေကြေးအမြတ်များစွာရနိုင်သည့် နည်းလမ်းမဟုတ်သလို ထို App မျိုးမှာ ကျွမ်းကျင်ပညာရှင်အဆင့်မဟုတ်ဘဲ ဝါသနာရှင်အဆင့်က အလွယ်တကူလုပ်နိုင်သည့် App များဖြစ်သည်။

မြန်မာ App များ လက်ရှိထုတ်လုပ်နေမှုမှာ ကိုယ်တိုင်ဝါသနာပါပြီး မြန်မာမိုဘိုင်း App များကို တိုးတက်စေလိုသူ ကွန်ပျူတာပညာရှင်နှင့် ဝါသနာရှင်များက အချိန်ကုန်ခံ၍ ဖန်တီးကြပြီး အလကားပေးရသည့် စနစ်အဖြစ်သာရှိနေသည်။ နိုင်ငံတကာမှ ထုတ်လုပ်ကာ အလကားပေးနေသော App များမှာ မြန်မာပညာရှင်တို့ထက် ငွေအား လူအား နည်းပညာအားသာလွန်သဖြင့် မြန်မာတို့ ဖန်တီးသည်ထက် ပို၍ကောင်းအောင် ဖန်တီးပေးထားနိုင်သည်မှာ အမှန်ဖြစ်သည်။ သို့သော် မြန်မာလူမျိုးတို့အတွက် မရှိမဖြစ်ဖြစ်သည့် မြန်မာစာစနစ်၊ မြန်မာအဘိဓာန်စသည့် App များကိုမူ နိုင်ငံတကာမှ App ထုတ်လုပ်သူများက စိတ်ဝင်စားမည်မဟုတ်ဘဲ မြန်မာလူမျိုးပညာရှင်များကသာ ဖန်တီးထုတ်လုပ်ပေးကြမည်ဖြစ်သည်။

အကယ်၍ မြန်မာလူမျိုးပညာရှင်များအနေဖြင့် ဝါသနာအရ လုပ်ကြသော်လည်း ကြိုးစားအားထုတ်မှုနှင့် ထိုက်တန်သော ဝင်ငွေမျိုးမရဘဲ ရေရှည်အချိန်ပေး၍ လုပ်နိုင်မည်မဟုတ်သဖြင့် မြန်မာမိုဘိုင်း App အသစ်များအောင်မြင်စွာပေါ်ထွက်လာရန်အတွက် ထုတ်လုပ်သူများ ဝင်ငွေရရှိနိုင်မည့်ဈေးကွက်တစ်ခု လိုအပ်လျက်ရှိသည်။ ထိုသို့ ဈေးကွက်တစ်ခုပေါ်ပေါက်လာရန် အဓိကအားဖြင့် App များကို တန်ရာတန်ကြေးပေးဝယ်မည့် အသုံးပြုသူများရှိရန်လိုအပ်သလို အလွယ်တကူဝယ်နိုင်ရန် အွန်လိုင်းငွေချေစနစ်တစ်ခုလည်း ရှိရမည်ဖြစ်သည်။

နိုင်ငံတကာ မိုဘိုင်း App ဈေးကွက်တွင် App တစ်ခုလျှင် ပျမ်းမျှ တစ်ဒေါ်လာ၊ နှစ်ဒေါ်လာ စသည့်နှုန်းများဖြင့် ရောင်းချကြသည်။ မြန်မာနိုင်ငံတွင်လည်း မြန်မာ App တစ်ခုကို ငွေကျပ်တစ်ထောင်ခန့်ဖြင့် ရောင်းချလျှင် အမှန်တကယ်ကောင်းမွန်ပြီး အသုံးဝင်ပါက ဝယ်မည့်သူ ရှားမည်မဟုတ်ပါ။ သို့သော် ဝယ်ယူလိုလျှင်ပင် ငွေချေရန်အွန်လိုင်းငွေချေစနစ်မရှိသေးသဖြင့် မြန်မာ App ဈေးကွက်ပေါ်ပေါက်ရန် ခဲယဉ်းလျက်ရှိသည်။

ထို့ကြောင့် မြန်မာတို့အတွက် အသုံးဝင်သော App များ ပို၍များပြားစွာထွက်ပေါ်လာရန်အတွက် လုံခြုံစိတ်ချရသော အွန်လိုင်းငွေချေစနစ်တစ်ခုကို နိုင်ငံတော်အစိုးရ၊ ဘဏ်လုပ်ငန်းရှင်များ၊ နည်းပညာကျွမ်းကျင်သူများ ပူးပေါင်းဖော်ဆောင်ပေးရန် အရေးတကြီး လိုအပ်လျက်ရှိနေပါသည်။ ။


**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1G/1928 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2D/1303 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**စိန်စိန် ဟိုတယ်**

စိန်စိန် ဟိုတယ် ၏ ကျယ်ဝန်းသော

**“အခန်းသစ်များ”** တွင် တည်းခိုရင်း

အစဉ်အမြဲအားပေးသော မိတ်ဟောင်း/မိတ်သစ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့်

**( 1.5.2015 ) မှ ( 30.5.2015 ) ထိ**

တည်းခိုသူ လူကြီးမင်းများအား

***Member Card*** များထုတ်ပေးနေပါသည်။

Phone No. : 02-32400 / 64601 / 64602 / 31617

Address : 81st St:, Bet: 32nd & 33rd Sts:, Mandalay.

Email Address : seinseinhotel@gmail.com


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ**

**မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း**

**အလုပ်အမှုဆောင်အဖြစ် အဆိုပြုနိုင်ရန်ဖိတ်ခေါ်ခြင်း**

မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို ၂၀၁၅ခုနှစ် ဇူလိုင်လတွင် ပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၅-၂၀၁၇ခုနှစ်အတွက် အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းရာတွင် အသင်းအလုပ်အမှုဆောင်အဖြစ် ပါဝင်ဆောင်ရွက်လိုသည့် အသင်းဝင်များအနေဖြင့် မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းရုံး၊ မူဆယ်မြို့တွင် ၂၀၁၅ခုနှစ် မေ ၃ရက်မှစ၍ အဆိုပြုလွှာများ ထုတ်ယူနိုင်ပါသည်။ ၂၀၁၅ခုနှစ် မေ ၃ရက်မှ ၂၀၁၅ခုနှစ် ဇွန် ၃၀ရက်အတွင်း အဆိုပြုလွှာများ တင်သွင်းနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**အသေးစိတ်အချက်အလက်များသိရှိလိုပါက** ဖုန်း-၀၈၂-၅၀၆၄၈၊ ၅၂၉၈၄၊ ၀၉-၅၂၃၃၂၅၀၊ ၀၉-၅၂၁၄၀၇၅

တရုတ် ဖုန်း-၀၆၉၂-၆၂၀၅၄၇၄

**အလုပ်အမှုဆောင်အဖွဲ့**

**မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း**

**မူဆယ်မြို့**

# ရှေးဟောင်းအမွေအနှစ်အဖြစ် တည်ရှိနေသော သီပေါနမ့်လန်မှ မူလရှမ်းကျောင်းကြီး



**သီပေါ မေ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်နှင့် ၃၈ မိုင်အကွာရှိနမ့်လန်ဒေသတွင် ရှေးနှစ်ပေါင်း ၁၀၀ ကျော်က အလှူရှင်များဆောက်လုပ်လှူဒါန်းခဲ့သော မူလရှမ်းကျောင်းကြီးမှာ ယနေ့ထက်တိုင် ရှေးဟောင်းအမွေအနှစ်အဖြစ် တည်ရှိလျက်ရှိသည်။

အဆိုပါ ရှေးဟောင်းအမွေအနှစ်ကျောင်းကြီးကို နမ့်လန်ရှမ်းကျောင်းကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသစ္စာနန္ဒအရှင်သူမြတ်က ရှေးမူရှေးဟန်မပျက် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပြီး ကုသိုလ်ယူပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဆရာတော်နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ကျောက္ကာ-ရွှေမြင်တင်တောင်တန်းရှိ သဘာဝတောကျန်များထိန်းသိမ်းလျက်ရှိ

**မုံရွာ မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနအနေဖြင့် အပူပိုင်းဒေသကြီးအတွင်းကျရောက်လျက်ရှိသော မုံရွာမြို့နယ်အတွင်းရှိ တောင်စဉ်တောင်တန်းများ စိမ်းလန်းစိုပြည်ရေးအတွက် လေ့ကားထစ်သစ်ပင်စိုက်ခင်းများစိုက်ပျိုးခြင်း၊ သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသော သစ်ပင်များအား ရှင်သန်ကြီးထွားလာရေးအတွက် ၎င်းတို့ဌာန၏ အဓိက ရည်ရွယ်ချက်လေးရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိရာ မုံရွာမြို့နယ် ကျောက္ကာ-ရွှေမြင်တင်တောင်တန်းရှိ ကာကွယ်တောအတွင်း ဧက(၁၀၀၀) အား သဘာဝ တောကျန်ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သဘာဝတောကျန်များကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး "ကျွန်တော်တို့ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေနဲ့ ဆောင်ရွက်လျက်ရှိတဲ့ အဓိကတာဝန်ကြီးလေးရပ်ဖြစ်တဲ့ စိုက်ခင်းများထူထောင်ခြင်းအနေနဲ့ တောင်စဉ်တောင်တန်းတွေပေါ်က လိုအပ်တဲ့နေရာတွေမှာ စိုက်ခင်းအသစ်တွေ ထူထောင်မယ်၊ လှေကားထစ် သစ်ပင်စိုက်ပေးတယ်၊ ဒီတောင်စဉ်တောင်တန်းတွေပေါ်က သစ်ပင်တွေကို ကျေးရွာကပြည်သူတွေ မခုတ်ယူနိုင်ရန် စောင့်ရှောက်တယ်၊ နောက်ပြီးကျေးရွာတွေမှာ ထင်းအဖြစ်သော်လည်းကောင်း၊ ကျေးရွာလိုအပ်ချက်အရ အသုံးပြုနိုင်ဖို့အတွက် ကျွန်တော်တို့ဌာနက တစ်ရွာတစ်ဧကစိုက်ခင်းတွေထူထောင်ပေးထားတာခုနစ်ရွာရှိပါတယ်၊ နှစ်စဉ်ထပ်ပြီးလည်း ထူထောင်ပေးနေပါတယ်၊ နောက်တစ်ခုက သဘာဝတောထိန်းသိမ်းခြင်းလုပ်ငန်းအနေနဲ့ သဘာဝတောတွေကိုရှင်သန်ကြီးထွားအောင် ထိန်းသိမ်းတဲ့နေရာမှာ ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းဖြစ်တဲ့ ပင်ပူးခွာခြင်း၊ ကိုင်းချိုင်ခြင်း၊ အောက်ခြေရှင်းလင်းခြင်း၊ ငုတ်တက်ချွန်ခြင်း၊ နွယ်ဖြတ်/ညောင်ပတ်လှဲခြင်း လုပ်ငန်းတွေ လုပ်ဆောင်ရပါတယ်၊ အဲဒီလိုလုပ်ရင်းနဲ့ ထွက်ရှိလာတဲ့ ထင်းတွေကို အနီးအနားရှိတဲ့ကျေးရွာတွေက ဘုန်းတော်ကြီးကျောင်းတွေနဲ့ ပြည်သူတွေကို ပြန်လည်ဝေငှပေးပါတယ်၊ နောက်ပြီး ကျေးရွာနေပြည်သူတွေကို ထင်းအစားထိုး အခြားလောင်စာတိုးမြှင့်သုံးစွဲဖို့အတွက် လိုအပ်တဲ့ထောက်ပံ့မှုတွေပြုလုပ်ပေးပြီး သဘာဝတောတွေကိုဝိုင်းဝန်းထိန်းသိမ်းဖို့အတွက် အသိပညာပေး ဟောပြောပွဲတွေကျင်းပပေးတယ်၊ စိုက်ခင်းတွေရှင်သန်ကြီးထွားဖို့အတွက် ဒေသနဲ့ကိုက်ညီတဲ့ ရေရရှိရေး နည်းလမ်းတွေကို ဖော်ဆောင်ပေးရတယ်၊ ဒီလုပ်ငန်းတွေလုပ်ဆောင်တဲ့အခါမှာ ကျွန်တော်တို့ဌာနတစ်ခုတည်း လုပ်ဆောင်လို့မရပါဘူး၊ ဒေသခံကျေးလက်နေပြည်သူတွေလည်းဝိုင်းဝန်းပါဝင်မှ ပြန်လည် စိမ်းလန်းစိုပြည်လာမှာပါ"ဟု မြို့နယ်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



မုံရွာမြို့နယ်သည် အပူပိုင်းဒေသအတွင်းကျရောက်ပြီး အပူချိန်မြင့်မားသည့်မြို့နယ် တစ်ခုဖြစ်သည့်အပြင် မိုးနည်းဒေသတစ်ခုဖြစ်သည့်အတွက် အပင်များရှင်သန်မှု နည်းပါးခြင်း၊ လူများ၏ စည်းကမ်းမဲ့ ခုတ်ထွင်မှုများကြောင့် သဘာဝတောများရှိသစ်ပင်များ ပြုန်းတီးမှုများပြားလျက်ရှိရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနဖွင့်လှစ်ပြီး နောက်ပိုင်းတွင် ပျိုးဥယျာဉ်များထူထောင်ခြင်း၊ သဘာဝတောများကို ကာကွယ်ခြင်း၊ အသစ်စိုက်ပျိုးခြင်း၊ စိုက်ပျိုးပြီးနေရာများတွင်သေဆုံးအပင်များကို ဖာထေးစိုက်ပျိုးခြင်း စသည်တို့ကို ဆောင်ရွက်လာမှုကြောင့် သစ်တောများ ပြန်လည်ရှင်သန်လာပြီဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်နှင့်အဆောက်အအုံများပျက်စီး

**မင်းလှ မေ ၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်၌ မေ ၆ ရက်က လေပြင်းများတိုက်ခတ်မှုကြောင့် မြောက်ရပ်ကွက်တွင် အိမ် ၂၇ လုံး၊ ရုံးရပ်ကွက်မြောက်ပိုင်းတွင် အိမ်တစ်လုံး၊ အောက်ကိုင်းကျေးရွာတွင် ၁၁ လုံး၊ ရွာတော်ကျေးရွာတွင် ၁၁ လုံး၊ ငါးဘတ်အိုင်ကျေးရွာတွင် လေးလုံး၊ ချင်းကုန်းကျေးရွာတွင် တစ်လုံး၊ ရွာပုလဲကျေးရွာတွင် ခြောက်လုံး၊ စာသင်ကျောင်းတစ်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းသိမ်အမိုး၊ မြောက်များကုန်းကျေးရွာတွင် ၁၂ လုံး၊ သပြေပင်ကျေးရွာတွင် တစ်လုံး၊ ငလိုင်ကျေးရွာတွင် တစ်လုံး၊ ကုန်းကြီးကျေးရွာတွင် တစ်လုံး၊ ဂျင်းရဲမြောင်ကျေးရွာတွင် ရှစ်လုံး၊ စုစုပေါင်း အိမ် ၈၄ လုံး သွပ်အမိုးများ လေလန်ခဲ့ပြီး၊ ရုံးရပ်ကွက်မြောက်ပိုင်းတွင် သုံးပင်အိမ်တစ်လုံး၊ ငါးဘတ်အိုင်ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း အခန်းတစ်ခန်း၊ ကုန်းကြီးကျေးရွာတွင် နွားတင်းကုတ်တစ်လုံး ပျက်စီးခဲ့ကြောင်း သိရသည်။

**ညိုညိုဝင်း(မကွေး)**

# တတိယအကြိမ်မြောက် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်ကင်းရှင်းရေးလှုပ်ရှားမှု ဆောင်ရွက်

**တမူး မေ ၈**

တတိယအကြိမ်မြောက် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်၊ ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုကာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနဦးစီးမှူး ဦးအေးမင်းနှင့်အဖွဲ့သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့(ယာဉ်ထိန်း)၊ ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးကော်မတီအဖွဲ့တို့နှင့်ပူးပေါင်း၍ တမူးခရိုင်အတွင်းရှိ မော်တော်ယာဉ်အသင်းများ၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများနှင့် လမ်းအသုံးပြုသူ ပြည်သူများအား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ပြပွဲများနှင့် အသိပညာပေးဟောပြောပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(တမူး)**


## တစ်ချက်တည်းဖြင့် ကျင်းဝင်

ဦးမောင်မောင်ကြီး(ဆောက်လုပ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီလီမိတက်)သည် ၂၉-၄-၂၀၁၅ ရက်၊ နံနက် ၇း၃၀နာရီတွင် မြို့တော်စည်ပင်ဂေါက်ကွင်း (ငွေသော်တာ) ကျင်းအမှတ် ၁၂(၁၄၅ကိုက်) အကွာအဝေးကို Serixon No-4 ဘောလုံးအား Honma Iron N0-5 တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါသည်။ ဦးကျော်ခိုင်(မြန်မာ့အလှဆောက်လုပ်ရေး)၊ ဦးသန်းဝင်း (Orchid Tissue)၊ ဦးလှမြင့်(Hla Myint Trading Limited.)၊ ဦးတေဇာခိုင်(Millennium Hotel)တို့ ပါဝင်ကစားကြပါသည်။

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ
Dr. ဦးရဲဝင်း-ဒေါ်မို့မို့ဆွေတို့၏ တစ်ဦးတည်းသောသား
Dr. ဖြိုးဖြိုးမေ(လက်ထောက်ဆရာဝန်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၏အစ်ကို
**Dr. ကျော်ဇေ M.B.,B.S (Ygn)**
**Medical Officer (Asia Royal Hospital)**
နှင့်
ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းနေ
ဦးကိုလေး (Director, Hein Si Co.,Ltd.)-ဒေါ်ခင်ခင်ဆွေတို့၏
တစ်ဦးတည်းသောသမီး၊ မောင်နေမျိုးထွန်း(Civil Engineer, Shimizu Corporation, Singapore)၏အစ်မ
**Dr. ဇင်ဝေထွန်း M.B.,B.S (Ygn)**
**Medical Officer (Asia Royal Hospital)**
တို့သည် ၁-၅-၂၀၁၅(အလုပ်သမားနေ့)တွင် Chatrium Hotel ၌ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
Dr. ကျော်ဇေ + Dr. ဇင်ဝေထွန်း

## ဝန်ထမ်းအလိုရှိသည်

**LUCKY AUTO CAR SHOWROOM**

၁။ အရောင်းဝန်ထမ်း မ(၂)ဦး
၂။ ရုံးဝန်ထမ်း မ(၂)ဦး

အမှတ်စဉ်(၁)အတွက် ကျောင်းမတက်သူဦးစားပေးမည်။
အမှတ်စဉ်(၂)အတွက် ကွန်ပျူတာကျွမ်းကျင်သူ ဦးစားပေးမည်။
၂၅-၅-၂၀၁၅ ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။
အမှတ်(၁၂၄/C)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ကုက္ကိုင်းမှတ်တိုင်အနီး။ ဖုန်း ၀၁-၅၅၆၇၁၈၊ ၀၁-၇၀၉၃၃၄

## SEVEN စံ

မြေကွက်ရောင်းဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား?
SEVEN စံ နှင့်ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်
"ပွဲခလုံးဝမယူပါ"
Ph:09-33333 511, 09-33333 514
09-33333 644

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 2B/4712 Nissan Atlas JH 40,Light Truck ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဥမ္မာ ၁၂/ဥကမ(နိုင်)၀၀၉၅၅၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး) ရန်ကုန်မြို့**

## ကားငှားမည်။(ပိုင်ရှင်ကိုယ်တိုင်) ဖုန်း-၀၉၅၁ ၁၀ ၁၇၃

စင်းလုံးငှား(မြို့တွင်း/မြို့ပြင်)နယ်ဝေးခရီးစဉ်များအတွက်
(၁) HI-ACE (အံစာတုံး)ခေါင်မြင့်(၁၄)ယောက်စီး
(၂)ALPHARD (၇)ယောက်စီး (၃) X-COROLLA Saloon

## ဆန်လိုနေပြီလား



အိမ်စားပို့ဆန်လိုနေပြီဆိုရင်
မြန်မြန်လေးဖုန်းဆက်လိုက်ပါဗျို့။
09 4333 4111 ☎ 01-682844
09 4333 4222 ☎ 01-682944
09 730 77711 ☎ 01-682928
09 730 77722 ☎ 02-78625
စိတ်ကောင်းကြည်လင်ချန်ပီယံပေါ်ဆန်းမွှေး

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်၄ခ/၂၅၀၆၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ တွံဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်၄ခ/၁၉၀၃၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ တွံဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

**Tender No. 03/DHPI/Geology Spare/2015-2016**

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ဘူမိဗေဒလုပ်ငန်းသုံးဆက်စပ်ပစ္စည်းနှင့် စက်အရန်ပစ္စည်းများအား D.D.P(Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိတ်ပိတ်၍ ၄-၆-၂၀၁၅ရက် (၁၂း၀၀) နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာ စံချိန်စံညွှန်းရမှတ် (၆၀)ကျော်သော ကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal)ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ်(Overall Score) အများဆုံးကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဖုန်းများသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၃၅၃၁၊ ၀၆၇-၄၁၃၈၇၄**

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာများ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ပြည်နယ်အတွင်း၌ အဆောက်အအုံဆောက်လုပ်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာများအား ၅-၅-၂၀၁၅ ရက်မှစတင်၍ ကချင်ပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနရုံးတွင် ဝယ်ယူလျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ရုံးအဆောက်အအုံများ**

(က) ပန်နန်းဒင်မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးရုံး တစ်ထပ်ဆောက်လုပ်ခြင်း
(ခ) နောင်မွန်မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးရုံး အမိုးအကာပြင်ဆင်ခြင်း
(ဂ) ချီဖွေမြို့နယ်မွေး/ကု ဦးစီးမှူးရုံး တစ်ထပ်ဆောက်လုပ်ခြင်း
(ဃ) ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန သင်တန်းခန်းမ တစ်ထပ်ဆောက်လုပ်ခြင်း

**စက်ကိရိယာပစ္စည်းများ**

(က) ထွန်စက်(၁)စီးဝယ်ယူခြင်း
(ခ) ကွန်ပျူတာနှင့်ဆက်ပစ္စည်း(၉)လုံးဝယ်ယူခြင်း
(ဂ) မိတ္တူကူးစက်(၄)လုံးဝယ်ယူခြင်း
(ဃ) Laptop Computer (၁)လုံးဝယ်ယူခြင်း
(င) တင်း(၅၀)ကျမျိုးစေ့သန့်စင်စက်(၂)လုံး

၂။ **အိတ်ဖွင့်တင်ဒါတင်သွင်းရန်** - ၅-၅-၂၀၁၅ ရက်မှ ၅-၆-၂၀၁၅ ရက်အထိ

၃။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - ကချင်ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန

၄။ သတ်မှတ်ရက်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အသေးစိတ်သိလိုပါက ကချင်ပြည်နယ်အစိုးရအဖွဲ့၊ စိုက်/မွေးဝန်ကြီးဌာန ဖုန်း-၀၇၄-၂၉၅၁၄ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ စက်ရုံများမှ အသုံးမလို ပိုလျှံစက်နှင့်စက်ပစ္စည်း၊ စက်အရန်ပစ္စည်း၊ အထွေထွေပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါသည်။

(က) ချည်မျှင်နှင့်အထည်နည်းပညာဖွံ့ဖြိုးရေး ဌာန (ရန်ကုန်) - စက်နှင့်စက်ပစ္စည်း ၂၆ မျိုး
(ခ) အမှတ်(၁)အထည်စက်ရုံ(ရွှေတောင်) - စက်နှင့်စက်ပစ္စည်း ၂ မျိုး
(ဂ) အမှတ်(၃)အထည်စက်ရုံ(စစ်ကိုင်း) - စက်နှင့်စက်ပစ္စည်း အထွေထွေပစ္စည်း ၁၀၇ မျိုး
(ဃ) အမှတ်(၃)အထည်စက်ရုံခွဲ(စစ်ကိုင်း) - စက်နှင့်စက်ပစ္စည်း ၄ မျိုး
(င) အမှတ်(၄)အထည်စက်ရုံ(ပွင့်ဖြူ) - စက်နှင့်စက်ပစ္စည်း ၁၄ မျိုး
(စ) အမှတ်(၅)အထည်စက်ရုံ(ပခုက္ကူ) - စက်နှင့်စက်ပစ္စည်း ၂ မျိုး
(ဆ) အမှတ်(၆)အထည်စက်ရုံခွဲ(မုံရွာ) - စက်နှင့်စက်ပစ္စည်း ၅ မျိုး
(ဇ) အမှတ်(၁၀)အထည်စက်ရုံ(တောင်သာ) - စက်နှင့်စက်ပစ္စည်း အထွေထွေပစ္စည်း ၁၃ မျိုး

၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၅-၅-၂၀၁၅ ရက်
(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** -
(၁) **နေပြည်တော်** - အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း (စီမံရေးဌာန) ရုံးအမှတ်-၃၇
(၂) **ရန်ကုန်** - အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း(ရုံးခွဲ) အမှတ်(၁) သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်
(ဂ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၅-၆-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီ
(ဃ) **တင်ဒါပေးသွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်-၃၇၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

(က) အထွေထွေမန်နေဂျာ(စီမံရေး)၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၃၃၈၊ ၀၆၇-၄၀၈၁၅၆
(ခ) လုပ်ငန်းရုံးခွဲ(ရန်ကုန်) ဖုန်း-၀၁-၅၅၄၁၇၇၊ ၀၁-၅၅၈၃၃၆

# ဒုတိယအကြိမ်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လမ်း၊ တံတား၊ ရေပေးရေး၊ နေရောင်ခြည်စွမ်းအင်၊ ကျေးလက်အိမ်ရာ၊ ကျေးလက်အိမ်သာလုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ စိတ်ပါဝင်စားသောလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို ၂၇-၄-၂၀၁၅ရက်မှစ၍ ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆေးရုံလမ်း၊ ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ၂၇-၅-၂၀၁၅ရက် ၁၆း၃၀ နာရီနောက်ဆုံးထား၍ ဤရုံးသို့ပင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဖုန်း-၀၇၀-၂၂၅၅၀၊ ၀၇၀-၂၂၅၅၁၊ ၀၉-၈၆၃၆၄၄၃၊ ၀၉-၆၅၀၀၁၄၅**

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ မဟာဓာတ်အားလိုင်းများတွင် OPGW Network တည်ဆောက်တပ်ဆင်ရန်အတွက် လိုအပ်သော OPGW Cable & Accessories ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၈-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၅-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၈၂**

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
## ပဲခူးမြို့
# အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား/သူအားလုံးအတွက် လေ့ကျင့်ခန်းစာအုပ်များ အခမဲ့ထောက်ပံ့ပေးရန် လိုအပ်သော လေ့ကျင့်ခန်းစာအုပ်များအား တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်သွင်းရမည့် လေ့ကျင့်ခန်းစာအုပ်အရည်အသွေးနှင့် နေရာဒေသ

(က) **လေ့ကျင့်ခန်းစာအုပ်အရည်အသွေး**

| | | |
|---|---|---|
| (၁) | အရွယ်အစား | (၆.၂၅×၈.၂၅)လက်မ |
| (၂) | လိုင်းအရေအတွက် | ၂၂လိုင်း(အနည်းဆုံး) |
| (၃) | အဖုံးစက္ကူ | ၁၈၀ gsm Duplex Board(Colour) |
| (၄) | အတွင်းစက္ကူ | ၆၀ gsm indo 1k Woodfree |
| (၅) | စာမျက်နှာ | ၈၀ Pages |
| (၆) | စာအုပ်အဖုံး | စာအုပ်များ၏ နောက်ကျောဘက်အဖုံး (အပြင်ဘက်)တွင် သားသမီးဝတ်၊ တပည့်ဝတ်၊ မိဘဝတ်၊ ဆရာ့ဝတ်များနှင့် ရှေ့အဖုံးအတွင်းဘက်တွင် သချာၤအလီ (၁)မှ(၁၂)ထိကိုလည်းကောင်း၊ နောက်မျက်နှာဖုံးအတွင်းဘက်တွင် သချာၤအလီ(၁၃)မှ (၁၄)ကိုလည်းကောင်း ထည့်သွင်းရိုက်နှိပ်ရန်။ |

(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၀-၅-၂၀၁၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ ၁၆း၀၀ နာရီ

၃။ တင်ဒါပုံစံကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ လူမှုဌာနနှင့် ပဲခူးတိုင်းဒေသကြီး တိုင်းပညာရေးညွှန်ကြားရေးမှူးရုံး၊ ပဲခူးမြို့တွင် ၃၀-၄-၂၀၁၅ ရက်မှစ၍ ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၅၂- ၂၂၀၁၈၁၄၊ ၀၅၂-၂၂၁၁၉၁ တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။ **အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)
## တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁)
# တည်ဆောက်ရေးပစ္စည်းတင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်(၃)၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်

(က) ကချင်ပြည်နယ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တံတားတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဘိလပ်မြေ၊ သံချောင်းလုံးရှယ်စုံ၊ တောသစ်၊ မြစ်ကျောက်စရစ်၊ မြစ်သဲများအား မြန်မာငွေဖြင့် ဝယ်ယူလိုပါသည်။

- **တင်ဒါလျှောက်လွှာ စတင်ရယူနိုင်သည့်ရက်** - ၉-၅-၂၀၁၅ ရက်
- **တင်ဒါတင်သွင်းရမည့်ရက်၊အချိန်** - ၂၅-၅-၂၀၁၅ ရက်၊ နံနက်၁၀း၀၀နာရီ
- **တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၂၅-၅-၂၀၁၅ ရက်၊ နံနက် ၁၁း၀၀နာရီ
- **တင်ဒါတင်သွင်းရမည့်နေရာ** - ဒုညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၁)၊ မြစ်ကြီးနားမြို့

(ခ) တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၁)၊ မြစ်ကြီးနားမြို့တွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၁)**
**ဖုန်း-၀၇၄-၂၂၁၉၇၊ ၀၉-၆၈၀၇၆၅၇၊ ၀၉-၂၅၃၇၈၈၂၀၀**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## ရှမ်းပြည်နယ်ဦးစီးမှူးရုံး
## တောင်ကြီးမြို့
# ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးပရိဘောဂပစ္စည်းများအား တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရှမ်းပြည်နယ် ဦးစီးမှူးရုံးမှ လိုအပ်သော ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးပရိဘောဂပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| (၁) | e-Government လုပ်ငန်းနှင့် ဆက်စပ်ပစ္စည်းများ | (၅) လုံး |
| (၂) | All in Printer | (၅) လုံး |
| (၃) | Extension | (၅) လုံး |
| (၄) | ADSL modern | (၅) လုံး |
| (၅) | Router | (၅) လုံး |
| (၆) | WPS | (၅) လုံး |
| (၇) | Network Configuration | (၅) လုံး |
| (၈) | Fax | (၃) လုံး |
| (၉) | Computer နှင့် ဆက်စပ်ပစ္စည်းများ | (၂) လုံး |
| (၁၀) | Printer | (၂) လုံး |
| (၁၁) | အရာရှိစားပွဲနှင့်ကုလားထိုင်(ကျွန်း) | (၇) စုံ |
| (၁၂) | စာရေးစားပွဲနှင့်ကုလားထိုင်(ကျွန်း) | (၁၀) စုံ |
| (၁၃) | ဗီရို(ကျွန်း) | (၅) စုံ |
| (၁၄) | ကွန်ပျူတာတင်စားပွဲ(ကြိတ်သား)နှင့် ကုလားထိုင်(ကျွန်း) | (၇) စုံ |

၂။ **တင်ဒါရောင်းချမည့်ရက်နှင့် တင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန်** - ကြော်ငြာပါသည့်ရက်မှ ၅-၅-၂၀၁၅ ရက်မှ ၅-၆-၂၀၁၅ရက်အထိ
**နောက်ဆုံးတင်သွင်းရမည့်ရက်နှင့်အချိန်** - ၅-၆-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီအတွင်း

၃။ တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်အား တင်ဒါတင်သွင်းသူထံ ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

**ပြည်နယ်ဦးစီးမှူး**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၀၆၇၄၂၊ ၀၈၁-၂၀၆၈၂၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သာသနာရေးဝန်ကြီးဌာန
## သာသနာရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (ငွေလုံးငွေရင်း) အသုံးစရိတ်ရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အဆောက်အအုံအမျိုးအစား |
|---|---|---|
| (၁) | ရန်ကုန် | မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားဝင်းအတွင်း ပထမပြန်စာမေးပွဲပုစ္ဆာကဆောင် (၉၀'×၄၈'×၂၄') (RC-၂ထပ်) |
| (၂) | ရန်ကုန် | မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားဝင်းအတွင်း ဓမ္မာစရိယ စာမေးပွဲပုစ္ဆာကဆောင် (၆၀'×၄၈'×၂၄') (RC-၂ထပ်) |

**တင်ဒါပုံစံရောင်းချမည့်ရက်/အချိန်** - ၁၁-၅-၂၀၁၅ ရက်မှ ၂၉-၅-၂၀၁၅ ရက်အထိ ၀၉း၀၀နာရီမှ ၁၆း၀၀နာရီအထိ
**ရောင်းချမည့်နေရာ** - သာသနာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်
**တင်ဒါပုံစံတင်သွင်းရမည့်ရက်/အချိန်** - ၂-၆-၂၀၁၅ရက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ
**တင်ဒါဖွင့်မည့်နေရာနှင့်အချိန်** - သာသနာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော် ၂-၆-၂၀၁၅ ရက်၊ မွန်းလွဲ ၁ နာရီ

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက သာသနာရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနခွဲ၊ ဖုန်း-၀၆၇-၄၀၆၂၃၂၊ ၀၆၇-၄၀၆၀၄၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သာသနာရေးဦးစီးဌာန**

# အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ် ၄

| | | |
|---|---|---|
| ဦးအောင်လှဝင်း (၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်ယဉ်ယဉ်သိန်းမောင်) | **နှင့်** | ဒေါ်ကြည်မြိုင် (၎င်း၏ ကိုယ်စားလှယ်စာရသူ ဒေါ်သင်းသင်းနွယ်)ပါ ၂ |
| **တရားလို** | | **တရားပြိုင်များ** |

၁။ ဒေါ်ကြည်မြိုင် (၎င်း၏ကိုယ်စားလှယ်စာရသူ ဒေါ်သင်းသင်းနွယ် အမှတ် ၈/၁၅၂၊ ၆၈ လမ်း၊ ၄၀လမ်းနှင့် သဇင်လမ်းကြား၊ ခိုင်လီကြက်ချဉ်စပ်နှင့် မျက်စောင်းထိုး၊ အနောက်ဘက်လှည့် ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဦးအောင်လှဝင်းက ဤရုံးသို့ မန္တလေးခရိုင်တရားရုံးမကြီး ၁၇၆/၂၀၁၃ အမှုအား ရုံးပြောင်းပေးပါရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ ခုနှစ် မေ ၂၁ရက် (၁၃၇၇ခုနှစ် နယုန်လဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် မေ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(တင်ထွေးဦး)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
### မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
### ရေဆင်း၊ နေပြည်တော်

# ဘွဲ့လွန်သင်တန်းသားများခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ရေဆင်း-နေပြည်တော်)တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် အောက်ဖော်ပြပါ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့သင်တန်း၊ တိရစ္ဆာန်ဆေးပညာမဟာဘွဲ့သင်တန်း၊ ပါရဂူဘွဲ့သင်တန်းများ ဖွင့်လှစ်ရန်ရှိပါသဖြင့် လျှောက်လွှာများခေါ်ယူအပ်ပါသည်-

| စဉ် | ဖွင့်လှစ်မည့်ဌာန | ဖွင့်လှစ်မည့်သင်တန်းများ | အခြေခံဘွဲ့လိုအပ်ချက် |
|---|---|---|---|
| ၁ | ဆေးပညာဌာန | ၁။ M.V.Sc.(Medicine)<br>၂။ M.V.M.(Medicine)<br>၃။ Ph.D,(Medicine) | B.V.S./B.V.Sc.<br>B.V.S./B.V.Sc.<br>M.V.Sc. (Medicine) |
| ၂ | ခွဲစိတ်ကုနှင့်မျိုးပွားပညာဌာန | ၁။ M.V.Sc.(Animal Reproduction)<br>၂။ M.V.M.(Surgery)<br>၃။ Ph.D,(Animal Reproduction) | B.V.S./B.V.Sc.<br>B.V.S./B.V.Sc.<br>M.V.Sc.(Animal Reproduction) |
| ၃ | မွေးမြူရေးပညာဌာန | ၁။ M.V.Sc.(Animal Production)<br>၂။ M.V.Sc.(Animal Nutrition)<br>၃။ Ph.D,(Animal Production)<br>၄။ Ph.D,(Animal Nutrition) | B.V.S./B.V.Sc.<br>B.V.S./B.V.Sc.<br>M.V.Sc.(Animal Production)<br>M.V.Sc.(Animal Nutrition) |
| ၄ | ရောဂါဗေဒနှင့် အဏုဇီဝဗေဒဌာန | ၁။ M.V.Sc.(Pathology)<br>၂။ M.V.Sc.(Microbiology)<br>၃။ Ph.D.(Microbiology) | B.V.S./B.V.Sc.<br>B.V.S./B.V.Sc.<br>M.V.Sc.(Microbiology) |
| ၅ | ဆေးဝါးဗေဒနှင့် ကပ်ပါးဗေဒဌာန | ၁။ M.V.Sc.(Pharmacology)<br>၂။ M.V.Sc.(Parasitology)<br>၃။ M.V.Sc.(Public Health)<br>၄။ M.V.Sc.(Epidemiology)<br>၅။ Ph.D.(Pharmacology)<br>၆။ Ph.D.(Epidemiology)<br>၇။ Ph.D.(Public Health)<br>၈။ Ph.D.(Parasitology) | B.V.S./B.V.Sc.<br>B.V.S./B.V.Sc.<br>B.V.S./B.V.Sc.<br>B.V.S./B.V.Sc.<br>M.V.Sc.(Pharmacology)<br>M.V.Sc.(Epidemiology)<br>M.V.Sc.(Public Health)<br>M.V.Sc.(Parasitology) |
| ၆ | ဇီဝကမ္မဗေဒနှင့် ဇီဝဓာတုဗေဒဌာန | ၁။ M.V.Sc.(Physiology)<br>၂။ M.V.Sc.(Biochemistry)<br>၃။ M.V.M.(Clinical Pathology)<br>၄။ Ph.D.(Physiology)<br>၅။ Ph.D.(Biochemistry) | B.V.S/B.V.Sc.<br>B.V.S/B.V.Sc.<br>B.V.S/B.V.Sc.<br>M.V.Sc.(Physiology)<br>M.V.Sc.(Biochemistry) |
| ၇။ | ခန္ဓာဗေဒဌာန | ၁။ M.V.Sc.(Anatomy)<br>၂။ M.V.Sc.(Histopathology)<br>၃။ Ph.D.(Anatomy)<br>၄။ Ph.D(Histopathology) | B.V.S/B.V.Sc.<br>B.V.S/B.V.Sc.<br>M.V.Sc.(Anatomy)<br>M.V.Sc.(Histopathology) |

၂။ သင်တန်းဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်-

(က) လျှောက်ထားသူနှင့်၎င်း၏မိဘနှစ်ပါး(၃)ဦးစလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊မိတ္တူတင်ပြနိုင်ရမည်။)

(ခ) ဘွဲ့လိုအပ်ချက်မှာ အထက်ပါဇယားတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်ပါသည်။

(ဂ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ)ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်မူရင်းတင်ပြရမည်။

(င) ဤတက္ကသိုလ်တွင် တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့ (M.V.Sc.)သင်တန်းတက်ရောက်နေဆဲသင်တန်းသားများသည် ၁၈-၅-၂၀၁၅ ရက်တွင် တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့ကျမ်း ရေးသားပြုစုပြီးကြောင်း သက်ဆိုင်ရာပါမောက္ခ/ဌာနမှူး၏ ထောက်ခံစာတင်ပြနိုင်ပါက ပါရဂူဘွဲ့(Ph.D.)သင်တန်းကို လျှောက်ထားခွင့်ပြုမည်။

(စ) တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့(M.V.Sc.)သင်တန်းနှင့် တိရစ္ဆာန်ဆေးပညာမဟာဘွဲ့ (M.V.M.)သင်တန်းများအတွက် သင်တန်းကာလ(၂)နှစ်နှင့် ပါရဂူဘွဲ့(Ph.D.) သင်တန်းကာလမှာ (၃)နှစ်ဖြစ်ပြီး သင်တန်းသို့အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။

(ဆ) တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့(M.V.Sc.)သင်တန်းအတွက် B.V.S/B.V.Sc. ဘွဲ့ရရှိသူများသည် လျှောက်ထားသည့် အထူးပြုဘာသာရပ်တွင် အနိမ့်ဆုံး Grade-4 (သို့မဟုတ်)အမှတ်(၆၅)မှတ်စီ ရရှိရမည်။

(ဇ) တိရစ္ဆာန်ဆေးပညာမဟာဘွဲ့(M.V.M.)သင်တန်းအတွက် B.V.S/B.V.Sc. ဘွဲ့ရရှိသူများသည် လျှောက်ထားသည့် အထူးပြုဘာသာရပ်နှင့် ဆက်နွယ်သည့် ဘာသာရပ်တစ်ခုတို့တွင် အနိမ့်ဆုံးGrade-4 (သို့မဟုတ်) အမှတ်(၆၅) မှတ်စီရရှိရမည်။

(ဈ) ပါရဂူဘွဲ့သင်တန်းအတွက် B.V.S./B.V.Sc. အခြေခံဘွဲ့ရရှိထားပြီး Veterinary Science Subject တစ်ခုခုဖြင့် ပြည်တွင်းပြည်ပတက္ကသိုလ်တစ်ခုခုမှ Master ဘွဲ့ရရှိရမည်။

(ည) အထက်ဖော်ပြပါအချက်များနှင့်ပြည့်စုံသူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ စစ်ဆေးမည့်ဘွဲ့လွန်သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲ(အင်္ဂလိပ်စာနှင့် သက်ဆိုင်ရာဘာသာရပ်)ကို ဝင်ရောက်ဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်စွာ ဖြေဆိုနိုင်သူများကိုသာ လူတွေ့နှုတ်ဖြေစာမေးပွဲဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။

၃။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း၊ ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ၊ အောင်မြင်ခဲ့သောတက္ကသိုလ်မှ ဘွဲ့လက်မှတ်မူရင်းနှင့် မိတ္တူတို့ကို တင်ပြရမည်။

၄။ လျှောက်လွှာပုံစံများကို ၁၈-၅-၂၀၁၅ ရက်(တနင်္လာနေ့)မှစ၍ ရေဆင်း၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် ရယူနိုင်ပြီး လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် ၅-၆-၂၀၁၅ ရက်(သောကြာနေ့)ညနေ ၄း၀၀ နာရီ နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါအချက်များအား စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ထုတ်ပေးမည်။

၅။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်။

| စဉ် | ဘာသာရပ် | ရက်စွဲ | အချိန် |
|---|---|---|---|
| (က) | အင်္ဂလိပ်စာ | ၈-၆-၂၀၁၅ ရက်(တနင်္လာနေ့) | ၉ နာရီမှ ၁၂ နာရီ |
| (ခ) | သက်ဆိုင်ရာဘာသာရပ် | ၉-၆-၂၀၁၅ရက်(အင်္ဂါနေ့) | ၉ နာရီမှ ၁၂ နာရီ |

၆။ ရေးဖြေစာမေးပွဲအောင်စာရင်းကို ၁၅-၆-၂၀၁၅ ရက် (တနင်္လာနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူ သူများအား ၂၀-၆-၂၀၁၅ ရက် (စနေနေ့)တွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ လူတွေ့စစ်ဆေးမည်။ ဘွဲ့လွန်သင်တန်း တက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၂၁-၆-၂၀၁၅ ရက် (တနင်္ဂနွေနေ့)တွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ ထုတ်ပြန်မည်။

၇။ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့သင်တန်း၊ တိရစ္ဆာန်ဆေးပညာမဟာဘွဲ့သင်တန်းနှင့် ပါရဂူဘွဲ့သင်တန်းများကို ၂၂-၆-၂၀၁၅ ရက် (တနင်္လာနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်းယူဆောင်လာရမည်။

၉။ သတ်မှတ်ထားသည့် အချက်အလက်များတိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၁၀။အသေးစိတ်အချက်အလက်များသိရှိလိုပါက မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၆၆၅၉၊ ၀၆၇-၄၁၆၅၂၆ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

### လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### စိုက်ပျိုးရေးဦးစီးဌာန

# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနရှိ ဌာနခွဲများတွင် ဆောက်လုပ်ရန်လိုအပ်သော အောက်ပါ အဆောက်အအုံများနှင့် ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဆောက်လုပ်/ဝယ်ယူရန်ရှိပါသည်။

| စဉ် | အမျိုးအစား | အရွယ်အစား | အရေအတွက် |
|---|---|---|---|
| ၁။ | Primary Hardening အဆောက်အအုံ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း | (၆၀'×၃၀'×၁၂') | ၁ လုံး |
| ၂။ | ဓာတ်ခွဲခန်း(မျိုးစေ့အရည်အသွေးစစ်ဆေးရေး) သွပ်မိုး(RC)တစ်ထပ် | (၄၀'×၃၀'×၁၂') | ၁ လုံး |
| ၃။ | မျိုးစေ့သန့်စင်စက်ရုံ သွပ်မိုး(RC)တစ်ထပ် | (၂၀၀'×၅၀'×၃၀') | ၁ လုံး |
| ၄။ | အမိုးပါမျိုးစေ့လှန်းတလင်း | (၆၀'×၁၀၀'×၁၄') | ၅ လုံး |
| ၅။ | 11/0.4, 315 KVA Transformer | | ၁ လုံး |
| ၆။ | Transformer တပ်ဆင်ခြင်းနှင့် Main Line တပ်ဆင်ခြင်း | | ၁ Lot |
| ၇။ | Overhead Line တပ်ဆင်ခြင်း | | ၁ Lot |
| ၈။ | Kubota Tractor (HP, 47) | | ၁ လုံး |
| ၉။ | Combine Harvester (Kubota), | | ၃ လုံး |
| ၁၀။ | Processing Plant SCREEN CLEANER WITH GRAVITY TABLE | | (၆) Nos |
| ၁၁။ | Testing Instrument and Apparatus အစိတ်အပိုင်း(၁၉)မျိုး | | ၁ Lot |
| ၁၂။ | Seed Processing | | ၁ Lot |

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၅-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၈-၅-၂၀၁၅ရက် (၁၁း၀၀)နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါရုံးလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ**
**စိုက်ပျိုးရေးဦးစီးဌာန**
**ရုံးအမှတ်(၄၃)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၉၇**

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှဓာတ်အားခွဲရုံများအတွက် လိုအပ်သော Communication Equipment များကိုမြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်းလာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၁-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၈-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မြစ်ကြီးနားမြို့၊ အောင်နန်းရပ်ကွက်၊ ဦးပိုင်အမှတ်(၂၂)၊ အကွက်အမှတ်(၃၉)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်သည် ဒေါ်မဲကျော် MKA-၀၀၇၉၆၄ အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၂၆၈၉(V) (၈၉-၉၀)အရ ၃၀-၆-၂၀၂၀ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ရာ မြေငှားဂရန်အမည်ပေါက်သူ ဒေါ်မဲကျော်မှာ ၂၃-၁၂-၂၀၁၁ ရက်တွင် ကွယ်လွန်သွားခဲ့ပြီး မြေငှားဂရန်မူရင်းသည် ပျောက်ဆုံးသွားခဲ့သဖြင့် သားဦးစိုင်းမြသန်း ၁/မကန(နိုင်)၀၁၆၇၈၆ က မိတ္တူကူးယူခွင့်ပြုရန် တင်ပြတောင်းခံ လျှောက်ထားလာပါသည်။

ယင်းမြေငှားဂရန်မိတ္တူကူးယူခွင့် လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ကာလအတွင်း ကန့်ကွက်သူများမရှိပါက ပျောက်ဆုံးသွားသည်ဟု တင်ပြသော မြေငှားဂရန်မူရင်းကိုပယ်ဖျက်၍ မြေငှားဂရန်မိတ္တူကူးယူခွင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## မြေကွက်များ ဝယ်လိုသည်

**ဒဂုံတောင်ပိုင်း-ဒဂုံဆိပ်ကမ်း**
**ဖုန်း-၀၉-၄၉၃၃၉၃၅၄၊**
**၀၉-၄၂၅၂၈၉၀၀၃**

## အမြန်ရောင်းမည်

ဘောက်ထော် အဝေရာလမ်း၊ (၄၂ပေ× ပေ၆၀)ဂရန်အမည်ပေါက် ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၈၉၁၆၆၀၅**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးထွန်းထွန်း၏သား နေပြည်တော်၊ ပျဉ်းမနား အထက (၁)၊ ပဥ္စမတန်း(A)မှ မောင်သက်ပိုင်လင်း ၉/ပမန(နိုင်)၂၈၀၇၆၇ နှင့် မောင်မင်းထက်မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်သက်ပိုင်လင်း(ခ)**
**မောင်မင်းထက်**

## အမည်မှန်

မန်စီမြို့၊မောရဝတီရပ်ကွက်နေ ဦးထွန်းစိန်၏သား အထက-မန်စီ ပထမတန်းမှ မောင်စိုင်းစိုင်ဝမ်း၏ အမည်မှန်မှာ မောင်စိုင်းဆိုင်ဝမ်းဖြစ်ပါကြောင်း။

**မောင်စိုင်းဆိုင်ဝမ်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ခွန်ဇာနည်ဟိန်း ၁၃/ပလန (နိုင်)၀၈၄၈၀၃ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၄၆၅၅၇၇၀**

## မိဘအမည်မှန်

ရပ်စောက်မြို့၊ ဆတ်သေကျေးရွာ အထက၊ နဝမတန်းမှ ခွန်ရဲနောင်၏ မိဘအမည်မှန်မှာ ခွန်တီးလား-ဒေါ်နန်းအစ် ဖြစ်ပါကြောင်း။

**ခွန်တီးလား-ဒေါ်နန်းအစ်**

## ဖခင်အမည်မှန်

မိုးနဲမြို့နယ်၊ အထက၊ အဋ္ဌမတန်း(ခ) မှ နန်းဟွမ်ဟိန်းဇက်၏ ဖခင်အမည်မှန်မှာ စိုင်းထွန်းလင်း ၁၃/လလန(နိုင်)၀၀၆၁၂၂ ဖြစ်ပါကြောင်း။ **စိုင်းထွန်းလင်း**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၄၀ယ/၈၉၆၀၆ NUL-ANG ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းနိုင် ၇/ပမန(နိုင်)၁၅၉၅၅၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (လွိုင်လင်)**

## မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)
## ဝိနယပိဋကမဟာဌာန ဂဏဝါစ ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒဝရအား
## ဂုဏ်ပူဇော်မင်္ဂလာပွဲနှင့် သာသနာဝင်ရွှေရတုမင်္ဂလာနှစ်
## ရန်ကုန်မြို့၊ ဗဟန်း၊ အာဇာနည်လမ်းရှိ
## ဘီအိုစီပိဋကတ်တိုက်ကျောင်းနာယကဆရာတော်
## အလှူမင်္ဂလာ

မြောင်းမြမြို့နယ်ဖွား ဘဒ္ဒန္တစန္ဒဝရ အရှင်သူမြတ်အား ရန်ကုန်မြို့နိုင်ငံတော်ပရိယတ္တိသာသနာတက္ကသိုလ်မှ သာသနာတက္ကသိုလ်မှ သာသနာတက္ကသီလဓမ္မပါရဂူ(Ph.D)ဒေါက်တာဘွဲ့တံဆိပ်တော်ချီးမြှောက်ကြောင်း ကြားသိရသဖြင့် မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)မှ အနီး/အဝေး တပည့်သံဃာ ဒါယကာ၊ဒါယိကာမများ၊ အသင်းသူ/အသင်းသားများတို့မှာ အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဒေါက်တာဘဒ္ဒန္တစန္ဒဝရ အရှင်သူမြတ်ကို ဂုဏ်ပူဇော်မင်္ဂလာနှင့် သာသနာဝင်နှစ်ရွှေရတုအထိမ်းအမှတ် အလှူမင်္ဂလာပွဲကို မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)နှင့် တပည့်ဒါယကာ-ဒါယိကာမ အပေါင်းတို့က အောက်ပါအတိုင်း စည်ကားသိုက်မြိုက်စွာ ပူဇော်မည်ဖြစ်ပါသောကြောင့်အလှူတော်မင်္ဂလာပွဲသို့ တက်ရောက်ပူဇော်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**မင်္ဂလာပွဲကျင်းပမည့်နေရာ** - ဘီအိုစီပိဋကတ်တိုက်ကျောင်း၊ အာဇာနည်လမ်း၊ ဗဟန်း၊ ရန်ကုန်။

**မင်္ဂလာပွဲကျင်းပမည့်ရက်** - ၁၃၇၇ ခုနှစ် ကဆုန်လကွယ်နေ့၊ ၁၇-၅-၂၀၁၅ ရက်၊ တနင်္ဂနွေနေ့

**မင်္ဂလာပွဲကျင်းပမည့်အစီအစဉ်** - နံနက် ၅း၃၀နာရီ အရုဏ်ဆွမ်းကပ်လှူပါမည်။

**မင်္ဂလာပွဲဧည့်ခံကျွေးမွေးခြင်းအစီအစဉ်** - နံနက်၉း၀၀မှ ၁၂း၀၀နာရီ

**သံဃာတော်များနေ့ဆွမ်းကပ်လှူခြင်း** - နံနက် ၁၀း၃၀ နာရီ

**ဂုဏ်ပူဇာနှင့်ရေစက်ချတရားတော်နာခြင်း** - မွန်းလွဲ၁း၀၀နာရီ

**(သံဃာတော်အပါး(၁၂၀)ကိုလှူဒါန်းဖွယ်အဖြာဖြာဖြင့် ကပ်လှူပါမည်။)**

**(မြို့နယ်အသင်းအမှုဆောင်အဖွဲ့)**

---

## စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုဘုရားလမ်းနေ
ဦးစံထွေး(Managing Director-Elysium Trading Pte.,Ltd. Singapore)-
ဒေါ်ခင်သန်းနု(Managing Director -နန်းထိုက်သူဟိုတယ်-မကွေးမြို့) တို့၏သားကြီး

### ဗိုလ်ဇော်မော်ဟိန်း
### M.B.,B.S (D.S.M.A)
နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်းနေ
ဗိုလ်မှူးဝင်းမြတ်(ငြိမ်း)(Managing Director Toe Tet Toe Co.,Ltd.)-
ဒေါ်ယုယုလှိုင် (အ.ထ.ပြ-ငြိမ်း)တို့၏သမီးငယ်

### မမြတ်ယုဇနလှိုင်
### B.A(Russia) (YUFL)
### M.B.A (YIE)

တို့၏ ၁-၅-၂၀၁၅ ရက် (သောကြာနေ့)တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပသောစုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာသဘင် နာယကအဖြစ် စုလျားရစ်ပတ်လက်ထပ်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) မဟာသရေစည်သူ ဦးခင်မောင်သန်းနှင့်ဇနီးဒေါ်မာလာတင့်၊ ဘိသိက်အောင်မင်္ဂလာပန်းကုံး ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဗိုလ်ချုပ်(ငြိမ်း) ဇေယျကျော်ထင်ဦးဝင်းလှိုင်နှင့် ဇနီးဒေါ်ထုဆိုင်တို့အားလည်းကောင်း၊ ၃၀-၄-၂၀၁၅ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ရုံးချုပ်၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ဒေါ်သင်းသင်းနွဲ့၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးကြပါသော ဦးဘုန်းမြတ်လှိုင်နှင့် ဦးခင်မောင်သိန်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာပန်းကြဲပေးပါသော မမယ်မဒီမင်းဇေယျာနှင့် မရွှေဘုံစံမင်းဇေယျာ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မအိသန္တာခင်နှင့် မချစ်မြတ်နိုးဇော်၊ သတို့သားအရံဗိုလ်ကောင်းလင်းသူနှင့် မောင်ရန်လင်းအောင်၊ သတို့သမီးအရံ မအိဖြူစင်သန့်နှင့် မလှိုင်ထက်သက်၊ မေတ္တာဖြင့် ရတနာအလှဆင်မြန်းပေးပါသော (She Shines Gems & Jewellery) တို့အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးနှင့် မင်္ဂလာတေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးကြသော ဒေါ်ရီရီသန့်နှင့်အဖွဲ့၊ အကဖြင့်တင်ဆက်ပေးပါသော ရွှေရည်အကအဖွဲ့၊ မင်္ဂလာ ဝတ်စုံချုပ်လုပ်ဆင်မြန်းပေးသော Designerဦးတွတ် (ဗိုလ်ချုပ်ဈေး)၊ မိတ်ကပ်နှင့်ဆံပင်အလှ မေဦးနှင့်အဖွဲ့၊ မင်္ဂလာအခမ်းအနား ပြင်ဆင်ပေးပါသော ကိုမင်းသူ၊ ကိုကိုကြီး၊ သမီးဝင်းစန္ဒာကြီးနှင့်အဖွဲ့၊ ပန်းအလှဆင်ပေးပါသော (Eternal Floral Service)၊ ဗီဒီယိုနှင့်မှတ်တမ်းတင်ဓာတ်ပုံ Exposure ကိုနိုင်နိုင်ထွန်း၊ မေတ္တာဖြင့် ဓာတ်ပုံများကို(LCD Board)များနှင့်ပြသပေးပါသော Myanmar Creative Idea မှ ကိုကောင်းမြတ်လှိုင်၊ ကိုအာကာမျိုးကျော်နှင့်အဖွဲ့အားလည်းကောင်း၊ နံနက်ပိုင်းမင်္ဂလာဧည့်ခံပွဲ၌ အကျွေးအမွေးများဖြင့် တည်ခင်းဧည့်ခံပေးပါသော Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ညပိုင်း Chatrium Hotel ၌ ပြုလုပ်သော မင်္ဂလာညစာစားပွဲ၌ တေးဂီတများဖြင့် ဖျော်ဖြေပေးပါသော စန္ဒာရား သိန်းထိုက်အောင် တေးဂီတအဖွဲ့၊ အကျွေးအမွေးများဖြင့် တည်ခင်းဧည့်ခံပေးပါသော Chatrium Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်း ကောင်း၊ မင်္ဂလာဧည့်ခံပွဲနှင့် ညစာစားပွဲသို့ကြွရောက်၍ မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြသော ဆရာသမားများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ဗိုလ်သင်တန်းအမှတ်စဉ်(၆၃) သူရတပ်ခွဲမှ ကျောင်းဆင်းအရာရှိများနှင့် မိသားစုများ၊ မင်္ဂလာအခမ်းအနား ဖြစ်မြောက်အောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော နှစ်ဖက်ဆွေမျိုးများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိအပ်ပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ဇော်မော်ဟိန်း-မမြတ်ယုဇနလှိုင်**

---

## မြောက်ဦးဆရာတော်၏ (၄၅)ကြိမ်မြောက်(ရန်ကုန်)
## အထူးအလုပ်ပေးတရားစခန်း

**နေရာ** - ရတနာမာရ်အောင်တောရဓမ္မရိပ်သာ၊ နွယ်သာကီလမ်း၊ ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ (အမှတ် ၃ လမ်းမကြီး၊ ရခိုင်ကျောင်းမှတ်တိုင်တွင်ဆင်းပါ။)

**တရားစခန်းရက်** - ၁၃၇၇ ခုနှစ်၊ နယုန်လဆန်း(၅)ရက်မှ နယုန်လပြည့်နေ့ထိ (၂၂-၅-၂၀၁၅ ရက်မှ ၁-၆-၂၀၁၅)ရက်အထိ

**စာရင်းလက်ခံမည့်ရက်** - ၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော်(၁၄)ရက် (၁၆-၅-၂၀၁၅)ရက်၊ (နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ)

**မှတ်ချက်။** တရားစခန်းဝင်မည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ဖြင့် စာရင်းပေးသွင်းပါရန်နှင့် ဆွမ်းစရိတ်ငွေ ၅၀၀၀ိ/ ကျပ်ကို တစ်ပါတည်းပေးသွင်းပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဓမ္မဝန်ဆောင်အဖွဲ့(ရန်ကုန်)**
**ဖုန်း-၀၉-၄၂၁၁၄၃၂၁၀၊ ၀၉-၄၄၈၀၃၂၂၇၈**

---

## နှစ်(၉၀)ပြည့် မွေးနေ့မင်္ဂလာဆုတောင်း

၉-၅-၂၀၁၅ ရက်တွင် ကျရောက်သော ချစ်မာမီဒေါ်ကြည်ကြည်(ခ) ဟာဂျီဘီဘီအစ်ပါဟာနီ၏ နှစ်(၉၀)ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင်အောင် ချစ်သား၊ သမီးများနှင့်အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း၊ လိုအင်ဆန္ဒများပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းများတောင်းပါသည်။

**ချစ်သမီး - ဇိနက်မြင့် (U.S.A)**
**ချစ်သားကြီး - သားမောင်မောင်တာ(U.S.A)**
**ချစ်သားငယ် - ဆန်နီ**

---

## ကြေး/မြေ အရာရှိ ၁၅၀ မိတ်ဆုံစားပွဲ ဖိတ်ကြားခြင်း

ကြေး/မြေဌာနကြီးသို့ ၁၉၇၆ ခုနှစ်တွင် အတူတကွ ဝင်ရောက်ခဲ့ကြသော အရာရှိ(၁၅၀)၏ တတိယအကြိမ်မြောက် ပြန်လည်တွေ့ဆုံပွဲကို ၆-၆-၂၀၁၅ ရက်၊ (စနေနေ့) နံနက် ၀၉း၀၀နာရီမှ ၁၂း၀၀နာရီအထိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် M.3 Restaurant တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ သက်ရှိထင်ရှားကျန်ရစ်သူ သူငယ်ချင်းအားလုံး မပျက်မကွက်တက်ရောက်ပေးပါရန် ချစ်ခင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။ **(မိတ်ဆုံစားပွဲအတွက် အလှူငွေနှင့် ပစ္စည်းများ ထည့်ဝင်လိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။)**

**ဦးသန်း ဖုန်း-၀၉-၄၃၂၀၀၉၀၄၊ ဦးစောလှိုင် ဖုန်း-၀၉-၅၁၄၀၇၁၃၊ ဦးခင်မောင်ဗိုလ် ဖုန်း-၀၉-၄၉၀၃၀၂၀၈၊ ဦးအေးမောင်စိန် ဖုန်း-၀၉-၄၂၀၇၀၀၉၃၉၊ ဦးကျင်ထွန်း ဖုန်း-၀၉-၅၀၂၂၇၈၀၊ ဦးဇော်မင်း ဖုန်း-၀၉-၅၃၅၂၄၁၈၊ ဦးဖေသန်း ဖုန်း-၀၉-၅၀၄၆၂၇၄၊ ဦးခင်မောင် ဖုန်း-၀၉-၂၅၄၃၄၅၃၈၄**

**၁၅၀ မိတ်ဆုံပွဲကျင်းပရေးဗဟိုကော်မတီ၊ ရန်ကုန်မြို့**

---

## ဝန်ထမ်းအလိုရှိသည်

**အမှတ်(18)၊ စံရိပ်ငြိမ်(၆)လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**01-527047, 09-73065946, 09-49437591**

- ဖျတ်လတ်တက်ကြွ၍ ဆေးဝါးနှင့်စပ်လျဉ်းသော လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် အခွင့်အရေး
- ခရီး တို/ရှည်သွားလာ၍ Medical နှင့် လူပုဂ္ဂိုလ်များနှင့် ပြောဆိုဆက်ဆံရင်းနှီးမှုရရှိနိုင်မည့်အခွင့်အရေးများနှင့် လုပ်ကိုင်ဆောင်ရွက်ရန် စိတ်ဝင်စားသူ Medical Representative များ အမြန်အလိုရှိသည်။

လျှောက်ထားသူများသည် ဘွဲ့ရပြီးသူဖြစ်ရမည့်အပြင် ကိုယ်ရေးရာဇဝင်အပြည့်အစုံ၊ မှတ်ပုံတင်မိတ္တူ၊ ဘွဲ့လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်လက်မှတ်မိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာအပြည့်အစုံနှင့်အတူ ၃၁-၅-၂၀၁၅ နောက်ဆုံးထားပြီး အထက်ဖော်ပြပါလိပ်စာသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

---

### ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း
## ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း-၂၂)
### ကလေးခရိုင်တရားရုံးတော်၌
### ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်(၁၀)နှင့်ဆက်နွယ်သည့်
### ၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်(၆)

ဗန်ကုန် **တရားနိုင်** နှင့် ဦးခင်ဟွန့်မုန် **တရားရှုံး**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ အိမ်အမှတ်(၅၃)၊ တပ်ဦးသီတာရပ်၊ နယ်မြေ(၅)ရပ်ကွက်နေ ဦးခင်ဟွန့်မုန်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၀တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးဗန်ကုန်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ ခုနှစ် မေ ၁၂ ရက် (၁၃၇၇ ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၅ ခုနှစ် ဧပြီ ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(မန်ဟောက်ချွန်)**
**ဒုတိယခရိုင်တရားသူကြီး**
**ကလေးခရိုင်တရားရုံး**

---

### အမည်မှန်

ကျိုင်းတုံမြို့၊ အထက(၃)၊ နဝမတန်းအောင်မှ မောင်ကျရှားတီ၏ အမည်မှန်မှာ မောင်ကျရှားတီနီယူမန် ၁၃/ကတန(နိုင်) ၁၈၃၈၁၇ ဖြစ်ပါကြောင်းနှင့် ၎င်း၏ဖခင်အမည်မှန်မှာ ဦးလာဇလု ၁၃/ကတန(နိုင်) ၀၁၂၀၀၂ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ကြောင်း

မုံရွာမြို့၊ အမှတ်(၂၈)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲတွင် တာဝန်ထမ်းဆောင်နေသော လ-၁၉၄၀၃၉ ရဲတပ်ကြပ်အောင်ကျော်သူ ၇/လပတ(နိုင်)၀၀၆၀၀၉နှင့်ဇော်ဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**အောင်ကျော်သူ(ခ)ဇော်ဦး**

### မိဘအမည်မှန်

ရမည်းသင်းမြို့နယ်၊ အုန်းသီးကွဲကျေးရွာ၊ မူလွန်ကျောင်း၊ သတ္တမတန်းမှ မောင်ကောင်းမြတ်ဇော်၏ မိဘအမည်မှန်မှာ ဦးသိန်းမြင့်နိုင်-ဒေါ်ခင်မိုးသူ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

ထီးချိုင့်မြို့၊ အ.ထ.က တက္ကသိုလ်ဝင်တန်းမှ မဝေဝေနွယ်၏ ဖခင်အမည်မှန်မှာ ဦးသိန်းစိုး ၅/ထခန(နိုင်)၀၃၀၇၂၆ ဖြစ်ပါကြောင်း။

### အမည်ပြောင်းခြင်း

ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ် တတိယနှစ် ဓာတုဗေဒကျောင်းသူ မလှလှခိုင်အား မလဲ့လဲ့ခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မလဲ့လဲ့ခိုင်**

## စားဖိုမှူး
## အလိုရှိသည်

တရုတ်အစားအစာ
ချက်ပြုတ်တတ်ရမည်။
လစာကျပ် တစ်သိန်းနှင့်
တစ်သိန်းခွဲကြားပေးမည်။
**ဖုန်း-၀၉-၅၁၅၇၅၆၅**

# အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၏ဖခင် ဦးယုစိန်(အသက်၈၆ နှစ်)သည် စင်ကာပူနိုင်ငံ၊ Mount Elizabeth ဆေးရုံကြီးတွင် (၅-၅-၂၀၁၅)နေ့ရက် ဒေသစံတော်ချိန် မွန်းလွဲ (၁၂း၅၂)နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ရခိုင်ယူနိုက်တက်အသင်းပိုင်ရှင်နှင့် အုပ်ချုပ်နည်းပြ၊ ကစားသမားများ၊ ဝန်ထမ်းများအနေဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရခိုင်ယူနိုက်တက်အသင်းပိုင်ရှင်**
**နှင့်**
**အုပ်ချုပ်နည်းပြ၊ ကစားသမားများ၊ ဝန်ထမ်းများ**

## အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိခင်ကြီး ဒေါ်စန်းရီသို့ (၁၆)နှစ်ပြည့် လွမ်းဆွတ် သတိရခြင်းနှင့် ဆုတောင်းမေတ္တာပို့သခြင်း

(၁၁-၅-၁၉၉၉-၁၁-၅-၂၀၁၅)

